နိုက်တင်ဂေးလ်

NIGHTINGALE

ကျန်းမာရေးဂျာနယ်

အတွဲ - ၁၊ အမှတ် - ၇၊ စက်တင်ဘာ၊ ၂၀၀၆ - ခုနှစ်

လွတ်မြောက်နယ်မြေမှ ကျန်းမာရေးလုပ်သားများ စုစည်းထုတ်ဝေသည်။

တွယ်ရာမဲ့များ၏ပွဲတင်သံ

(သို့ မ ဟု တ်)

မယ်တော်ဆေးခန်းရောက် ကျန်းမာရေးဒုက္ခသည်များ၏ ရင်တွင်းစကား

(၁)

အခုတလော မဲဆောက်-မြဝတီ ဂိတ်ပိတ်ထားသည့်အတွက် မြဝတီဘက်မှလူများ မဲဆောက်ဘက်သို့လာရန် ခက်ခဲသွား သလို မဲဆောက်ဘက်မှ လူများလည်း မြဝတီသို့သွားရန် ခက်ခဲသွားသည်။ သို့သော်လည်း မြဝတီဘက်မှ လူနာများမှာ ဆေးကုသမှု ခံယူရန်အတွက် နေ့စဉ် မယ်တော်ဆေးခန်းသို့ ရောက်လာကြစမြဲပင်။ အခက်အခဲများစွာ ရှိကြသည့်ကြားက လူနာများအနေနှင့်ကျန်းမာရေးအတွက် မဖြစ်မနေ၊မရောက်ရောက်အောင် ကြိုးစားကာ မယ်တော်ဆေးခန်းသို့ ဆေးဝါးကုသမှု လာရောက်ခံယူကြခြင်းမှာ မည်သည့် အကြောင်းကြောင့်နည်း။ ထိုလူနာများမှာ မည်သို့သော ရောဂါတွေ ဖြစ်နေသနည်း။ စသည့် သိလိုသော မေးခွန်းများအတွက် ရောက်ရှိလာသည့် လူနာအချို့ကိုမေးမြန်းစုံစမ်းဖြစ်ခဲ့ပါသည်။

'ကျနော်က မြဝတီမှာ နေတာပါ။ အခုကျနော့်အမျိုးသမီးငှက်ဖျားဖြစ်လို့ လာပြတာ။ ကျနော်က သစ်လုပ်တယ်။ သစ်လုပ်တယ်ဆိုတော့ တောထဲတောင်ထဲသွားရတာပေါ့။အရင်ကကျနော်ပဲသွားတာ။ အခုတခေါက်မှ ကျနော့်အမျိုးသမီး လိုက်လာတာ။ ဒီတကြိမ်ထဲနဲ့တင် ငှက်ဖျားမိလာတာပဲ။ ကျနော်ကတော့ခဏခဏဖြစ်တယ်။ ဒါပေမယ့် အိပ်ယာထဲလဲတဲ့အထိတော့ တခါမှ မဖြစ်ဖူးဘူး။ ငှက်ဖျားဆိုတာကတော့ ကျနော်တယောက်တည်းတင် ဘယ်ကမလဲ၊ ကျနော်နဲ့ အတူအလုပ်လုပ်တဲ့ လူအယောက်တိုင်း ငှက်ဖျားမိတာပဲ။ တချို့ကျတော့ ဆေးရုံ၊ ဆေးခန်းမှာကုကြပါတယ်။ တချို့ကျတော့ ကုက္ကိုရွက်ကိုဆားနဲ့ရောထောင်းပြီး အရည်ကို သောက်တယ်။ ကျနော်လည်း သောက်ဖူးတယ်။ အဖျားတော့ ပျောက်ပါတယ်။ ဒါပေမယ့် အမြစ်မပြတ်ဘူး။ ဘယ်တတ်နိုင်မှာလဲဗျာ၊ တောထဲတောင်ထဲမှာ ဆေးဝါးလည်း မရှိတော့ ဒီလိုပဲလုပ်ရတာပေါ့။ မြို့ပေါ်မှာကျတော့လည်း ဆေးတလုံးထိုးရင် တထောင်ကျော်နှစ်ထောင်ဆိုတော့ ကိုယ့်မှာရှိတာမှ မဟုတ်ဘဲ။ ပြီးတော့ ကျနော်တို့ဘက်မှာ ငှက်ဖျားဆိုရင်ကုလို့ မပျောက်တာ များတယ်။ တချို့ကျတော့ ပျောက်သွားကြပါတယ်။ အများစုပေါ့လေ မပျောက်ကြဘူး။ ဒါကြောင့် ဒီကိုလာဖို့ ဆုံးဖြတ်လိုက်တယ်။ လာသာလာရတာ၊ အရင်က တခါမှ လာဖူးတာ မဟုတ်ဘူး။ တချို့ သူငယ်ချင်းတွေက မယ်တော်ဆေးခန်းမှာ ငှက်ဖျားကို အမြစ်ပြတ်အောင် ကုနိုင်တယ်ဆိုလို့ ဟိုမေးဒီမေးပြီး ရောက်လာတာ။ သူတို့ပြောတဲ့ အတိုင်းပါပဲ၊ (၁၃)ရက်နေ့မှာ စရောက်တယ်။ (၁၄)ရက်နေ့ ကျတော့ ထူထူထောင်ထောင် ဖြစ်လာပြီ။ ပြီးတော့ နေထိုင်မှု စားသောက်ရေးတွေလည်း အဆင်ပြေတယ်။ အမှန်ကိုပြောရရင် ကျနော်က မြဝတီနယ်သား မဟုတ်ဘူး။ ပဲခူးဘက်ကလာတာ။ မိဘဘိုးဘွားအစဉ်အဆက်က လယ်လုပ်ငန်းကိုပဲ လုပ်ခဲ့တယ်။ ကျနော်ငယ်ငယ် ကတည်းက လယ်လုပ်ငန်းကိုပဲလုပ်ခဲ့တော့ငြီးငွေ့လာတယ်ဗျာ။ အဆင်လည်းမပြေဘူး။ ဒါကြောင့် အဆင်ပြေမယ်လို့ ထင်တဲ့ နယ်စပ်ကို တက်လာတာ။

စာမျက်နှာ (၅)သို့ ... ▸

အယ်ဒီတာချုပ် - ဒေါက်တာစင်သီယာမောင်
တာဝန်ခံအယ်ဒီတာ - ဒေါက်တာလွဏ်းဆွေ
အဖွဲ့ဝင်အယ်ဒီတာ - မန်းမန်းမန်း
- မန်းရွှေနှင်း
- စွမ်းမြိုင်
စီစဉ်သူ - နိုင်အေးလွင်
Layout & Design - ကျော်အဲနယ်
စာစီစာရိုက် - ကျော်မူးလာ

အ ယ် ဒီ တ ာ့ အ ာ ေ ဘ ာ်

လူသားဆိုင်ရာလုံခြုံရေးနှင့် လူသားအားလုံး၏တာဝန်

❐ မြန်မာနိုင်ငံ အရှေ့ဘက်ခြမ်း နယ်စပ်တလျှောက်တွင် လူဦးရေတသန်းခန့်သည် နယ်ခြားစည်းကို ဖြတ်ကျော်လျက် ထိုင်းနိုင်ငံအတွင်း ဒုက္ခသည်စခန်းများတွင်လည်းကောင်း၊ ရွှေ့ပြောင်းအလုပ်သမားများအဖြစ်လည်းကောင်း နေထိုင်လျက်ရှိကြောင်း ထိုင်းနိုင်ငံပြည်ထဲရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားပါသည်။

နယ်ခြားစည်းကို မကျော်ဖြတ်ဘဲ မိမိတို့၏ နေရင်းဒေသတွင် ဆက်လက်နေထိုင်ကြသော ပြည်တွင်းရွှေ့ပြောင်းလူထုအရေအတွက်မှာ ၅ သိန်းခန့်ရှိမည်ဟု ထိုင်း–မြန်မာနယ်စပ်ရွှေ့ပြောင်းလူထုကူညီပံ့ပိုးမှုဆိုင်ရာအဖွဲ့ချုပ်၏ ၂၀၀၄ ခုနှစ်အစီရင်ခံစာတွင် ဖော်ပြထားပါသည်။ ထိုပြည်သူလူထုတို့သည် နှစ်ပေါင်း ၅၀ ကျော်ကြာ နိုင်ငံတကာမျက်မှောက်မှ ဖုံးကွယ်ထားခံရပါသည်။ ၎င်းဒေသတွင် စစ်ပွဲနှင့် အကြမ်းဖက်မှုများကြောင့် တိုက်ရိုက်သေဆုံးမှု၊ ဒုက္ခိတဖြစ်ရပ်များနှင့် နှိုင်းစာလျှင် ကြိုတင်ကာကွယ်တားဆီးနိုင်သော ငှက်ဖျား၊ ဝမ်းပျက်ဝမ်းလျှောရောဂါ၊ အာဟာရချို့တဲ့မှုနှင့် အဆုတ်ရောင်ရောဂါကြောင့် သေဆုံးကြရသော လူထုမှာ အဆမတန် မြင့်မားလျက်ရှိကြောင်းတွေ့ရှိရပါသည်။ မိခင်များသည်လည်း ကိုယ်ဝန်ဆောင်စဉ်နှင့် သားဖွားစဉ်တွင် အခြေခံနှင့် အရေးပေါ် စောင့်ရှောက်မှုများ လက်လှမ်းမမီမှုကြောင့် သေဆုံးမှုမြင့်မားလျက်ရှိသည်။

၂၀၀၄ ခုနှစ်တွင် နယ်လှည့်ကျောပိုးအိတ်ကျန်းမာရေးလုပ်သားအဖွဲ့က ကောက်ယူခဲ့သော ကျန်းမာရေးစစ်တမ်းအရ မြန်မာနိုင်ငံအရှေ့ခြမ်း စစ်တမ်းကောက်ယူသောဒေသများတွင် ကလေးသေနှုန်း၊ မိခင်သေနှုန်းသည် စစ်နှင့်အကြမ်းဖက်မှုများ ဖြစ်ပွားနေသော အင်ဂိုလာ၊ ရဝမ်ဒါ၊ ဆိုမာလီယာနိုင်ငံများနှင့် အတူတူပင်ဖြစ်ကြောင်း ဆန်းစစ်တွေ့ရှိရပါသည်။

ဤဆိုးဝါးနိမ့်ကျသော ကျန်းမာရေးအခြေအနေများသည် လူ့အခွင့်အရေးချိုးဖောက်မှုအခြေအနေများနှင့် တိုက်ရိုက်ဆက်စပ်လျက်ရှိကြောင်းကိုလည်း ဖော်ညွှန်းထားသည်။

စစ်တမ်းကောက်ယူသော ဒေသများအတွင်း အဓမ္မရွှေ့ပြောင်းခံရမှုသည် ကလေးသေဆုံးမှုကို ၂ဆ၊ ကလေးအာဟာရချို့တဲ့မှုကို ၃ဆမြင့်မားစေကြောင်းတွေ့ရှိရပြီး စားနပ်ရိက္ခာလုယူဖျက်ဆီးခံရမှုသည် ကလေးသေနှုန်းကို တဆခွဲ၊ အာဟာရချို့တဲ့မှုကို ၂ဆမြင့်မားစေကြောင်းတွေ့ရှိရသည်။

နယ်လှည့်ကျောပိုးအိတ်ကျန်းမာရေးလုပ်သားအဖွဲ့ သည် ၁၉၉၈ ခုနှစ် စတင်ဖွဲ့စည်းသည့်အချိန်မှ ယနေ့ထက်တိုင် ပြည်တွင်းရွှေ့ပြောင်းလူထုများနှင့်အတူ ခက်ခဲကြမ်းတမ်းသော ဘဝအတွေ့အကြုံများကို ဖြတ်သန်းလျက် ကျန်းမာရေးပြုစုစောင့်ရှောက်မှုလုပ်ငန်းကို ဆောင်ရွက်လျက်ရှိသည်။

ဤအစီရင်ခံစာထုတ်ပြန်နိုင်ရေးအတွက် ကြိုးပမ်းအားထုတ်မှုများမှာလည်း ပြည်တွင်းရွှေ့ပြောင်းလူထု၏ ကံကြမ္မာကို အိမ်နီးချင်းနိုင်ငံများအပါအဝင် နိုင်ငံတကာမှ စာနာမှုများ ရရှိလာစေရန် ဦးတည်ရည်ရွယ်ပါသည်။

၂၀၀၁ ခုနှစ်က ကိုဖီအာနန် ငြိမ်းချမ်းရေးနိုဘယ်ဆုယူစဉ် ပြောကြားခဲ့သော စကားကို ပြန်သတိရစေလိုပါသည်။ 'ဒီကနေ့ရှိနေတဲ့နယ်ခြားမျဉ်းတွေဟာ တနိုင်ငံနဲ့တနိုင်ငံကြားမဟုတ်တော့ပါဘူး၊ အာဏာရှိသူတွေနဲ့ အာဏာမဲ့သူတွေအကြား၊ လွတ်လပ်သူတွေနဲ့ ပိတ်ဆို့ခံထားရသူတွေအကြား၊ အခွင့်ထူးခံတွေနဲ့ အဖိနှိပ်ခံတွေကြားမှာ ဖြစ်လာနေပါပြီ။ ဒီကနေ့ ကမ္ဘာ့နေရာဒေသတခုက လူသားဆိုင်ရာနဲ့လူ့အခွင့်အရေးဆိုင်ရာ ကပ်ဆိုးတွေဟာ တခြားနိုင်ငံတနိုင်ငံရဲ့ လုံခြုံရေးကို ထိခိုက်လာနေပါတယ်'။

လူသားဆိုင်ရာ လုံခြုံရေးအတွက် လူသားအားလုံးတွင် တာဝန်ရှိကြပါသည်။ ■

ဒေါက်တာစင်သီယာမောင်
အယ်ဒီတာချုပ်

နာတာရှည်ကပ်ဆိုး (သို့မဟုတ်) မြန်မာပြည်အရှေ့ပိုင်း ကျန်းမာရေးနှင့်လူ့အခွင့်အရေးစစ်တမ်းအစီရင်ခံစာထုတ်ပြန်

နယ်လှည့်ကျောပိုးအိတ်ကျန်းမာရေးလုပ်သားအဖွဲ့၏ 'နာတာရှည်ကပ်ဆိုး (သို့မဟုတ်) မြန်မာပြည်အရှေ့ပိုင်း ကျန်းမာရေးနှင့် လူ့အခွင့်အရေးစစ်တမ်း အစီရင်ခံစာ'ထုတ်ပြန်မှုနှင့်ပတ်သက်၍ သတင်းစာရှင်းလင်းပွဲကို နယ်လှည့်ကျောပိုးအိတ်ကျန်းမာရေးလုပ်သားအဖွဲ့ ရုံး၌ ၇.၉.၂၀၀၆ နေ့နံနက်(၁၀)နာရီတွင် ကျင်းပပြုလုပ်ခဲ့ကြောင်း သတင်းရရှိသည်။ အဆိုပါသတင်းစာရှင်းလင်းပွဲသို့ သတင်းမီဒီယာများ၊ ကျန်းမာရေး၊ လူမှုရေးကူညီမှုအဖွဲ့အစည်းများတက်ရောက်ခဲ့သည်။

'ဒီစစ်တမ်းကို မြန်မာပြည်အရှေ့ဘက်ခြမ်း လူထုတွေဆီက ကောက်ခံခဲ့တာဖြစ်ပါတယ်။ မိသားစုပေါင်း ၂၀၀၀ ရဲ့ စစ်တမ်းတွေဖြစ်တယ်။ ပြည်တွင်းစစ်ထဲ အဓမ္မခိုင်းစေခံရခြင်း၊ အဓမ္မ နေရာရွှေ့ပြောင်းခံရခြင်း၊ မြေမြှုပ်မိုင်းထိခြင်းတွေကြောင့် အဲဒီဒေသတွေက ကလေးတွေဟာ သေဆုံးရမှုတွေ၊ အာဟာရချို့တဲ့မှုတွေ၊ ငှက်ဖျားရောဂါ၊ ရေ/ပတ်ဝန်းကျင်နဲ့ သက်ဆိုင်တဲ့ရောဂါတွေ၊ မျိုးဆက်ပွားဆိုင်ရာပြဿနာတွေနဲ့ ရင်ဆိုင်နေရပါတယ်။ ဒါကြောင့် လူတယောက်ရဲ့ သက်တမ်း ၇၅ နှစ်ရှိရင် သူတို့တတွေဟာ သက်တမ်းပြည့်မီအောင် မနေနိုင်တဲ့အထိကို သေနှုန်းဆိုးဝါးနေပါတယ်'ဟု နယ်လှည့်ကျောပိုးအိတ်ကျန်းမာရေးလုပ်သားအဖွဲ့ ညွှန်ကြားရေးမှူး စောအုန်းမြင့်မှ ရှင်းလင်းတင်ပြခဲ့သည်။

'မိခင်တသိန်းမှာ တထောင်ကနေ တထောင့်နှစ်ရာလောက်ဟာ သေဆုံးနေကြတယ်။ ဒါကြောင့် အမျိုးသမီး ၁၂ ဦးမှာ တဦးဟာ မျိုးဆက်ပွားကာလအတွင်း ကိုယ်ဝန်ဆောင်သားဖွားပြဿနာနဲ့ သေဆုံးနိုင်တဲ့ အလားအလာရှိတာကို တွေ့ရပါတယ်။ အခြားတည်ငြိမ်တဲ့ ဒေသတွေနဲ့ နှိုင်းယှဉ်ကြည့်မယ်ဆိုရင် လူဦးရေရွှေ့ပြောင်းမှုကြောင့် ကလေးသေနှုန်း ၂ဆကျော်၊ အာဟာရချို့တဲ့မှုကြောင့် ၃ဆကျော်၊ မြေမြှုပ်မိုင်းကြောင့် ၄ဆကျော်ထိ မြင့်မားနေတာကို တွေ့ရတယ်'ဟု နယ်လှည့်ကျောပိုးအိတ်ကျန်းမာရေးလုပ်သားအဖွဲ့မှ တာဝန်ရှိသူတဦးဖြစ်သည့် နိုင်အေးလွင်က ဖြည့်စွက်တင်ပြခဲ့သည်။

၎င်းစစ်တမ်းကောက်ခံခဲ့သော ဒေသရှိလူထုများသည် အစားအစာ၊ အဝတ်အထည်၊ နေရာထိုင်ခင်းနှင့် အခြားသော ထောက်ပံ့မှုများ ချို့တဲ့နေသည်။ ထို့ကြောင့် ၎င်းတို့အတွက် စိတ်ချရသော ကျန်းမာရေးစနစ်ကို ချမှတ်ရန်လိုအပ်ကြောင်း၊ ပြည့်စုံသော ထောက်ပံ့မှုများ ပြုလုပ်ရန်လိုအပ်ကြောင်း၊ သို့သော် လူ့အခွင့်အရေး ချိုးဖောက်ပြီး ဒီမိုကရေစီမရှိသည့် စစ်အစိုးရအုပ်ချုပ်မှုအောက်တွင် ၎င်းအချက်များကို လုပ်ဆောင်ရန်မလွယ်ကူကြောင်း၊ ထို့ကြောင့် ကျန်းမာရေး အဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့အစည်းများ ပူးပေါင်းပြီး ၎င်းပြဿနာများကို နိုင်ငံတကာမှ သိရှိပူးပေါင်း ဖြေရှင်းပေးနိုင်ရန် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့ပါသည်။ အဆိုပါ သတင်းစာရှင်းလင်းပွဲကို ဘန်ကောက်မြို့တွင်လည်း တပြိုင်နက်ကျင်းပပြုလုပ်ခဲ့ကြောင်း သတင်းရရှိသည်။ ■

NTG News

နယ်လှည့်ကျောပိုးအိတ်ကျန်းမာရေးလုပ်သားအဖွဲ့၏ နယ်စပ်ဒေသကျန်းမာရေးစောင့်ရှောက်မှုသတင်းဓာတ်ပုံများ

စတုတ္ထအကြိမ်မြောက်လူထုကျန်းမာရေးစေတနာ့ဝန်ထမ်းသင်တန်းကို မယ်တော်ဆေးခန်းတွင်ဖွင့်လှစ်

စတုတ္ထအကြိမ်မြောက် လူထုကျန်းမာရေးစေတနာ့ဝန်ထမ်းသင်တန်း(Community Health Volunteer Training)ဖွင့်ပွဲ အခမ်းအနားကို ဩဂုတ်လ (၁၅)ရက်နေ့၌ မယ်တော်ဆေးခန်းတွင် ပြုလုပ်ခဲ့သည်။ သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်နှင့် ပတ်သက်ပြီး ဒေါက်တာစင်သီယာမောင်မှ ယခုလိုရှင်းပြခဲ့သည် 'သူတို့ကိုတော့ လူထုကျန်းမာရေးလုပ်သားအဖြစ် သတ်မှတ်လို့မရပါဘူး။ ဒါပေမယ့် လူနာနဲ့ ကျန်းမာရေးလုပ်သားအကြား ဆက်ဆံရေးပြေပြစ်အောင် ဆက်သွယ်ပေးတာရယ်၊ ဆေးခန်းတွေ၊ အဖွဲ့အစည်းတွေ၊ ဌာနတွေအကြားမှာ ကြားခံဆက်သွယ် ဆောင်ရွက်ပေးတဲ့ အကူလုပ်သားအဖြစ် ဆက်စပ်ဆောင်ရွက်ကြရမှာဖြစ်တယ်။ နောက်ပြီး လူနာတွေရဲ့ လူမှုရေးအပိုင်း၊ အဲဒီထဲမှာ မိသားစုနဲ့ဆက်သွယ်ရေး၊ စားဝတ်နေရေး၊ ဆေးခန်းမှာ ဆေးကုသနေစဉ် သက်တောင့်သက်သာ ဖြစ်စေရေးအတွက် ကူညီဆောင်ရွက်ကြရမယ်။ ဒီသင်တန်းမှာ သင်ကြားပေးတဲ့ ဘာသာရပ်တွေက နယ်စပ်မှာ အဖြစ်များနေတဲ့ ရောဂါအကြောင်း အဲဒါနဲ့ပတ်သက်ပြီး သတင်းအချက်အလက်တွေကို ဆက်သွယ်ပေးနိုင်လိမ့်မယ်။ နောက် ကျန်းမာရေးပညာပေး လုပ်ငန်းအပိုင်းတွေကို ပါဝင်ဆက်စပ်လုပ်ဆောင်နိုင်ပါလိမ့်မယ်။

ဒီသင်တန်းကို ဘာကြောင့် ပြုလုပ်ရသလဲဆိုတော့ ကျန်းမာရေးလုပ်သားတွေဟာ ကုသရေး၊ ကာကွယ်ရေးအပိုင်းတွေကောင်းမွန်ဖို့ နည်းပညာတွေကို အမြဲကြိုးစားလေ့လာနေရတယ်။ လူမှုရေးအပိုင်း၊ လူထုနဲ့ဆက်စပ်မှုအပိုင်းမှာ ပိုမိုအားကောင်းလာဖို့လည်း လိုတယ်။ ဒါကြောင့်အခုသင်တန်းသားအသစ်တွေကို ကျန်းမာရေးလုပ်သားမဖြစ်ခင်မှာ လူထုကျန်းမာရေးအတွက် အထွေထွေလိုအပ်ချက်တွေ သိမြင်နိုင်အောင်နဲ့ ကဏ္ဍတခုမှာ အင်အားဖြည့်ဆည်းနိုင်ဖို့ ဒီသင်တန်းကို ပြုလုပ်ပေးရတာပါ။ သူတို့အနေနဲ့ လူနာတွေရဲ့ လုံခြုံမှု၊ မိသားစုနှင့် တကွဲတပြားဖြစ်လို့ စိတ်ပိုင်းဆိုင်ရာ ခံစားမှုတွေ လျော့နည်းလုံခြုံအောင် တတပ်တအားအဖြစ် ပါဝင် လုပ်ဆောင်နိုင်ကြမှာပါ' ဟု ပြောကြားခဲ့သည်။

'ဒီဆေးခန်းက ဝန်ထမ်းတယောက်ဆိုတော့ အခြေခံဆေးပညာနဲ့ပတ်သက်တဲ့ ဗဟုသုတတွေရှိသင့်တယ်လေ။ ပြီးတော့ လူနာတွေနဲ့လည်း အမြဲတမ်းဆက်ဆံနေရတယ်။ ဒါကြောင့်ဒီသင်တန်းကို တက်ရောက်ရတာလည်းဖြစ်ပါတယ်'လို့ ကားဌာနမှ ဝန်ထမ်းတဦးက ပြောကြားခဲ့သည်။ ၎င်းသင်တန်းကို (၃)လကြာ တက်ရောက်ရမှာဖြစ်ကြောင်း သတင်းရရှိပါသည်။ ■

NTG News

ကရင့်ရိုးရာဝါခေါင်ချည်ဖြူဖွဲ့မင်္ဂလာအခမ်းအနားကျင်းပပြုလုပ်

ကရင့်ရိုးရာ ဝါခေါင်ချည်ဖြူဖွဲ့မင်္ဂလာအခမ်းအနားကို ဩဂုတ်လ(၈)ရက်နေ့၌ မယ်တော်ဘုန်းကြီးကျောင်းတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။ ယမန်နှစ်များထက် ထူးခြားသည်မှာ မဲဆောက် မြို့တဝိုက်ရှိ လူငယ်မောင်မယ်များမှ ကရင့်ရိုးရာချည်ဖြူဖွဲ့မင်္ဂလာအခမ်းအနားကို ပိုမိုစိတ်ဝင်စားကာ ကြိတ်ကြိတ်တိုးလာရောက်ကြခြင်းပင်။ ထိုနေ့က ကျင်းပသည့် အခမ်းအနားသို့ ဂုဏ်သရေရှိ ရပ်ရွာလူကြီးများမှ တက်ရောက်ဖွင့်လှစ်ပေးပြီး အမှာစကားပြောကြားကာ ဆုတောင်းမေတ္တာများ ပို့သပေးခဲ့သည်။ ၎င်းအခမ်းအနားသို့ နာမည်ကြီးကရင်အဆိုတော်များလည်း လာရောက် ဖျော်ဖြေခဲ့ကြသည်။ မယ်တော်ဆေးခန်းမှ ကျန်းမာရေးဝန်ထမ်းများ၊ သင်တန်းသူ/သားများမှလည်းတဦးချင်းစီလည်းကောင်း၊ အုပ်စုလိုက်လည်းကောင်း သီချင်းများဖြင့် ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲခဲ့ကြသည်။ ညပိုင်း အစီအစဉ်၌ သီချင်းပြိုင်ပွဲများတွင် ဆုရရှိသူများကို ဆုများ အသီးသီးပေးအပ် ချီးမြှင့်ခဲ့သည်။

ထို့အတူ ဩဂုတ်လ (၁၂)ရက်နေ့တွင်ကျရောက်သော ကရင့်အာဇာနည်နေ့၌ မယ်ပတောရကျောင်းတွင် ကရင့်အာဇာနည်နေ့အခမ်းအနားနှင့်အတူ ချည်ဖြူဖွဲ့ မင်္ဂလာအခမ်းအနားကို ပူးတွဲကျင်းပခဲ့ရာ ကရင်လူငယ်များနှင့် အခြားတိုင်းရင်းသားများ စုစုပေါင်း နှစ်ထောင်ခန့် တက်ရောက်ခဲ့ကြသည်။

'ကရင်လူမျိုးတွေ အားလုံးတနှစ်တခါပြန်ဆုံနိုင်ဖို့၊ စုစည်းညီညွတ်ကြဖို့အတွက် အမြော်အမြင်ကြီးတဲ့ ဘိုးဘွားတွေက ချည်ဖြူဖွဲ့ မင်္ဂလာနေ့ကို ထားရှိခဲ့ကြတာပါ။ ချည်ဖြူဖွဲ့ခြင်းဆိုတာ ဘယ်ဘာသာရေးနဲ့မှ မဆိုင်ဘူး။ ကရင်လူမျိုးတရပ်လုံးနဲ့ပဲ သက်ဆိုင်တယ်' ဟု အခမ်းအနားဖြစ်မြောက်ရေး တာဝန်ရှိသူတဦးမှ ပြောကြားခဲ့ သည်။

'ထမင်းလုံးလို ပြန့်ကြဲနေတဲ့ ကရင်လူမျိုးတွေ ကောက်ညှင်းလိုတပေါင်းတစည်းတည်းဖြစ်နေဖို့အတွက် ရိုးရာလက်ချည်ပွဲကို အစဉ်အလာမပျက် ကျင်းပရမှာဖြစ်တယ်။ ရိုးရာမပျက်အောင်လည်း ထိန်းသိမ်းဖို့အတွက် ကျနော်တို့လူငယ်တွေမှာ အဓိကတာဝန်ရှိတယ်'ဟု မယ်တော်ဆေးခန်းတွင် ဆေးသင်တန်းတက်ရောက်နေသူ ကရင်လူငယ်တဦးက ပြောကြားခဲ့သည်။ အခမ်းအနားကို ရိုးရာချည်ဖြူဖွဲ့ခြင်းနှင့်သက်ဆိုင်သည့် သီချင်းများ ယှဉ်ပြိုင်ခြင်း၊ ကရင်ပြည်နယ်မှ နာမည်ကြီးအဆိုတော်များ၏ ဖျော်ဖြေခြင်းများဖြင့် စည်ကားစွာ ကျင်းပခဲ့ပြီး ညနေပိုင်း၌ ဆုရရှိသူများအား ဆုများအသီးသီး ပေးအပ်ခဲ့သည်ဟု သတင်းရရှိသည်။ ■

NTG News

ရင်ချင်းစကား

ချစ်ခြင်းမေတ္တာကို ဖွဲ့နွဲ့ဖို့
မစို့မပို့ရှာနေတဲ့ ပဋ္ဌလက်မိုးထဲ ... ။

ဘဝမှာ
လတ်လတ်ဆတ်ဆတ်အိပ်မက်တွေလည်း တောချောက်ခံနေရ
ခွင့်မလွှတ်ပါနဲ့ဆိုတဲ့ စကားနဲ့ပဲ
အကြိမ်ကြိမ်အခါခါ ခွင့်လွှတ်ခိုင်းနေရ
ကြာတော့
ဟောဒီကမ်းပြိုနေတဲ့ရင်ခွင်ကြီးခမျာ
ခေတ်ရဲ့ဒဏ်ရာအမှတ်တံဆိပ်တွေနဲ့သာ ... ။

သစ်ပင်တွေကို တောင်တန်းတွေကထမ်းပြီး
တောင်တန်းတွေကို မြေကမ္ဘာကထမ်းလို့
ကျနော်တို့ပခုံးတွေပေါ်မှာတော့
မရိတ်သိမ်းနိုင်သေးတဲ့ ... အလွမ်းတွေ ... ။ ။

ကမာပုလဲ
၁၈.၇.၀၆

နိုက်တင်ဂေးလ် ကျန်းမာရေးဂျာနယ် ထုတ်ဝေခြင်း၏ ရည်ရွယ်ချက်

၁။ ပြည်သူလူထု၏ကျန်းမာရေးအသိပညာများ မြင့်မားတိုးတက်လာစေရန်။
၂။ ပြည်သူလူထု၏ကျန်းမာရေးအသိအမြင်၊ ဗဟုသုတများကို မြှင့်တင်ပေးပြီး ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်လာစေရန်။
၃။ ပြည်သူလူထုအနေနှင့် ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာ လူမှုရေးကိစ္စရပ်များတွင် လုံခြုံမှုရှိစေပြီး အနာဂတ်ဘဝကို ပိုမိုတိုးတက်ကောင်းမွန်အောင် ဖန်တီးလာနိုင်စေရန်။
၄။ ကျန်းမာရေးဆိုင်ရာနားလည်တတ်သိမှု၊ ကျွမ်းကျင်မှုနှင့် ဂုဏ်သိက္ခာရှိသည့်ကျန်းမာရေးလုပ်သားများ မွေးထုတ်ပေးနိုင်ရေးအတွက် အထောက်အကူပြုနိုင်ရန်။
၅။ ကျန်းမာရေးလုပ်သားအချင်းချင်း ကျန်းမာရေးအသိပညာများ၊ သတင်းအချက်အလက်များ ဖလှယ်နိုင်ရန်နှင့် ဝေမျှလက်ဆင့်ကမ်းနိုင်ရန်။
၆။ နယ်စပ်ဒေသတွင် ကျန်းမာရေးပြုစုစောင့်ရှောက်မှုလုပ်ငန်းများ လုပ်ကိုင်နေကြသည့် ကျန်းမာရေးလုပ်သားများအနေနှင့် နိုင်ငံတကာတွင် ရောက်ရှိနေသည့် ကျန်းမာရေးလုပ်သားများ၏ ကျန်းမာရေးအသိအမြင်များနှင့် ချိတ်ဆက်မိစေရန်။
၇။ ကျန်းမာရေးဆိုင်ရာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုရှိစေရေးအတွက် လိုအပ်သည့်ဆန်းစစ်ရှာဖွေဖော်ထုတ်ချက်များကို တင်ပြပေးခြင်းဖြင့် ပြုပြင်ပြောင်းလဲမှုလုပ်ဆောင်ရာတွင် အထောက်အပံ့ ဖြစ်စေရန်။
၈။ လူမှုအဖွဲ့အစည်းအတွင်း တာဝန်ထမ်းဆောင်နေသည့် ကျန်းမာရေးလုပ်သားများထံသို့ နောက်ဆုံးရရှိသည့် ကျန်းမာရေးသတင်းများနှင့် အသိပညာများကို ဖြန့်ဝေပေးရန်။
၉။ လူ့အခွင့်အရေး၊ ကျန်းမာရေးဆိုင်ရာကျင့်ဝတ်များနှင့် ဆက်နွယ်နေသည့် ကျန်းမာရေးဗဟုသုတများကို မြှင့်တင်ပေးရန်။

ငှက်ဖျားဆေးအတုများကြောင့်အသက်အန္တရာယ်အကြီးအကျယ်ရှိနိုင်

ငှက်ဖျားကုသတဲ့ ဆေးအတုတွေ မြန်မာနိုင်ငံအပါအဝင် အရှေ့တောင်အာရှနဲ့ အာဖရိကဒေသတွေမှာ ဆိုးဆိုးဝါးဝါး များလာတာဟာ ဆေးယဉ်ပြီး ဆေးမတိုးနိုင်အောင် ပြင်းထန်လာတဲ့ ငှက်ဖျားရောဂါပိုးကို တိုးပွားလာစေတယ်လို့ သုတေသနပညာရှင်တွေက ပြောကြားလိုက်ပါတယ်။

ဒီလို ရောဂါပိုးကို ဆေးမတိုးရင် ဆေးစစ်တာမှာ မှားယွင်းတွေ့ရှိတာမျိုးတွေ ရှိလာပြီး ကလေးငယ်အများစုဖြစ်တဲ့ ငှက်ဖျားရောဂါ ဝေဒနာရှင်တွေရဲ့ အသက်ကို အန္တရာယ်အကြီးအကျယ် ရှိနေတယ်လို့လည်း ဒီပညာရှင်တွေက ဆိုပါတယ်။

အသက် ၂၃နှစ်အရွယ် ငှက်ဖျားရောဂါဖြစ်နေတဲ့ မြန်မာလူငယ်တဦးဟာ ငှက်ဖျားဆေးအတုကို သုံးမိတဲ့အတွက် သေဆုံးခဲ့ရတယ်လို့ ဒီကနေ့မှာ ထုတ်ဝေတဲ့ ပြည်သူ့သိပ္ပံစာကြည့်တိုက် ဆေးပညာဂျာနယ်မှာ အင်္ဂလန်နိုင်ငံ အောက်စဖို့ဒ်တက္ကသိုလ်က နိုင်ငံတကာ သုတေသနပညာရှင်အဖွဲ့တဖွဲ့က ရေးသားလိုက်ပါတယ်။

ငှက်ဖျားရောဂါကုသရာမှာ အစွမ်းထက်တဲ့ အာတီဆူနိတ် ဆေးအတုကြောင့် အခုလိုသေဆုံးခဲ့ရတာဖြစ်ပြီး ဒီဆေးအတုကို မြန်မာ၊ လာအို၊ ထိုင်း၊ ကမ္ဘောဒီးယား၊ ဗီယက်နမ်တို့ပါဝင်တဲ့ အရှေ့တောင်အာရှ ဇုဟိုဒေသမှာ အများအပြား တွေ့ရှိနေရဆဲဖြစ်တယ်လို့ ဒီပညာရှင်က ဆိုပါတယ်။

ဒီသေဆုံးရတဲ့ လူငယ်ဟာ ငှက်ဖျားခြင်ကိုက်လို့ ကူးစက်တဲ့ အပြင်းထန်ဆုံး Falciparum ငှက်ဖျားမျိုး ကူးစက်ခံထားရသူဖြစ်ပြီး မြန်မာနိုင်ငံအရှေ့ပိုင်း နယ်ဆေးရုံတခုကို တက်နေတုန်းမှာ အခုလို ဆေးအတုကြောင့် ကွယ်လွန်ခဲ့ရတာဖြစ်တယ်လို့ သုတေသနကို ဦးစီးလုပ်ဆောင်ခဲ့တဲ့ သုတေသနပညာရှင်တွေက ဆိုပါတယ်။

ဒီငှက်ဖျားရောဂါမျိုး ခံစားနေရတဲ့ မြန်မာနိုင်ငံအရှေ့ပိုင်း ဝေဒနာရှင် ၆၀၀ကို အာတီဆူနိတ် ဆေးအစစ်နဲ့ ကုသတဲ့အခါ လူနာအားလုံး အသက်ရှင်တာတွေ့ရှိရတဲ့အတွက် ဆေးအတုကြောင့် လူငယ်သေရတာမျိုးဟာ မလိုလားအပ်ဘဲ လူ့အသက်ဆုံးရှုံးရတာဖြစ်တယ်ဆိုတာ ထင်ရှားကြောင်း သူတို့က ပြောဆိုပါတယ်။

၁၉၉၉ကနေ ၂၀၀၄ခုနှစ်အတွင်း အရှေ့တောင်အာရှဒေသမှာ ဆရာဝန်ညွှန်ကြားချက်မလိုပဲ ဆိုင်မှာဝယ်လို့ရတဲ့ ဆေးအတုဟာ မူလအာတီဆူနိတ်ရဲ့ အာနိသင်မပါတာကို တိုးပြီးတွေ့ရတယ်လို့ ဒီလေ့လာချက်ကို ဦးစီးလုပ်ဆောင်ခဲ့တဲ့ သုတေသနပညာရှင် ဒေါက်တာပေါလ်နယူတန်က RFA ကို ပြောဆိုပါတယ်။

ဒေါက်တာနယူတန်က "ဒါဟာ ကျန်းမာရေးပြဿနာကြီးတခုဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ ၂၀၀၀ပြည့်နှစ်ကနေ ၂၀၀၂ခုနှစ်အတွင်း လေ့လာတဲ့စစ်တမ်းအရ မြန်မာပြည်ကဆေးဆိုင်တွေမှာ ဝယ်ခဲ့တဲ့ အာတီဆူနိတ်ဆေး ၄ပုံ ၁ပုံကနေ ဆေးတဝက်လောက်အထိဟာ မူလအာတီဆူနိတ်ရဲ့ အာနိသင်မပါရှိတာတွေ့ခဲ့ရပါတယ်။

ဒီဆေးဟာ ငှက်ဖျားကုဖို့ ဆေးဖြစ်လို့ မြန်မာလူနာတွေ ဒီဆေးကို ဝယ်သောက်မိရင် ရောဂါမပျောက်တဲ့အပြင် အသက်အန္တရာယ်ကိုပါ ထိခိုက်စေမှာဖြစ်တယ်"လို့ ဒေါက်တာနယူတန်က ဆိုပါတယ်။

သုတေသနပညာရှင်တွေဟာ အခုချိန်ထိ ကမ္ဘာပေါ်မှာ အာတီဆူနိတ်ငှက်ဖျားဆေးအတုပေါင်း (၁၂)မျိုးခန့် တွေ့ရှိထားတယ်လို့ ဆိုပါတယ်။ အခုလိုဆေးအတုကြောင့် ငှက်ဖျားရောဂါပိုး ဆေးမတိုးဘဲ တိုးပွားလာရင် ဒီနိုင်ငံဒေသတွေကို လာရောက်လည်ပတ်မယ့် ခရီးသည်တွေအတွက်လည်း ကျန်းမာရေးဆိုင်ရာ ပြဿနာတွေဖြစ်လာနိုင်တယ်လို့ ဒီသုတေသနအဖွဲ့ရဲ့ တွေ့ရှိချက် စာတမ်းက ဆိုပါတယ်။

တချို့ ကမ္ဘာလှည့်ခရီးသည်တွေဟာ သက်ဆိုင်ရာစိစစ်ချက်မပါဘဲ အာတီဆူနိတ်ငှက်ဖျားဆေးတွေကို အင်တာနက်ကနေ ဝယ်ယူကြတာရှိကြောင်း အာတီဆူနိတ် ဆေးအတုရောင်းဝယ်တာဟာ အင်တာနက်မှာလည်း ရောက်ရှိနေမယ်ဆိုတာ သေချာတဲ့အကြောင်းကိုလည်း ပညာရှင်တွေက သတိပေးထားပါတယ်။

ဇွန်လ (၁၃)ရက်နေ့က အမေရိကန်ပြည်ထောင်စုနဲ့ ဗြိတိန်နိုင်ငံ အခြေစိုက်တဲ့ ပြည်သူ့သိပ္ပံ အင်တာနက်စာကြည့်တိုက်အဖွဲ့ကြီးက ထုတ်ဝေတဲ့ ဆေးပညာဂျာနယ်မှာ ငှက်ဖျားရောဂါကုသတဲ့ အာတီဆူနိတ်ဆေးအတုကြောင့် မြန်မာနိုင်ငံ အရှေ့ပိုင်းမှာ လူသေဆုံးရတဲ့အထိ ဖြစ်နေတာကို သုတေသနပြု တွေ့ရှိခဲ့ပါတယ်။

ဒေါက်တာပေါလ်နယူတန်ဟာ အောက်စဖို့ဒ်တက္ကသိုလ် အပူပိုင်းဒေသဆိုင်ရာ ဆေးပညာသုတေသနအသင်းရဲ့ ညွှန်ကြားရေးမှူးဖြစ်ပြီး ပြည်သူ့သိပ္ပံစာကြည့်တိုက် အဖွဲ့ကြီးရဲ့ လာအိုနိုင်ငံ နပ်ဖီးလ်ဒ် (Nuffield) ဆေးပညာဌာနမှာ သုတေသနပြုလုပ်နေတဲ့ ဆရာဝန်တဦးဖြစ်ပါတယ်။■

13.6.06 / RFA News

အေအိုင်ဒီအက်စ်ရောဂါတိုက်ဖျက်ရေးသည်လွတ်လပ်ပွင့်လင်းပြီး လူထုပူးပေါင်းပါဝင်မှုရှိမှသာ အောင်မြင်နိုင်မည်။

အိပ်ချ်အိုင်ဗွီ/ အေအိုင်ဒီအက်စ်ရောဂါကြောင့် ကွယ်လွန်သူတွေကို ရည်စူးပြီး သဃ်န်းကျွန်းမြို့နယ် မဂ္ဂင်ကျောင်းတိုက်မှာ ဝါဆိုသင်္ကန်း ကပ်လှူပွဲကျင်းပဖို့ စီစဉ်သူ (၁၁)ယောက်ကို ဩဂုတ်လ (၁၂)ရက်နေ့မှာ မြန်မာစစ်အစိုးရက ဖမ်းဆီးသွားခဲ့ပြီး ဩဂုတ်လ (၁၄) ရက်နေ့မှာ ပြန်လွှတ်ပေးခဲ့ပါတယ်။

အာဏာပိုင်တွေက ဖမ်းဆီးခဲ့တဲ့ နောက်တရက် တနင်္ဂနွေနေ့ဟာ ကနေဒါနိုင်ငံ တိုရန်တိုမြို့မှာ အေအိုင်ဒီအက်စ်ရောဂါဆိုင်ရာ ညီလာခံတခုကို ကမ္ဘာတဝှမ်းက ကိုယ်စားလှယ်ပေါင်း ၂၄၀၀၀ တခဲနက်တက်ရောက်ပြီး ဖွင့်လှစ်ခဲ့တဲ့နေ့ ဖြစ်ပါတယ်။ ခုလို ဖမ်းဆီးခဲ့တဲ့အပေါ် မြန်မာနိုင်ငံဆိုင်ရာ ကနေဒါမိတ်ဆွေများအဖွဲ့ (Canadian Friends of Burma-CFOB) က ကန့်ကွက်စာတစောင် ဩဂုတ်လ (၁၄)ရက်နေ့ နေ့စွဲနဲ့ ထုတ်ပြန်ခဲ့ပါတယ်။

ဒါနဲ့ပတ်သက်ပြီး CFOB ရဲ့ အမှုဆောင်ညွှန်ကြားရေးမှူး ဦးတင်မောင်ထူးနဲ့ ကနေဒါအခြေစိုက် မြန်မာပြည်ဆိုင်ရာ နိုင်ငံတကာစောင့်ကြည့်ရေးအဖွဲ့ရဲ့ ညွှန်ကြားရေးမှူးဖြစ်သူ ဒေါက်တာဒေါ်ခင်စောဝင်းတို့ကို VOA က ဆက်သွယ်မေးမြန်းခဲ့ပါတယ်။

မြန်မာစစ်အစိုးရက အခုလိုဖမ်းဆီးခဲ့တာဟာ အင်မတန်အကျည်းတန်တယ်လို့မြင်ကြောင်း အစချီပြီး CFOB ရဲ့ အမှုဆောင်ညွှန်ကြားရေးမှူး ဦးတင်မောင်ထူးက ခုလို ပြောသွားပါတယ်။

"ဘာကြောင့်လဲဆိုတော့ အခုလိုမျိုး အေအိုင်ဒီအက်စ် ကိစ္စတွေကို ကျနော်တို့က ဘယ်လိုဆောင်ရွက်ကြမလဲ၊ အနည်းဆုံး ထိန်းနိုင်ဖို့အတွက်ပေါ့။ နောက်ပြီးတော့ ခံစားနေရတဲ့လူတွေကို လိုအပ်တဲ့ ဆေးဝါးတွေ ကုသပေးနိုင်ဖို့ဆွေးနွေးနေကြတဲ့ အချိန်မျိုးမှာပေါ့နော် မြန်မာပြည်မှာဖြစ်နေတဲ့ ဒီကိစ္စတွေကိုလည်းပဲ အလားတူပုံစံတမျိုးနဲ့ဖော်ထုတ်ဖို့ ကြိုးစားကြတဲ့ လူတွေကို ဖမ်းဆီးတယ်ဆိုတာ တော်တော်လေးကို မဆီလျော်တဲ့ ကိစ္စတခုလို့ ကျနော်တို့က မြင်ပါတယ်။ ဒါကြောင့်မို့လို့ ဒီကိစ္စပေါ်မှာ ကျနော်တို့အနေနဲ့ လက်မခံနိုင်ဘူး။ ဒီလိုလုပ်ရပ်အပေါ် ကျနော်တို့ အနေနဲ့ ရှုံ့ချတယ်။ တချိန်တည်းမှာပဲ မြန်မာပြည်က အခုလိုမျိုး အိပ်ချ်အိုင်ဗွီ/ အေအိုင်ဒီအက်စ်ကိစ္စတွေကို ကိုင်တွယ်လုပ်ဆောင်နိုင်ဖို့ဆိုတဲ့ နေရာမှာ လက်ရှိ အာဏာရ စစ်အစိုးရရယ်၊ နောက် လူထုလူတန်းစား အဖွဲ့အစည်းတွေရယ်၊နောက် International Community ရယ် ပေါင်းပြီး လုပ်မှသာလျှင် အခုလိုမျိုး ဒီရောဂါကို ခံစားနေရတဲ့လူပေါင်း ထောင်သောင်းပေါင်းများစွာအတွက် အထောက်အကူဖြစ်စေလိမ့်မယ်လို့ ကျနော်တို့က ယုံကြည်ပါတယ်။"

ဒေါက်တာဒေါ်ခင်စောဝင်းဟာ လက်ရှိကျင်းပနေတဲ့ အေအိုင်ဒီအက်စ်ညီလာခံကို တက်ရောက်နေသူပါ။ ဖမ်းဆီးမှုအပေါ် သူ့ရဲ့ အမြင်ကို ခုလို စပြောပါတယ်။

"သူတို့ရဲ့ လုပ်နေကျဗျူဟာပေါ့လေ၊ ဘယ်တော့မဆို တိုင်းပြည်တွင်းမှာ ပြဿနာရှိတယ်ဆိုတာကို နိုင်ငံတကာက မသိစေချင်ဘူး။ ပြည်တွင်းမှာလည်း ဒီပြဿနာရှိတယ်ဆိုတာကို ပြည်သူတွေ မသိစေချင်ဘူး။ သူတို့ကနေပြီးတော့ ပုံရိပ်ဖော်ထားတာက မြန်မာပြည်မှာဆိုလို့ရှိရင် ရောဂါဝေဒနာတွေကလည်း မရှိကြဘူး။ ပြဿနာ ကြီးကြီးကျယ်ကျယ် မရှိဘူး၊ အိပ်ချ်အိုင်ဗွီဆိုတာလည်း ပြဿနာကြီးကြီးကျယ်ကျယ်မရှိဘူး၊ တိုင်းပြည်က တိုးတက်နေပြီ၊ စည်ကားနေပြီ၊ အဲဒီလို လိမ်ညာတဲ့ သဏ္ဍာန်ပေါ့လေ။ အပေါ်ယံမှာ ကောင်းတယ်ဆိုတဲ့ အရိပ်အယောင်ကို ဘန်းပြပြီးတော့ အတွင်းမှာရှိတဲ့ပြဿနာတွေကို ဖုံးဖိတဲ့သဘောရှိတယ်။ သူတို့မှာ ရှိနေတဲ့ ပြဿနာက ပြည်တွင်း ပြဿနာ၊ ကျန်းမာရေး ပြဿနာ၊ ပြဿနာ အားလုံးကို ပြည်တွင်းမှာရော၊ နိုင်ငံတကာမှာရော မသိစေချင်တဲ့သဘောက အများကြီးပါတယ်။ နောက်ပြီးတော့ စစ်အစိုးရရဲ့ အကျင့်ပေါ့၊ လူတွေကို မတရား ဖိနှိပ်မယ်၊ ချုပ်ချယ်မယ်၊ အဲဒီလိုမျိုးပေါ့လေ။ သူတို့ ကျင့်သုံးနေကျ မူဝါဒအတိုင်း ဒါ မတရားသဖြင့် ဖမ်းဆီးနှိပ်စက်တဲ့ သဘောလို့ပဲ ယူဆရမှာပါ။"

ဟုတ်ကဲ့၊ ဗြိတိန်နိုင်ငံအစိုးရ အပါအဝင်ပေါ့နော်၊ ဥရောပသမဂ္ဂအဖွဲ့ကနေပြီးတော့ ဗမာပြည်ကို အကူအညီအထောက်အပံ့တွေပေးမယ်လို့ သူတို့ သတင်းထုတ်ပြန်ထားပါတယ်။ ခုလိုမျိုးဖမ်းဆီးမှု

တွေ ရှိတဲ့အချိန်မှာ အကူအညီပေးတာတွေဟာ ထိရောက်မှုရှိမယ် လို့ ယူဆပါသလားခင်ဗျာ။

"အဲဒါကတော့ ထိရောက်မှုကတော့ မရှိသလောက်ပဲ။ ဘာဖြစ်လို့လဲဆိုတော့ အခုဒီညီလာခံမှာကို မြန်မာပြည်တွင်းကနေပြီးတော့ လာရောက်ပြီးတော့ စာတမ်း တင်သွင်းတဲ့အဖွဲ့လည်းရှိပါတယ်။ မြန်မာပြည်တွင်းမှာ အိပ်ချ်အိုင်ဗွီ/ အေအိုင်ဒီအက်စ်နဲ့ ပတ်သက်လို့ လုပ်ကိုင်နေကြတဲ့ ကျန်းမာရေးဝန်ထမ်းတွေ၊ NGO အဖွဲ့အစည်းနဲ့ ဆရာဝန်တချို့ လာပြီးတော့ တင်ပြတဲ့အထဲမှာ သူတို့ကိုယ်တိုင်ကကို ဝန်ခံထား တာတွေ အများကြီးရှိပါတယ်။ ဘာလဲဆိုလို့ရှိရင် အိပ်ချ်အိုင်ဗွီ/ အေအိုင်ဒီအက်စ်ရောဂါကာကွယ်ရေးနဲ့ ပတ်သက်ပြီးတော့ လုပ်ငန်းတွေဟာ ထိထိရောက်ရောက် သူတို့ မလုပ်နိုင်ပါဘူးတဲ့။ အချုပ်အခြယ် အတားအဆီးတွေ အများကြီးရှိတယ်ဆိုတာ သူတို့ရဲ့ တင်ပြချက်ထဲမှာကို ပါသွားပါတယ်။"

"အိပ်ချ်အိုင်ဗွီ/ အေအိုင်ဒီအက်စ်ရောဂါ ထိန်းသိမ်းကာကွယ်ရေးမှာ အဓိကသော့ချက်က ဘာလဲဆိုလို့ရှိရင် လွတ်လပ်ပွင့်လင်းမှုနဲ့ လူထုရဲ့ ပူးပေါင်းပါဝင်မှု၊ ဒါ အဓိကသော့ချက်ပဲဆိုတာ ကျွမ်းကျင်သူတွေ အကုန်လုံးက ပြောကြပါတယ်။ သူတို့ရဲ့ ပြောဆိုချက်တွေမှာ အမြဲပါတယ်။ လွတ်လပ်ပွင့်လင်းမှု ရှိရမယ်။ လူတွေဟာ ဆိုလို့ရှိရင် ခွဲခြားဆက်ဆံတာမျိုး၊ ဖိနှိပ်တာမျိုးမရှိရဘူး။ နောက်တခုကဆိုလို့ရှိရင် ပြည်သူလူထုကနေပြီးတော့ ပူးပေါင်းပါဝင်ပြီးတော့ အားလုံးဝိုင်းပြီးတော့ ဆောင်ရွက်နိုင်မှသာ ဒီရောဂါကို ထိထိရောက်ရောက် ထိန်းသိမ်းကာကွယ်လို့ရမယ်ဆိုတာ"

"အဲဒီတော့ ဒီလိုမျိုး လွတ်လပ်ပွင့်လင်းမှုမရှိဘူး၊ မတရားချုပ်ခြယ်မှုတွေရှိတယ်၊ ပြည်သူလူထုတွေဟာလည်း လွတ်လွတ်လပ်လပ် ပူးပေါင်းပါဝင်မှု မရှိဘူးဆိုလို့ရှိရင် အခု ထောက်ပံ့ပေးနေတဲ့ အကူအညီတွေဟာ တကယ်ခံစားနေရတဲ့ လူထုဆီကို ရောက်မယ်ဆိုတာကတော့ လုံးဝ မဖြစ်နိုင်သလောက်ပါပဲ"။■

15.8.06 / VOA News

အေအိုင်ဒီအက်စ်ရောဂါခံစားနေရသူများအပေါ်ခွဲခြားဆက်ဆံမှုတွေကို တိုက်ဖျက်ရန် အချိန်တန်ပြီဟု ကမ္ဘာ့အသိုင်းအဝိုင်းအားတိုက်တွန်း

အိပ်ချ်အိုင်ဗွီ/ အေအိုင်ဒီအက်စ် ရောဂါခံစားနေရသူရဲ့အပေါ်မှာ ခွဲခြားဆက်ဆံပြီး လျစ်လျူရှု မထားဖို့ ရောဂါတားဆီးရေးတွေ အတွက် အလေးအနက်လုပ်ဆောင်ကြဖို့ တောင်းဆိုတိုက်တွန်းချက်တွေနဲ့အတူ အေအိုင်ဒီအက်စ် ရောဂါဆိုင်ရာ ၂၀၀၆ ခုနှစ် ညီလာခံကို ကနေဒါနိုင်ငံ တိုရန်တိုမြို့မှာ ဩဂုတ်လ (၁၃) ရက်နေ့က စတင်ဖွင့်လှစ်ခဲ့ပါ တယ်။

ကနေဒါနိုင်ငံမှာ ကျင်းပနေတဲ့ အေအိုင်ဒီအက်စ်ညီလာခံမှာ ဆွေးနွေးမယ့် အဓိကအကြောင်းအရာကတော့ Time To Deliver နိုင်ငံတကာက ရောဂါခံစားနေရသူတွေရဲ့ စိတ်ရှုပ်ထွေးမှုနဲ့ မျှော်လင့်ချက်တွေအတွက် လုပ်ဆောင်ပေးဖို့ အချိန်တန်ပြီဆိုတာပဲ ဖြစ်ပါတယ်။

အင်ဒိုနီးရှားနိုင်ငံက ဖရီကာ အီစကန်ဒါ (Frica Iskandar) ဟာ အိပ်ချ်အိုင်ဗွီရောဂါပိုးကူးစက်လို့ ခွဲခွဲခြားခြားဆက်ဆံခံရမှုကို ဆန့်ကျင်ရာမှာ တက်တက်ကြွကြွ လှုပ်ရှားနေသူဖြစ်တဲ့အပြင် အိပ်ချ်အိုင်ဗွီရောဂါ ကူးစက်နေတဲ့သူတွေနဲ့ ဖွဲ့စည်းထားတဲ့ အစိုးရမဟုတ်သောအဖွဲ့ကို ကိုယ်စားပြုသူလည်း ဖြစ်ပါတယ်။

သူ့ကိုယ်၌ကိုယ်က အသက် ၁၈နှစ်အရွယ်မှာ အိပ်ချ်အိုင်ဗွီပိုး ကူးစက်ခံခဲ့ရလို့ သွားဆရာဝန်က သူ့မှာ ရောဂါကူးစက်နေလို့ မကြည့်ပေးနိုင်ဘူးလို့ဆိုကာ ငြင်းလွှတ်လိုက်တယ်လို့ အေအိုင်ဒီအက်စ်ညီလာခံဖွင့်ပွဲတက်ရောက်လာကြသူ သောင်းနဲ့ချီတဲ့ လူအုပ်ကြီးရှေ့မှာ သူက ပြောဆိုလိုက်ပါတယ်။

"ခွဲခြားဆက်ဆံရတာတွေ၊ အနှိမ်ခံရတာတွေ အခုထိရှိနေတုန်းပါပဲ။ အမဲစက်က မပျောက်သွားသေးပါဘူး။ ဘာမှမပြောင်းလဲသေးပါဘူး"လို့ မစ္စစကန်ဒါက ပြောသွားတာပါ။

UNAIDS ခေါ် ကုလသမဂ္ဂက အေအိုင်ဒီအက်စ်ရောဂါ ဆိုင်ရာ အေဂျင်စီရဲ့ အမှုဆောင်ညွှန်ကြားရေးမှူး ဒေါက်တာပီတာပီးရှော့ထ် (Dr. Peter Piot)ကလည်း ရောဂါခံစားနေရသူတွေအပေါ် ခွဲခြားဆက်ဆံတာတွေ၊ မျှတမှုမရှိတာတွေ၊ ကြောက်ရွံ့တာတွေကို တိုက်ဖျက်ဖို့ ကမ္ဘာ့အသိုင်းအဝိုင်းကို တိုက်တွန်းသွားပါတယ်။

အေအိုင်ဒီအက်စ်ရောဂါ တိုက်ဖျက်ရေး နည်းလမ်းတွေ မမြင်ရသေးဘူးလို့ သူကဆိုကာ အေအိုင်ဒီအက်စ်ရောဂါကို အလေးအနက်ထားပြီး တိုက်ဖျက်မယ်ဆိုရင်တော့ ...

"ပထမဦးစွာ အေအိုင်ဒီအက်စ်ရောဂါကို နိုင်ငံရေးကိစ္စရပ်အဖြစ် အမြဲတမ်း အသုံးမချရအောင် ထိန်းသိမ်းရမယ်"လို့ ဒေါက်တာပီတာပီးရှော့ထ်က ပြောသွားတာပါ။

ဒီရောဂါဆိုးကြီးမဖြစ်အောင် တားဆီးကာကွယ်ပေးဖို့ ရည်ရွယ်ထားတဲ့ စီမံကိန်းတွေအတွက် ရန်ပုံငွေအမြဲတမ်း ရရှိနေဖို့လည်း အဓိကစိန်ခေါ်မှုကြီးဖြစ်တဲ့အကြောင်း အမျိုးသမီးတွေရောဂါမဖြစ်အောင် ကာကွယ်ပေးတဲ့သောက်ဆေးတွေ ထုတ်လုပ်ဖို့ မိုက်ကရိုပင်စိုက်လို့ခေါ်တဲ့ လိင်ဆက်ဆံရာကနေ အိပ်ချ်အိုင်ဗွီ အပါအဝင် တခြားရောဂါ မကူးစက်ရအောင် အင်္ဂါဇာတ်နဲ့ စအိုတို့မှာ သုတ်လိမ်းရတဲ့ဆေးကို ထုတ်လုပ်ဖို့ သုတေသနအကြီးအကျယ် ပြုလုပ်ဖို့အတွက်ကိုလည်း သူက ထပ်လောင်းတိုက်တွန်းလိုက်ပါတယ်။

မိုက်ကရိုဆော့ ကုမ္ပဏီတည်ထောင်သူ ဘီလ်ဂိတ် (Bill Gates) ကလည်း ... "ကြိုတင်ကာကွယ်တားဆီးမှုမရှိဘဲ ကုသနေသေးသ၍ တာရှည်ခံမှာ မဟုတ်ဘူးလို့ ပြောသွားပါတယ်။ သူက အိပ်ချ်အိုင်ဗွီ/ အေအိုင်ဒီအက်စ်ရောဂါ အဖြစ်ဆုံး နိုင်ငံတွေမှာ အေအာဗွီ (ARV-Anti Retroviral) ဆေး ပိုမိုရရှိလာပေမယ့် ရှေ့နှစ်မှာ လူပေါင်း လေးသန်းနဲ့ငါးသန်းကြားမှာ ရောဂါကူးစက်လာလိမ့်မယ်လို့ ပြောပါတယ်။"

ဘီလ်ဂိတ်နဲ့ဇနီးဖြစ်သူ မီလင်ဒါဂိတ်ရဲ့ Gate Foundation ဟာ အေအိုင်ဒီအက်စ်ရောဂါ၊ တီဗွီနဲ့ ငှက် ဖျားရောဂါတိုက်ဖျက်ရေးအတွက် Global Fund အဖွဲ့ကို အမေရိကန် ဒေါ်လာသန်း ၅၀၀ လှူဒါန်းခဲ့ပါတယ်။

ဒီ အေအိုင်ဒီအက်စ်ညီလာခံမှာ နိုင်ငံပေါင်း ၁၃၄နိုင်ငံက သိပ္ပံပညာရှင်တွေ၊ ကျန်းမာရေးလုပ်သားတွေ၊ နိုင်ငံရေးခေါင်းဆောင်တွေ၊ အစိုးရမဟုတ်တဲ့ အဖွဲ့အစည်း စတာတွေအပါအဝင် ကိုယ်စားလှယ်ပေါင်း နှစ်သောင်းလေးထောင်လောက် တက်ရောက်ကြပါတယ်။■

14.8.06 / VOA News

မျက်နှာဖုံးမှအဆက်...

ခုထက်ထိတော့ ဘာမှအဆင်မပြေသေးဘူး။ အဆင်မပြေဘူးဆိုတာကလည်း အလုပ်အကိုင် အတည်တကျမရှိတာပါ။ (၁၅)ရက် လုပ်ပြီး (၁၅)ရက် ထိုင်စားပဲ။ နယ်စပ်မှာသစ်လုပ်ရတာက အခွန်တွေပေးရတာသက်သက်နဲ့ပဲကိုယ့်စားစရိတ်နဲ့ဆို ဘာမှမကျန်ဘူး။ ဒီကြားထဲ ငှက်ဖျားကလည်း နှိပ်စက်သေးတယ်။ ကျနော်တို့လို ယောက်ျားတွေက တော်သေးတယ်။ အခု ကျနော့်မိန်းမဆိုရင် တခါတည်းနဲ့ကိုအိပ်ရာထဲလဲသွားတာပဲ။ အခုဆရာမြင်ရတဲ့အတိုင်း ဆေးရည်တွေဘာတွေ သွင်းနေရတယ်။ ဟိုးအရင်တုန်းက မြဝတီဆေးရုံကဆရာဝန်ကြီးတယောက် ကျနော့်ကို မေးဖူးတယ်။ အဲဒီတုန်းက ကျနော်ငှက်ဖျားဖြစ်လို့ သွားပြတာကိုး။ သူကမေးတယ်၊ ဘာအလုပ်လုပ်သလဲတဲ့။ ကျနော်က သစ်လုပ်တယ်လို့ပြောတော့ သစ်လုပ်လို့ ငှက်ဖျားဖြစ်တာမဆန်းပါဘူးတဲ့။ ခင်ဗျားအသက်ငယ်သေးတယ်။ တခြား အလုပ်ပြောင်းလုပ်ပါလားလို့ ပြောဖူးတယ်။'

အဲဒါကတော့ ဆေးကုသမှုစရိတ်မတတ်နိုင်လို့ မြန်မာပြည်တွင်းကနေ မယ်တော်ဆေးခန်းကို ရောက်ရှိလာသူတဦးရဲ့ ရင်ဖွင့်သံပါ။ ဒီကိစ္စနဲ့ပတ်သက်ပြီး မယ်တော်ဆေးခန်းမှ ကျန်းမာရေးဝန်ထမ်းတဦးကအခုလို သုံးသပ်ပါတယ်။ 'ပြည်တွင်းမှာက ဆေးကုသစရိတ်ကြီးတယ်။ နယ်စပ်မှာရှိတဲ့ လူနာတွေအတွက် အထူးကုဆေးရုံကြီးတွေမှာကုဖို့ ငွေကြေးမတတ်နိုင်ကြဘူး။ ပြည်တွင်းမှာ ကျပ်နှစ်သိန်းလောက်ကုန်မှာကို ဒီဘက်ကို လာလို့ရှိရင် လမ်းစရိတ်နဲ့ ဘာနဲ့ဆို ကျပ်သုံးထောင်လောက်ပဲကုန်မယ်။ ဒါကြောင့် ဒီဘက်ကိုပဲလာကြတယ်။ ဒီဘက်မှာကျတော့ အကူအညီတွေအများကြီးရတယ်။ တိုးတက်ပြောင်းလဲမှုကို မျက်ချည်မပြတ် ကြည့်ရှုစောင့်ရှောက်ပေးတော့ လူထုက ယုံကြည်တယ်။ ရှင်းရှင်းပြောရရင်ဗျာ၊ ပြည်တွင်းမှာ လွတ်လပ်စွာ သွားလာခွင့် မရှိဘူး။ ဒါကြောင့် ဒီမယ်တော်ဆေးခန်းအထိ ရောက်အောင်လာပြီး ဆေးလာကုကြတာပါ'

ဤလူနာနည်းတူ အခြား လူနာများစွာလည်း ပြည်တွင်း၌ ရှိကြပေဦးမည်။ ကျန်းမာရေး စောင့်ရှောက်မှုစနစ် ညံ့ဖျင်းလှသည့် နအဖစစ်အုပ်စု၏ အုပ်ချုပ်မှုအောက်တွင် ဘယ်နှစ်ဦးအသက်ဆုံးရှုံးသွားခဲ့ပြီလဲ ဆိုသည်ကို မသိနိုင်။ ထိုသို့သော အခြေအနေများကြောင့် ကူကယ်ရာမဲ့နေသည့် မြန်မာပြည်တွင်းက လူနာများအနေနှင့် မည်သို့သော အခက်အခဲများရှိစေကာမူ သူတို့၏ ကျန်းမာရေးအတွက် မယ်တော်ဆေးခန်းသို့ လာရောက်နေကြဦးမည်သာ ဖြစ်ပေသည်။

(၂)

ဝါတွင်းကာလ၌ ရဟန်းသံဃာတော်များ သီတင်းသုံးရန် ကျောင်းသင်္ခမ်း၊ ဆွမ်းအတွက် ဒါယိကာနှင့် ကျန်းမာရေးကိစ္စတို့သည် အရေးကြီးလာလေ၏။ ရဟန်းသံဃာတော်များအတွက် ကျန်းမာရေးနှင့်ပတ်သက်ပြီး ပြည့်ဝစွာ ကူညီပေးစွမ်းနိုင်သည့် ဆေးရုံ၊ ဆေးခန်းမျိုး မြန်မာပြည်တွင်း၌ အလွန်ပင်ရှားပါးနေသေးသည်။

ရန်ကုန်မြို့လို မြို့ကြီးပြကြီးများ၌ 'ဇီဝိတသံဃာ့ဒါနဆေးရုံကြီး'များကဲ့သို့ ဆေးရုံ၊ ဆေးခန်းများ ရှိနေသော်လည်း အခြားနယ်များ၊ ကျေးလက်ဒေသ၊ ရပ်ရွာဒေသများတွင်မူ ယခုချိန်ထိမရှိသေးပေ။ သို့အတွက် မယ်တော်ဆေးခန်းသို့ ရောက်ရှိလာသော သံဃာတော်များကိုလည်း တွေ့ရသည်။

'ဦးပဥ္စင်းက မြဝတီက ကြွလာတယ်။ လည်ပင်းမှာ အကျိတ်ပေါက်နေလို့၊ ကိုယ်လည်းပူတယ်။ ကိုယ်ပူရင် လည်ပင်းက အကျိတ်ပါ လိုက်ပူပြီးနာတယ်။ အရင်ကတော့ မဖြစ်ဖူးဘူး။ အခုတခေါက်မှ အတော်ဆိုးတယ်။ ဆွမ်းလည်း ဘုဉ်းချင်စိတ်မရှိဘူး။ ဘာဖြစ်လို့ ဒီမှာလာကုရသလဲဆိုတော့ ဦးပဥ္စင်း ရှင်းရှင်းပဲပြောမယ်၊ မြဝတီမှာ ရဟန်းသံဃာတွေ ဆေးကုရင် ထောက်ခံစာတွေယူရ၊ ဘာရနဲ့ဆိုတော့ရှုပ်လို့။ ဒီကို တခါမှရောက်ဖူးတာ မဟုတ်ဘူး။ အခြားကိုယ်တော်တွေကို အဖော်ခေါ်ပြီးလာရတယ်။ ဝါတွင်းဆိုတော့ ဝါပန်ရတာပေါ့။ မထူးပါဘူး။ ဟိုမှာကုလည်း ဝါပန်ရတယ်။ ဒီမှာကုလည်း ဝါပန်ရတာပဲ။ ဒီမှာကပိုပြီး စိတ်ချရတယ်။ မြဝတီမှာလည်း ဆေးခန်းပြဖူးတယ်။ ဖျားလို့။ ဆေးခန်းမှာကုတော့ မသက်သာဘူး။ ဆေးရုံကို လွှဲပေးတယ်။ ဆေးရုံရောက်တော့ ဘယ်ကိုသွားရမှန်းမသိဖြစ်နေတယ်။ပိုက်ဆံလည်းတပြားမှ မရှိဘူး။ အဲဒီဆေးရုံမှာ အခန်းနှစ်ခန်းရှိတယ်။ အရေးပေါ်ဌာနနဲ့ နောက်တခန်းက ဦးပဥ္စင်းလည်း မသိဘူး။ ဟိုဌာနကိုသွားပြရင် 'မဟုတ်ဘူး ဟိုဘက်ဌာန'။ ဒီဘက်ကို ပြန်လာရင် 'မှားနေပြီ ဦးပဥ္စင်းက ဟိုဘက်မှာပြရမှာ' ဆိုပြီး ဟိုပို့ဒီပို့နဲ့ လုပ်နေတော့ ဦးပဥ္စင်းလည်း ပြန်ဆင်းလာခဲ့တယ်။ မကုတော့ဘူးပေါ့။ နောက်ကနေ ဆရာမတွေ အတင်းပြန်ခေါ်တာနဲ့ ပြန်သွားပြီးသွေးစစ်တယ်။ ဘာရောဂါပိုးမှ မရှိဘူးတဲ့။ နောက် ဆေးထိုးဖို့ ဆေးသောက်ဖို့ အတွက် ထောက်ခံစာပြန်ယူ ခိုင်းတယ်။ ကားခလည်း တပြားမှမရှိဘူး။ လမ်းလျှောက်ပြီးတော့ ကျောင်းထိုင် ဆရာတော်ဆီမှာ ထောက်ခံစာသွားယူရတယ်။ ထောက်ခံစာရလာမှပဲ ဆေးထိုးတယ်။ ဒါတောင် အကြာကြီး ထိုင်စောင့်နေရသေးတယ်။ နည်းနည်းတော့ သက်သာသလိုပဲ။ ဒါပေမယ့် စိတ်မချမ်းသာဘူးလေ။ အခြား ကိုယ်တော်တွေကလည်း မယ်တော်ဆေးခန်းမှာ လာကုဖို့ အကြံပေးလို့ ဦးပဥ္စင်း ဒီမှာ လာကုတာပါ။

ဒီမှာရောက်တော့ ဝေဒနာလည်း သက်သာတယ်။ စိတ်လည်း ချမ်းသာတယ်။ ဒုက္ခရောက်နေတဲ့သူတွေကို ကူညီတဲ့အလုပ်ဟာ အင်မတန်မွန်မြတ်တယ်။ ဒီမယ်တော်ဆေးခန်းမှာလို တော်ရုံတန်ရုံလူမလုပ်နိုင်ဘူး။ ဦးပဥ္စင်းတို့လို ဘုန်းကြီးတွေတောင် လုပ်နိုင်တာမဟုတ်ဘူး။ ဒီမှာရှိတဲ့ ကျန်းမာရေး ဝန်ထမ်းတွေ အားလုံးဟာ အများအကျိုးကို လူမျိုးဘာသာ မခွဲခြားဘဲ ကူညီပေးဆပ်နေတဲ့အတွက် လူထဲက မွန်မြတ်တဲ့ လူတွေပါပဲ။

ရဟန်းသံဃာပင် ဖြစ်နေစေကာမူ သံဃာတော်ဖြစ်ကြောင်း ထောက်ခံစာယူ ခိုင်းသည့်အတွက် ဝါတွင်းကာလဖြစ်နေသော်လည်း ဝါပန်ကာ မယ်တော်ဆေးခန်းသို့ လာရောက်ကုသမှုခံယူသော သံဃာတပါးမှထိုကဲ့သို့ မိန့်ကြားခဲ့ခြင်းဖြစ်သည်။

ထိုအကြောင်းနှင့်ပတ်သက်ပြီး မယ်တော်ဆေးခန်းမှ ဆေးမှူးတဦးက 'ရဟန်းသံဃာတွေအတွက် ကျန်းမာရေး ကိစ္စကြောင်းရာ ပေါ်ပေါက်လာရင် အလွယ်တကူ ဆေးကုသခွင့် မရှိဘူးဆိုတော့ အရမ်းကို ဝမ်းနည်းဖို့ ကောင်းနေပါပြီ'ဟု မြန်မာပြည် စစ်အစိုးရ၏ အုပ်ချုပ်မှုအောက်ရှိ ပျက်စီးယိုယွင်းနေသော ကျန်းမာရေးစောင့်ရှောက်မှု အခြေအနေကို ထင်ဟပ်ပြောကြားခဲ့သည်။■ **စောအဲအဲ**

မူးယစ်ဆေးစွဲလန်းမှုအား ကိုယ်တိုင်ကုသခြင်း

စောမာနယ်ဒါပါး(MTC)

❐ ယခင်အပတ်က ‘မူးယစ်ဆေးဝါးအန္တရာယ်ကိုယ်တိုင်ကာကွယ်’ နိုင်ကြဖို့ ဖြစ်ပေါ်တတ်တဲ့ ရုပ်ပိုင်းဆိုင်ရာထိခိုက်မှု Physical disease၊ စိတ်ရောဂါလက္ခဏာ Psychosis or Trauma Symptoms တွေနဲ့ ပတ်သက်တဲ့ သိကောင်းစရာတွေကို တင်ပြခဲ့ပါတယ်။ အဲဒီစွဲလန်းမှုတွေကို ကိုယ်ကိုယ်တိုင်က ဘယ်လိုကာကွယ်သွားနိုင်သလဲဆိုတာ အခု ထပ်ဆင့်အကြံပြုတင်ပြသွားပါမယ်။

ကုသနည်းကတော့ ၁။ ရုပ်ပိုင်းဆိုင်ရာကုသနည်း Physical Threapy ၂။ စိတ်ပိုင်းဆိုင်ရာ ကုသနည်း Mental Threapy နဲ့ ၃။ အတွေးပိုင်းဆိုင်ရာ (ယုံကြည်မှုဆိုင်ရာ) အားပေးချည်းကပ်ပံ့ပိုးသောနည်း Spiritual Approved methodတွေပဲဖြစ်ကြပါတယ်။ ဒါကို စွဲလန်းမှုဆိုင်ရာ လုပ်သား Addition workers များက သုံးပွင့်ဆိုင်ကုထုံး Triangle Threapy လို့ ခေါ်ဆိုကြပါတယ်။

ရုပ်ပိုင်းဆိုင်ရာကုသမှုနည်းနာတွေက ယေဘူယျအားဖြင့်တော့ ၁။ အပ်စိုက်ကုသနည်း(Acudetox Threapy) ၂။ အာဟာရဖြည့်ပေးနည်း၊ ၃။ နှိပ်နယ်ပေးနည်း၊ ၄။ ကာယလေ့ကျင့်ခန်းလုပ်နည်း၊ ၅။ ဖြေလျှော့နည်း (Relaxation)၊ ၆။ တိုင်းရင်းဆေးဖြင့် ကုသနည်း၊ ၇။ ချွေးပေါင်းထုတ်နည်း စသည်တို့ဖြစ်ကြပါတယ်။

စွဲလန်းမှုကို ဖြတ်ကြပေမယ့် မပြတ်ကြတဲ့ ဆေးစွဲသူတော်တော်များများကို ချဉ်းကပ်ကြည့်တဲ့အခါ မြောက်များစွာသော အကြောင်းပြချက်တွေ သူတို့ပြောကြပေလိမ့်မယ်။ အဲဒါတွေကို အမှတ်ပေးကြည့်လိုက်ရင် ‘အပေါင်းအသင်းကြောင့်နဲ့ စွဲကပ်မှု တာရှည်တာကြောင့်’ဆိုတာကို တွေ့မြင်နိုင်ကြပါလိမ့်မယ်။ အဲ ... ဖြတ်လိုတဲ့စိတ်အဓိကဆိုတာကတော့ အမှန်ဆုံးပေါ့။ ဒါပေမယ့် ‘ဖြတ်လိုတဲ့စိတ်ရှိရဲ့သားနဲ့ ဖြတ်တာ မပြတ်ဘူးကွာ’လို့တော့ ဘယ်သူမှ ပြောလေ့မရှိကြဘူး။ ရည်းစားပျက်လို့၊ မိဘနဲ့စိတ်ဆိုးလို့၊ ပျော်လို့၊ စိတ်ညစ်လို့၊ ထီပေါက်လို့ မလွန်ဆန်နိုင်လို့သောက်တာပါဆိုတဲ့ အကြောင်းပြချက်က အမှတ်နည်းနည်းပဲ ရရှိမှာပါ။ အပေါင်းအသင်းကို အလွန်အကျွံခုံမင်လို့၊ မလွန်ဆန်နိုင်လို့၊ ဆွယ်လို့သောက်ဖြစ်တာက များပါတယ်။ ဒါကို ခြုံကြည့်ရင် ‘အပေါင်းအသင်းကြောင့်’ဆိုတဲ့ခိုင်မာတဲ့အချက်တချက်ကို ရရှိနိုင်ပါတယ်။

ခန္ဓာကိုယ်ထဲ စွဲကပ်နေတာကို အရပ်ထဲပြောကြတာက ‘ဂျိုးကပ်’ကြီးပေါ့။ နှစ်ပေါင်းများစွာ မဆင်မချင်သုံးစွဲလာမှုတွေကြောင့် ခန္ဓာကိုယ်ထဲစွဲကပ်နေမှုကို မခံနိုင်သော Body tolerance experience တာရှည်နေတော့ အသည်းနှလုံး ကျောက်ကပ်အပြင်သွေးမျှင်ကြောနာဗ်ကြောတွေအထိ ပျံ့နှံ့သွားတဲ့အခါ အဲဒီအသွေးအသားတောင်းဆိုမှုတွေကြောင့်လည်း အဖန်တလဲလဲ ပြန်သုံးစွဲနေမိတာကို တွေ့မြင်နိုင်ပါတယ်။ အဲဒါကို ပင်ကိုယ်စိတ်ဆက်စပ်မှုရောဂါ Psychosomatic disorder လို့ ခေါ်ဆိုကြပါတယ်။ အဲဒီအခါ ‘မသောက်ဘဲ မနေနိုင်လို့ သောက်ရတာပါဗျာ’လို့ ပြောလေ့ မရှိဘဲ ‘ကြိုက်လို့သောက်တာ’လို့ပဲ အကြောင်းပြပြောလေ့ရှိလာကြတော့တာပါ။

ဖြတ်လိုတဲ့ ဆေးစွဲသူအနေနဲ့ ဖြတ်တော့မယ်ဆိုရင် အသစ်အသစ်ကို ပြန်မသုံးမိဖို့အတွက် အဓိကအားဖြင့် ‘အပေါင်းအသင်းကိုရှောင်’ထားဖို့နဲ့ ‘ခန္ဓာကိုယ်ထဲ စွဲကပ်နေတဲ့ အညစ်အကြေးထုတ်ပစ်ဖို့’ အထက်ပါ (၇)နည်းထဲက သင့်တော်ရာနည်းတွေနဲ့ တပြိုင်နက်ထဲ လုပ်ကြရမှာပါ။

အပ်စိုက်ကုသနည်းက တရုတ်နည်းဖြစ်ပါတယ်။ အကျိုးတရားက မူးယစ်တောင့်တမှုကို ထိန်းချုပ်ပေးခြင်း၊ ဆေးနဲ့အရက်နာကျခြင်းတို့ကို ဖယ်ရှားပေးခြင်း၊ ကျောက်ကပ်၊ အသည်းနဲ့အဆုတ်တို့ရှိ မူးယစ်ဆေးအညစ်အကြေးတို့ကို ဖယ်ရှားပေးခြင်း၊ စိုးရိမ်ခြင်း၊ အိပ်မရခြင်း၊ တုန်လှုပ်ခြင်း၊ ဒေါသကြီးခြင်း၊ အကြမ်းဖက်လိုခြင်း စသည်တို့ကို သည်းခံလာနိုင်စေရန် ထိန်းချုပ်ပေးခြင်း စတာတွေဖြစ်ပါတယ်။ တကြိမ်နှစ်ကြိမ် အပ်စိုက်ရုံနဲ့တော့ မလုံလောက်ဘူး။ သတ်မှတ်အကြိမ်ရေ ပြည့်ဝဖို့တော့လိုအပ်ပါတယ်။ သို့သော် ငွေကြေးအခက်အခဲနဲ့ အပ်စိုက်ဆရာရှာဖွေဖို့ အခက်အခဲရှိတဲ့အတွက် ဒီနည်းဟာ ကိုယ်တိုင် ကုသဖို့ ခက်ခဲလာနိုင်ပါတယ်။ မူးယစ်ဆေးကုဌာနတွေမှာ သွားရောက်ကုသရင်တော့ ဖြစ်ကောင်းဖြစ်နိုင်ပါလိမ့်မယ်။

အာဟာရဖြည့်ပေးတဲ့နည်းက အင်အားရှိတဲ့အစားအစာနဲ့ သွေးသန့်စေတဲ့ ဟင်းသီးဟင်းရွက်ကို စားသုံးပေးဖို့ပါပဲ။ နှိပ်နယ်နည်း၊ ကာယလေ့ကျင့်နည်းတွေက အကြောအချဉ် တုံ့ဆိုင်းလာတဲ့အခါ ညောင်းညာကိုက်ခဲပြီး ယင်းထလာတဲ့အခါမှာ သုံးပါတယ်။ ဖြေလျှော့နည်းက အိပ်ယာဝင်ချိန်၊ အနားယူချိန်တွေမှာ ကိုယ့်ဖာသာကိုယ် ကိုယ်ရောစိတ်ပါ အနားယူဖြေလျှော့နည်းပါ။ ဒီနည်းထဲမှာ ထွက်သက်ဝင်သက်ရှုမှတ်မှု၊ တနည်းအားဖြင့် အာရုံစုစည်းမှုနဲ့လည်း ဆက်စပ်ပါတယ်။ တိုင်းရင်းဆေးနည်းကို ရွေးချယ်ရတာက နယ်မြေ၊ ဒေသ၊ ပတ်ဝန်းကျင်၊ ရာသီဥတုနဲ့ မိမိတို့ ခန္ဓာကိုယ်သဘာဝ အသွေးအသားဟာ ကိုက်ညီလို့ပါပဲ။ နောက်ဆုံးနည်းက ချွေးပေါင်းထုတ်နည်းပါ။ လူတိုင်းအလွယ်တကူ လုပ်တတ်ကြပါတယ်။ တိုက်တွန်းပါရစေ။ လုပ်ကြည့်ကြပါ။ အကျိုးအမြတ်ကို လုပ်ပြီးတဲ့အခါ ကိုယ်တွေ့ တွေ့ကြပါလိမ့်မယ်။ နည်းနာကိုတော့ တိုင်းရင်းဆေးဆရာများ၊ ပတ်ဝန်းကျင် ပုဂ္ဂိုလ်များထံ ရယူနိုင်ပါတယ်။ ဒီ ဆောင်းပါးမှာ ချွေးပေါင်းထုတ်ခြင်းကို ကျနော်အထူးပြု တင်ပြလိုပါတယ်။

နှစ်ပေါင်းများစွာ သုံးစွဲလာတဲ့ (ဥပမာ-ဆေးလိပ်သောက်သူ)တဦးဟာ သူ့လေချဉ်တက်လိုက်တဲ့အခါ အဲဒီလေချဉ်အပုပ်နံ့ကို သူကိုယ်တိုင်မခံနိုင်သလို ပတ်ဝန်းကျင်ကလဲ မခံနိုင်ဘူး။ အဲဒီဆေးချီးနံ့ဟာ သိပ်နံတယ်။ သွားတိုက်နည်းနဲ့ ဂျင်တန်ငုံနည်းဟာ ခဏပဲရတယ်။ အဲဒါကြောင့်ချွေးပေါင်းထုတ်လိုက်ခြင်းအားဖြင့် ခန္ဓာကိုယ်အမွှေးအမျှင်နဲ့ ဒွါရပေါက်တွေကနေတဆင့် ချွေးအဖြစ်ပြောင်းလဲထွက်ကျပါလိမ့်မယ်။ အဲဒီအခါ အင်မတန်မှ ပေါ့ပေါ့ပါးပါးနဲ့ နေသာထိုင်သာရှိသွားပါလိမ့်မယ်။ ချွေးပေါင်းတဲ့နည်းနာလေးတော့ရှိပါတယ်။

ပထမ-စွဲလန်းသူရဲ့ စွဲကပ်မှုအဆင့်ကို သတ်မှတ်ရပါမယ်။ တော်တော်ထိနေပြီလား။ ဆေးရုံတက်ဖို့လိုပြီလား။ မလိုသေးဘူးလား ...။

(မလိုသေးဘူးဆိုရင်)

ပထမအပတ်= ၃-ကြိမ် ချွေးပေါင်းပါ။ တကြိမ်အများဆုံး (၈) မိနစ် (ထက် မပိုရ)

ဒုတိယအပတ်=၂-ကြိမ် ချွေးပေါင်းပါ။ တကြိမ်အများဆုံး (၈) မိနစ် (သက်သာပါက)

တတိယ/စတုတ္ထအပတ်= ၁-ကြိမ် ချွေးပေါင်းပါ။

ဒုတိယ= စွဲလန်းသူအဆင့်နည်းနည်းဆိုးတယ်လို့ သတ်မှတ်ရင် ...

ပထမအပတ်= ၄-ကြိမ်ဆေးပေါင်းပါ။ တကြိမ်အများဆုံး (၃-၄-၅)မိနစ်ထက်မပိုရ။

ဒုတိယအပတ်=သက်သာလျှင် ၃-ကြိမ်။

တတိယအပတ်=သက်သာလျှင် ၁-ကြိမ်။

သတိပြုရမည့်အချက် (၁)မှာ ချွေးပေါင်းမထုတ်ခင် သွေးပေါင်တိုင်းပါ။ သွေးတက်ပါက လုံးဝ ချွေးမပေါင်းပါနဲ့။ နေသာထိုင်သာရှိတဲ့ အခြေအနေကို စောင့်ပါ။ ချွေးပေါင်းခန်းမဝင်ခင် ခန္ဓာကိုယ်အေးသွားအောင် ရေလောင်းပါ။ မူးရင် သံပုရာရည် (သို့) အရည်တမျိုးမျိုးနဲ့ နှာရှူဆေးတမျိုးမျိုး အဆင်သင့်လုပ်ထားပါ။ ချွေးပေါင်းစဉ် အချိန်သတ်မှတ်ထားသော်လည်း မခံနိုင်တော့ပါက ချက်ချင်းရပ်လိုက်ပါ။ ခံနိုင်တယ်ဆိုပြီးလည်း အချိန်မပိုရ။ အန္တရာယ်ရှိပါတယ်။ ချွေးပေါင်းရည်ကိုသောက်ပါကပိုကောင်းပါတယ်။

သတိပြုရမည့်အချက် (၂)မှာ မူးယစ်ရောဂါအပြင် တခြားရောဂါတမျိုးမျိုးရှိပါက ချွေးမပေါင်းရပါ။ အထူးအားဖြင့် အနာကြီးရောဂါနဲ့ ကူးစက်ရောဂါတမျိုးမျိုးကို ဆိုလိုပါတယ်။ ဤအခြေအနေဆိုရင် ချွေးပေါင်းခြင်းထက် ဆေးရုံဆေးခန်းသို့ တက်ရောက်ကုသခြင်းက ပိုပြီးသင့်လျော်ပါတယ်။

ဒီနေရာမှာ စွဲလန်းသူတဦးရဲ့ ပြောပြချက်ကို အလျဉ်းသင့်လို့ တင်ပြပါရစေ။ ‘အစကတော့ ဒီနည်းကိုအထင်မကြီးဘူး၊တကယ်ချွေးထုတ်လိုက်တော့မှ တန်ဖိုးကို သိသွားတော့တယ်။ ပထမ အကြိမ် ထွက်လာတဲ့ ချွေးနံ့ဟာဗျာ အော့အန်ချင်လာသလို ရွံနေတာပဲ။ အရမ်းလည်းပေါ့ပါးသွားသလို ညောင်းညာကိုက်ခဲမှုလည်း ယူပစ်လိုက်သလိုပဲ။ ယင်းမထတော့ဘူး။ တကယ်ဗျာ အအိပ်လည်းကောင်း၊ အစားလည်းကောင်းလာတော့တာပဲ။စွဲလန်းသူတွေလည်း ဒီနည်းကို အသုံးပြုသင့်တယ်လို့ အကြံပေးလိုပါတယ်။’

ဒုတိယတင်ပြလိုတာက စိတ်ပိုင်းဆိုင်ရာကုသနည်း Mental threapy ဖြစ်ပါတယ်။ ဒီနည်းတွေက အလွန်များပြားသလို ကျယ်ပြန့်လွန်းပါတယ်။ အကျဉ်းချုပ်အားဖြင့် မူးယစ်ဆေးစွဲသူတွေဟာ စိတ်မလုံခြုံမှုကို ခံစားကြရပါတယ်။ ‘စိတ်လုံအောင်ကူညီသောနည်း’ကို သုံးခြင်းအားဖြင့် ပြန်လည်ကောင်းမွန်တိုးတက်မှုကို ဖြစ်လာစေပါတယ်။

တတိယတင်ပြလိုတာက အတွေးပိုင်းဆိုင်ရာ (ယုံကြည်မှုဆိုင်ရာ) အားပေးချဉ်းကပ်ပံ့ပိုးသောနည်း Spiritual Approved method ပဲဖြစ်ပါတယ်။ ဒီနည်းလမ်းကတော့ဖြင့် မိမိယုံကြည်သက်ဝင်မှုဆိုင်ရာ ဘာသာအလိုက် အားပေးတဲ့နည်းပါ။(အရပ်စကားကတော့ ဘုရားကု ကုနည်းပေါ့)။ AA အဖွဲ့(Alcoholic Anonymous= အရက်စွဲသူများအား လျှို့ဝှက်ကူညီသောအဖွဲ့) လိုအဖွဲ့တွေမှာကျတော့ အဆင့် (၁၂)ဆင့် ကျင့်စဉ်လို့ခေါ်တဲ့ Twelve Steps ကို ကျင့်ကြပါတယ်။ ရှည်လျားလွန်းမှာစိုး လို့ အဲဒီအဆင့်တွေကို မဖော်ပြတော့ပါဘူး။

နိဂုံးချုပ်တင်ပြလိုတာက မူးယစ်ဆေးစွဲသူတဦးဟာ သူတကယ်ဖြတ်လိုပါက ကျနော် တင်ပြခဲ့တဲ့ သုံးပွင့်ဆိုင်ကုထုံးကို သုံးစွဲခြင်းအားဖြင့် မကြာခင်ပဲ တစုံတရာ တိုးတက်ကောင်းမွန်လာနိုင်အောင် အထောက်အကူပြုပါလိမ့်မယ်လို့ တင်ပြလိုက်ရပါတယ်။■

စောမာနယ်ဒါပါး(MTC)

ရင်သွေးတွေကို ကမ္ဘာကြီးအကြောင်း မိခင်ဘာသာစကားနဲ့ မိတ်ဆက်ပေးဖို့
World Map of Burma‘s Ethnic Languages
တိုင်းရင်းသားစာပေများဖြင့် ကမ္ဘာ့မြေပုံ

◆ ကချင်(ဂျိမ်းဖော)◆ ပအိုဝ်း
◆ ကရင်(စကော) ◆ လားဟူ
◆ ကရင်(ပိုး) ◆ ရှမ်း
စာပေ ၆ မျိုးဖြင့် ထုတ်ဝေလိုက်ပါပြီ။

အလိုရှိပါက: မယ်တော်ဆေးခန်းနှင့် CDC ကျောင်းတို့တွင် အခမဲ့ရယူနိုင်ပါသည်။ (20" × 30" အရွယ်အစား။ ပလပ်စတစ်လောင်းပြီး)

ဖိတ်ခေါ်ခြင်း: ယခုထုတ်ဝေခဲ့သည့် စာပေ ၆ မျိုးတွင် အားနည်းချက် တစုံတရာ တွေ့ရှိပါက ဝေဖန်ထောက်ပြပေးစေလိုပါသည်။ ဆက်လက်ထုတ်ဝေသွားမည့် ကျန်ရှိသောတိုင်းရင်းသားစာပေများနှင့် ပတ်သက်သည့် ကြိုးပမ်းအားထုတ်မှုများတွင် အကြံဉာဏ်ပေးလိုသူများ၊ မိမိတို့နှင့်လက်တွဲ၍ အကောင်အထည်ဖော်လိုသူများကို လှိုက်လှဲစွာဖိတ်ခေါ်ပါသည်။

ဆက်သွယ်ရန်
Tel:01 688 2933,07 202 0584
Email:htooaung02@yahoo.com,nguyinpyin@yahoo.com
P.O Box 67,Mae Sot,Tak Province,63110
NYP

ချစ်တော့ချစ် ဆစ်ဖလစ်မဖြစ်စေနဲ့

ဆန်တာကလော့စ်

❐ 'ဝမ်းစမိုး ... တူးစမိုး ... သရီးစမိုး'ဟူ၍ ဩဘာသံတွေ သောသောည်သွားတာ ကြားရသည်။ မဲဆောက်မြို့မှာ ဘာတွေဖြစ်ကုန်ကြပြီလဲ ...။ မယ်တော်ဆေးခန်းနားမှာ အခုလိုမိုးရာသီဆိုတော့ ရေကြီးရေလျှံလျက်ရှိတဲ့ အနေအထားကနေ ရေပြန်ကျသွားလို့ အပျော်ကြီးပျော်ကြတာလား။ ဒါမှမဟုတ် နိုက်တင်ဂေးလ်ဂျာနယ်အဖွဲ့ချဲထီပေါက်လို့ လက်ပန်းပေါင်းခတ်ကြတာလား။ ဒါမှမဟုတ် နိုက်တင်ဂေးလ်ဂျာနယ်အဖွဲ့ ၂၀၀၆ ကမ္ဘာ့ဖလားမှာ ဘောလုံးခန့်မှန်းချက်တွေ ကွက်တိမှန်သွားလို့ ဆုတွေတထောကြီးရကြလို့လား ... စသဖြင့် မေးစရာတွေရှိသည်။ မဟုတ်ပါ၊ မဟုတ်ရေးချမဟုတ်ပါ။ မဲဆောက်မြို့ မယ်တော်ဆေးခန်းအနားက ဂုရုကြီးဆန်တာကလော့(စ်)၏ အသိုက်အမြုံမှ အားပါးတရ အော်ချလိုက်သော အသံဗလံများသာဖြစ်ပါသည်။ နို့ နေပါဦး ...။ ဂုရုကြီးဆန်တာကလော့(စ်)က ဘယ်လိုအသိုက်အမြုံ (ဝါ) ဘယ်လိုစံအိမ်ကြီးကနေ အခုလိုအသံတွေ ထွက်လာရတာတုန်းဟု စောကြောစရာဖြစ်လာသည်။ ဂုရုကြီးဆန်တာကလော့(စ်)၏ ဘုံရိပ်သာမှာ တဲစုတ်တဲခနော်နိ ခနော်နဲ့ကလေးသာဖြစ်ပါသည်။ ကြည့်ဗျာ ...၊ ဂုရုကြီး ဆန်တာကလော့(စ်)နဲ့ သူ့တပည့်တွေရဲ့ မိုက်တွင်းလေး (အဲလေ) နိုက်တင်ဂေး(လ်)အနီးက ကျန်းမာရေးသရုပ်ပြမှုတွေကိုလေ ...။

ဂုရုဆန်။ ။ ကြိုက်သွားပြီ၊ ခိုက်သွားပြီ၊ မင်းတို့ အခုလို သတ္တိရှိရှိ ဆုံးဖြတ်ချက်ချတာကို အီစကို လုံး၀-လုံး၀ ...။

ပလာတာ။ ။ ဘာဖြစ်တာလဲ၊ ခုလုလုကြီး (အဲလေ) ဂုရုကြီး။

ဂုရုဆန်။ ။ အိန်း-အိန်း၊ ဒီကနေ့ မင်းတို့ချမှတ်လိုက်တဲ့ 'ချစ်တော့ချစ် ဆစ်ဖလစ် မဖြစ်စေနဲ့'ဆိုတဲ့ ဆုံးဖြတ်ချက်ကို အီစကိုက ဝမ်းပန်းတသာ ကြိုဆိုလိုက်တာပါကွာ ...။ နှစ်ကိုယ်တူချစ်ဖို့ဆိုရင် ကြမ်းကြမ်းရမ်းရမ်းနဲ့ အဖော်မပါ ဘာမပါနဲ့ချစ်ကြရင် ဆစ်ဖလစ်ရဲ့သားကောင်တွေ မဖြစ်ရအောင်ပေါ့ကွာ။

အီကြာကွေး။ ။ ဒါက ဒီလိုရှိပါတယ်။ ဟိုဟာက ဟိုလိုရှိပါတယ် ဂုရုကြီး။ အား ... ရှုပ်ကုန်ပါပြီ။ ဒီလိုပါခင်ဗျ။ ကာလသားရောဂါဆိုတဲ့ ဆစ်ဖလစ်ရောဂါ ကျနော်တို့မှာ မဖြစ်စေဖို့အတွက် ဘာဆေးဆောင်လို့၊ ဘာဆေးရှောင်ရမယ်ဆိုတာကိုပါ တခါတည်း ဖောကြ (အဲလေ) ပြောကြရင် ကောင်းမယ် ဂုရုကြီး။

စမူဆာနှင့်နံပြား။ ။ ဝုတ်တယ်၊ ဝုတ်တယ် ဆောင့်ကန်လယ်။

ဂုရုဆန်။ ။ ဗမာလိုပဲ ပြောကြပါကွယ်၊ စီလုပ်လိုပြောမှ ငါပါအကန်ခံနေရပါဦးမယ်၊ ကဲ ... စမယ်နော်။ ဆစ်ဖလစ် (ဒါမှမဟုတ်) ကာလသားရောဂါဆိုတာ လိင်ဆက်ဆံခြင်းကနေ ကူးစက်တဲ့ရောဂါဖြစ်တယ်။ ပြီးတော့ မိခင်ကနေ ကလေးဆီကိုလည်း ကူးစက်နိုင်တဲ့ရောဂါဖြစ်တယ်။ Trepnonema palidum လို့ခေါ်တဲ့ ဘက်တီးရီးယားအကောင်တမျိုးကြောင့် ဖြစ်ပေါ်ရတာဖြစ်တယ်လို့ ဆိုတယ်လေ။

အီကြာကွေး။ ။ ကျနော်သိတာလည်းရှိတယ်။ ရောဂါလက္ခဏာတွေအနေနဲ့က ငုပ်နေတဲ့ ဆစ်ဖလစ်အဆင့်ကိုတော့ ကျနော်သိတယ်။ ဒီအဆင့်မှာက ရောဂါလက္ခဏာမပြဘူးခင်ဗျ။ (၅)နှစ်ကနေ (၁၀)နှစ်အထိ ကြာအောင် ငုပ်နေတတ်သတဲ့။ ဒီအဆင့်မှာဆိုရင် ဆစ်ဖလစ်ရောဂါရှိသူအများစုဟာ လက္ခဏာမပေါ်ဘဲ ငုပ်နေတတ်သတဲ့။ သွေးစစ်ကြည့်မှသာ ရောဂါပိုးရှိကြောင်း သိနိုင်တယ်လို့ ဆိုသဗျ။

ဂုရုဆန်။ ။ မင်းအတော် တိုးတက်လာပါကလား ဖိုးအီကြာ။ ပထမအဆင့် ဆစ်ဖလစ်ဆိုတာကို အီစကို ပြောမကွ။ ယောကျ်ားလိင်တံပေါ်မှာ အနာပေါ်မယ်ဆိုရင် အဲဒီအနာဟာ တလုံးတည်းဖြစ်မယ်၊ မနာကျင်ဘူး၊ ပြည်မရှိဘူးဆိုရင် အနာနှုတ်ခမ်းသားဟာ အကျီကြယ်သီးလို မာနေမယ်ဆိုရင် အဲဒါဟာ ပထမအဆင့် ဆစ်ဖလစ်လို့ ယူဆရမယ်တဲ့။

စမူဆာ။ ။ ဒါဆိုရင် ဒီဖေကိုယ်ကလဲ အားအားယားယားမခံ ...။

နံပြား။ ။ဟကောင် အားကျမခံလုပ်ပါဟ။

စမူဆာ။ ။ မွှားသွားလို့၊ မွှားသွားလို့၊ အားကျမခံ ဒီဖေကိုယ်ပြောပြမှာက အရေပြားမှာ ကြေးနီရောင်အကွက်တွေ ပေါ်မယ်ဆိုရင်၊ ပြီးတော့ ခန္ဓာကိုယ်ဘယ်၊ညာ နှစ်ဖက်စလုံး ညီညာစွာ အကွက်တွေပေါ်မယ်ဆိုရင် ...။

အီကြာကွေး။ ။ အကွက်တွေပေါ်တော့ သိုင်းဆရာဖြစ်ရောလားကွ။

စမူဆာ။ ။ နံ့လိုက်တဲ့ အီကြာကွေးရာ၊ အဲဒါ ဒုတိယအဆင့်ဆစ်ဖလစ်ရောဂါရဲ့ ဆိုင်းတွေ၊ ဗုံတွေကွ၊ သိုင်းဆရာတော့ မဖြစ်ဘူး။ ဆိုင်းဆရာတော့ဖြစ် (အဲလေ) မင်းကိုရှင်းပြရတာနဲ့ ငါတောင်ယောင်သွားပြီ။ ဆက်ပြောမယ်။ အဲဒီလို အကွက်တွေပေါ်လာပေမယ့် မနာဘူးတဲ့။ မယားဘူးတဲ့။

နံပြား။ ။ မယားဘူးဆိုတာ သေချာလို့လား။ ဘယ်လိုလုပ်သိနိုင်မှာလဲ။

စမူဆာ။ ။ ကလိထိုးကြည့်လို့ (ဟာဟုတ်ပါဘူး) ဒီကောင်တွေ ဝင်ဖောက်နေတာနဲ့ ကျနော်ပြောရမှာ ရှေ့ဆက်ဖို့ခက်နေပြီ။ ကဲ ... ဆက်ပြောမယ်။ ဆံပင်တွေ အကွက်လိုက်ကျွတ်မယ်တဲ့။ စွတ်စိုတဲ့နေရာတွေဖြစ်တဲ့ ပါးစပ်တဝိုက်၊ ဆံပင်တဝိုက်၊ ပေါင်ခြံအတွင်းပိုင်း၊ ချိုင်း၊ စအိုစတာတွေမှာ ကြွက်နို့ပုံစံ အဖုသီးတွေ ပေါက်မယ်တဲ့ဗျ။

ဂုရုဆန်။ ။ တော်ရှာပါပေ့တော်ရေ့၊ တော်ရေ့လို့ ချီးကျွေး(အဲလေ)ချီးကျူးလိုက်ပါတယ် စမူဆာရယ် ...။ ဩော် ... ဒါထက် တတိယအဆင့် ဆစ်ဖလစ်ကိုရော ဘယ်သူဖော (အဲ) ပြောမှာလဲ။ လုပ်စမ်းပါဦး။

ပလာတာ။ ။ အလှည့်ကျလာတော့လဲ ဆိုက္ကားထွက်ရမှာပေါ့ဗျာ ...။

နံပြား။ ။ နင့်ကြီးတော် ယောကျ်ားဆိုက္ကားလား။ အလှည့်ကျတော့ မနွဲ့ကြစတမ်းလုပ်ပါဟ ...။

ပလာတာ။ ။အေးကွာ၊ တပည့်လေးနံပြားက စာထောက်၊ စကားထောက်၊အထောက်သိပ်တော်သကိုးကွ။ ဒါကြောင့်လည်း ကားပေါ်၊ ရထားပေါ်မှာ ခဏခဏ လူမိတာ...။ ထားပါလေ။ တတိယအဆင့် ဆစ်ဖလစ်ရဲ့ ဗေဒင်ကတော့ (အဲလေ)လက္ခဏာကတော့ ရှေ့ကနှစ်ဆင့်ကနေ ကုသလို့ မပျောက်ကင်းဘဲ ရောက်လာတဲ့အဆင့်ဖြစ်သတဲ့။ ဆေးဝါးကုသမှုမခံယူဘူးဆိုရင် ဒီတတိယအဆင့်မှာ ဦးနှောက်၊ ကြောရိုး၊ အာရုံကြောမအထိ ရောဂါပိုးရောက်နိုင်တာမို့လို့ ရူးကြောင်ကြောင်ဖြစ်သွားနိုင်သတဲ့။ ပြီးတော့ နှလုံးရောဂါလည်း ဖြစ်သွားနိုင်သတဲ့ဗျာ။

ဂုရုဆန်။ ။ငါ့တပည့်တွေက တော်တော်အဆင့်မြင့်လာကြပြီပဲ။ ဆက်ကြရအောင်နော်။ ကူးစက်ပုံတွေကို လေ့လာကြည့်မယ်ဆိုရင် လိင်ကနေတဆင့် ကူးတာရှိတယ်။ ရောဂါပိုးရှိသူရဲ့ အနာတို့ သွေးတို့နဲ့ ထိတွေ့မိလို့ ကူးတာရှိတယ်။ ဘယ်လိုထိတွေ့တာတွေလဲဆိုတော့ လူရဲ့ပါးစပ်ရယ်၊ လိင်တံရယ်၊ မိန်းမအင်္ဂါရယ်၊ စအိုဝမှာရှိတဲ့အနာတွေနဲ့ ထိတွေ့ကြရင်း ကူးစက်ကြသတဲ့။

အီကြာကွေး။ ။ ဒါတွေကတော့ ရှင်းပါပြီ။ ရောဂါပိုး ရှိမရှိဆိုတာကို ဘယ်လိုလုပ်သိနိုင်မလဲဗျ။

ဂုရုဆန်။ ။ သွေးစစ်ခြင်း၊ (VDRL Test) စစ်ကြည့်ခြင်းအားဖြင့် သိနိုင်သတဲ့။

နံပြား။ ။ ကုသပုံကုသနည်းလေးတွေကိုရော သိရင် နမဝေ (အဲလေ) မျှဝေပါဦး။

ဂုရုဆန်။ ။ နင့်ကိုတော့ နွားမဝေလိုက်မဟေ့။ ပင်နီဆီလင်(penicillin)ဆေးနဲ့ကုသရင် ပျောက်ကင်းနိုင်သတဲ့။ ကြောက်စရာကောင်းတာမှန်ပေမယ့် ဆေးကုသမှုအပြည့်အဝခံယူမယ်ဆိုရင် လုံး၀ပျောက်ကင်းနိုင်တဲ့ရောဂါဖြစ်သတဲ့။ အဲ ... အရေးကြီးတာတခုရှိသေးတယ်။ မိမိကုသရုံနဲ့ မလုံလောက်ဘူး။ မိမိရဲ့လိင်ဆက်ဆံဖော်ကိုပါ ဆေးကုသဖို့ လိုအပ်သတဲ့။

ပလာတာ။ ။ အေးဗျာ ... ဂျင်ဂျင်လယ်နော့လိပ်ရတယ်။

အီကြာကွေး။ ။ နင့်ကြီးတော် ဂျင်ဂျင်လယ်နော့လိပ်လား၊ ဂျင်နရယ်နော်လိပ်(ချ်)ရတယ်။ (ဗဟုသုတရတယ်)ပြောပါကွာ။

နံပြား။ ။ တော်ကြကွာ အကြီးကောင်ရော၊ အငယ်ကောင်ရော၊ ကျနော်သိချင်တာ ဆက်မေးမယ်နော် ဂုရုဆန်။ ကာကွယ်ရေးလုပ်ရင်ကော မဖြစ်ဘူးလား။

ဂုရုဆန်။ ။ မှန်တာပေါ့နံပြားရ၊ ကာကွယ်ခြင်းဟာ ကုသခြင်းထက် သာလို့ကောင်းတာပေါ့ဟ၊ နှစ်ချက်ကိုပဲ လိုက်နာကြ (ဆောင်ကြရင်)ရပါပြီကွာ၊ (တစ်) ရောဂါပိုးရှိသူရဲ့အနာ၊ သွေးနဲ့မထိတွေ့စေဖို့ သတိရှိ၊ (နှစ်) ကွန်ဒုံးသုံးပြီးတော့ လိင်ဆက်ဆံ၊ ဒီနှစ်ချက်ကို ရာသက်ပန် ဆောင်ထားရင် မင်းလားကွ ကာလသားဆိုပြီး အပျင်းရှုပ် လို့ အပြတ်ရှင်းနိုင်ကြတယ်ကွ။ ဒီတော့ကား ... ငါကမေးမယ်။ မင်းတို့ချစ်တတ်ကြသလား။

တပည့်လေးယောက်။ ။ ချစ်တတ်ပါတယ် ဂုရုကြီး။

ဂုရုကြီး။ ။ ချစ်တတ်ရင် ဟိုမှာအုန်းခြစ်၊ ဝိုင်းချစ်ကပေရော့ ...။ ပျော်စေပျက်စေပါကွာ။ အေး ... ချစ်တော့ချစ်ကြ၊ ဆစ်ဖလစ်မဖြစ်စေနဲ့၊ အဲဒါကို သံပြိုင်ဆိုကြဟေ့။

'ချစ်တော့ချစ် ...ဆစ်ဖလစ်မဖြစ်စေနဲ့' တည်းဟူသော တပည့်ကျော်လေးယောက်၏ တခဲနက်၊ နှစ်ခဲနက်၊ သုံးလေးခဲနက် သံပြိုင်ဟစ်ကြွေးသံများသည် မယ်တော်ဆေးခန်းအနီးရှိ နိုက်တင်ဂေး(လ်)ဂျာနယ်တိုက်တဝိုက်နှင့် ဂုရုဆန်၏မြေစိုက်တဲငယ် အသိုက်အမြုံကို လွှမ်းခြုံကျရောက်လာသည်က မိုးသီးမိုးပေါက်များပမာ...။ ဟုတ်ကဲ့ ... မိုးသီးမိုးပေါက်များပမာ။ ■

ဆန်တာကလော့(စ်)

ပြင်ဆင်ဖတ်ရှုပါရန်

နိုက်တင်ဂေးလ်ကျန်းမာရေးဂျာနယ် အတွဲ-၁၊ အမှတ်-၆၊ ဇူလိုင်လထုတ် စာမျက်နှာ (၃)တွင်ပါရှိသည့် 'သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ်လှုပ်ရှားမှုများ'သတင်းတွင် ကျောင်းပေါင်း (၈၀) အစား ကျောင်းပေါင်း (၃၁)ကျောင်းဟု ပြင်ဆင်ဖတ်ရှုပါရန် လေးစားစွာပန်ကြားအပ်ပါသည်။

နိုက်တင်ဂေးလ်ကျန်းမာရေးဂျာနယ်အယ်ဒီတာအဖွဲ့.

သတင်းဓာတ်ပုံရသ

မရဏာတံခါးဝက ကြိုမယ့်သူ

သုည



❒ ကျုပ်ကို ခင်ဗျားတို့ သိကြလား။ အမှန်တော့ ခင်ဗျားတို့နားမှာ ကျုပ်အမြဲတမ်းရှိနေပါတယ်။ ခင်ဗျားတို့ အမိဝမ်းထဲကနေ အူဝဲဆိုတဲ့ သံစဉ်နဲ့ လောကကြီးကို ကောင်းသောနေ့ပါလို့ စတင်နှုတ်ဆက်ကတည်းက ခင်ဗျားတို့အနားမှာ ကျုပ်ရှိနေတာပါ။ တချို့ကလည်း မသိချင်ယောင်ဆောင်နေတယ်။ တချို့ကတော့ ရှောင်ပုန်းကြတယ်။ တချို့ကမေ့နေတယ်။ ဘယ်လိုပဲနေနေ၊ ဘယ်လိုပဲလုပ်လုပ် ကျုပ်လက်ထဲကဘယ်သူမှ ပြေးမလွတ်သေးဘူး။ ဒီလောက်ဆိုရင် ကျုပ်ဘယ်သူလဲဆိုတာ ခင်ဗျားတို့ သိကြပြီပေါ့။ ကျုပ်ဟာ ချစ်စရာကောင်းတဲ့ သူတယောက်မဟုတ်ပါဘူး။ မုန်းစရာကောင်းတဲ့သူ မဟုတ်သလို ကြောက်စရာလည်းမကောင်းပါဘူး။ ခင်ဗျားတို့ လူ့လောကထဲဝင်လာချိန်မှာ ဝမ်းပန်းတသာနဲ့ ကြိုဆိုပြီး လူ့လောကထဲကနေ တိတ်တိတ်ကလေး ပြန်ခေါ်ထုတ်ခဲ့တာ ကျုပ်ပါပဲ။ အမှန်တော့ ခင်ဗျားတို့ရဲ့ နောက်ဆုံးအချိန်မှာ ကျုပ်ဟာ နောက်ဆုံးကျန်ခဲ့တဲ့ တဦးတည်းသော အဖော်မွန်ပါပဲ။ အူကြောင်ကြောင်နိုင်လှတဲ့ အတွေးအခေါ်တွေကို တရားသေဆုပ်ကိုင်ထားတဲ့ တချို့လူတွေကျတော့ ကျုပ်နဲ့မတွေ့ချင်ကြဘူး။ ရှောင်ပြေးကြတယ်။ ကျုပ်က လူတန်းစားမရွေးပါဘူး။ ဘာသာလူမျိုးလည်းမခွဲခြားဘူး။ အားလုံးကို တန်းတူဆက်ဆံတယ်။ အချိန်တန်ရင် ကျုပ်ရောက်လာမှာပဲ။ ကျုပ်အကြောင်းကို သိနားလည်တဲ့လူတွေကျတော့ ကျုပ်အလာကို ပြုံးပြုံးကြီးနဲ့ စောင့်နေကြတယ်။ ဒီလိုလူမျိုးကို ကျုပ်က ခေါ်သွားဖို့တောင် အားနာတယ်။ တကယ်ပါ။ သေခြင်းတရားကို ပျက်ရယ်ပြုနိုင်တဲ့သူကို ကျုပ်လေးစားတယ်။

အမှန်တော့ ကျုပ်က အရမ်းအလုပ်များတယ်ဗျ။ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အလုပ်များတယ်ဆိုတာ ကျုပ်အတွက်ပါးပါးလေးပဲရှိတယ်။ ကျုပ်အလုပ်တွေက အထူးသဖြင့် ဖွံ့ဖြိုးဆဲဒေသတွေမှာ ပိုရှုပ်တယ်။ နေ့ရောညပါလုပ်နေရတာ။ အချိန်ပိုပါဆင်းရတာပေါ့ဗျာ။ ဒါပေမယ့် တနေ့တနေ့ ကျုပ်ခေါ်ထုတ်သွားတဲ့သူမနည်းသလို ပြန်ဝင်လာတဲ့သူတွေလည်းမနည်းပါဘူး။ ဒါပေမယ့် အဲဒီလူတွေ အများစုက ပြန်မထွက်ချင်ကြဘူး။ ကျုပ်နဲ့တွေ့ရမှာ ကြောက်ကြတယ်။ ကျုပ်ကလည်း သူတို့ဆီကို အစောကြီးမလာချင်ပါဘူး။ လောကကြီးရဲ့ ခါးသီးတဲ့နေ့ရက်တွေကို တဝကြီးခံစားစေချင်သေးတယ်။ ဖွံ့ဖြိုးဆဲဒေသကလူတွေဟာ လူ့လောကကြီးဆိုတာကို ချိုသလား၊ ခါးသလားတောင်မသိရသေးခင်မှာဘဲ ကျုပ်နဲ့တွေ့သွားခဲ့ရရှာပါတယ်။ စိတ်မကောင်းပါဘူး။ တခါတရံမှာရောက်ရှိလာမယ့် လူတယောက်ကို ကြိုဆိုဖို့အတွက် ကျုပ်သွားလိုက်တာမမျှော်လင့်ဘဲတယောက်ကို ကျုပ်ပြန်ခေါ်လာရတယ်။ ကျုပ်အပြစ်မဟုတ်ပါဘူး။ လူ့လောကမှာ ရှုပ်ယှက်ခပ်နေတဲ့ ကျန်းမာရေး၊စီးပွားရေး၊ လူမှုရေးစတဲ့ 'ရေး'ပေါင်းများစွာက ကျုပ်နဲ့တွေ့ဖို့ဖန်တီးပေးလိုက်တာပါ။ ဒါကြောင့်လည်း ကျုပ်ခေါ်ထုတ်သွားရတဲ့လူ စာရင်းတွေထဲမှာ ငါးနှစ်အောက်ကလေးနဲ့ အမျိုးသမီးဦးရေက ပိုပြီးများနေတာပေါ့။

လူတွေက ကျုပ်ကို မင်္ဂလာမရှိတဲ့ကောင်။ နိမိတ်မရှိဘူးတဲ့။ ခင်ဗျားတို့ စဉ်းစားကြည့်ပါဗျာ။ ကျောက်တုံးကျောက်ခဲတွေတောင်မှ နှစ်ကာလကြာရင် ပြိုပျက်သွားသေးတာပဲ။ ခင်ဗျားတို့က ဘာသားနဲ့ ထုထားလို့တုန်း။ ဖြစ်ပြီးရင်ပျက်မယ်။ ပျက်ပြီးရင် ပြန်ဖြစ်တယ်ဆိုတာ သဘောပေါက်တယ်မဟုတ်လား။ အမှန်တော့ ကျုပ်က သူ့နေရာသူပြန်ထားပေးတာပါ။ သူနေရာနဲ့သူရှိနေမှ လောကကြီးက အရမ်းသာယာတာ။ ကျုပ်က မင်္ဂလာမရှိတဲ့ကောင်မဟုတ်ပါဘူး။ ခင်ဗျားတို့ မနက်မိုးလင်းလို့ မျက်နှာသစ်ပြီးတော့ မင်္ဂလာ နံနက်ခင်းပါလို့ နှုတ်ဆက်လိုက်ကတည်းက ကျုပ်က ခင်ဗျားတို့ကို ကံကောင်းပါစေလို့ ဆုတောင်းပေးပြီးသားပါ။ ကောင်းပြီလေ။ လူ့လောကမှာရှိတဲ့ လူဆိုးလူမိုက်တွေ ဘုရားမကြိုက်၊ နတ်မကြိုက်တာမလုပ်ဘူး။ ကိုယ်ကြိုက်တာပဲကိုယ်လုပ်တယ်ဆိုတဲ့ ဆန်ကုန်မြေလေးတွေကို ခင်ဗျားဘာကြောင့် စောစောစီးစီးမခေါ်သလဲလို့ ကျုပ်ကို မေးခွန်းထုတ်စရာရှိလာပါလိမ့်မယ်။ ဒီတော့ ကျုပ်ကလည်း ဖြေစရာတခုပဲရှိတယ်။ ဒီကနေ့ ဖွံ့ဖြိုးဆဲနိုင်ငံတွေမှာ ကြုံတွေ့နေရတဲ့ အာဟာရချို့တဲ့မှုတွေ၊ ငတ်မွတ်ခေါင်းပါးမှုတွေ၊ ကပ်ရောဂါဆိုးကြီးတွေ၊ ဆယ်ကျော်သက်မျိုးဆက်ပွားပြဿနာတွေ၊ မိခင်သေဆုံးမှုတွေကို ခင်ဗျားတို့ တားဆီးနိုင်ရင် ခုနက ခင်ဗျားတို့ပြောတဲ့ ဆန်ကုန်မြေလေးတွေကို တမိနစ်တယောက် ကျုပ်ခေါ်ထုတ်သွားမယ်။ အခုတော့ ခင်ဗျားတို့ ထိထိရောက်ရောက်မလုပ်နိုင်လို့ မိခင်လောင်းတွေကိုပဲ တမိနစ်တယောက်နှုန်းနဲ့ ကျုပ်ခေါ်ထုတ်နေရတယ်။ ရောဂါဆိုးကြောင့်၊ အာဟာရချို့တဲ့မှုကြောင့်၊ ကိုယ်ဝန်ဆောင်ပြဿနာတွေကြောင့် ကျုပ်ခေါ်ထုတ်သွားရတဲ့လူတွေဟာ စစ်ပွဲမှာ သေကြေတဲ့သူတွေထက်ပိုများနေတာ ခင်ဗျားတို့ သတိထားမိလား။ ကျုပ်က သူတို့ကို အစောကြီးမခေါ်ချင်ပါဘူး။ လူ့လောကအတွက် ကောင်းကျိုးတွေအများကြီးလုပ်စေချင်တယ်၊ ပေးဆပ်စေချင်တယ်။ ဒါပေမယ့် ကိုယ်ကျိုးတခုတည်းကြည့်ပြီး ကိုယ့်အာဏာတည်မြဲရေးအတွက် ဘယ်သူ့ကိုမဆို ဖမ်းဆီးနှိပ်စက်ညှင်းပန်းသတ်ဖြတ်တတ်တဲ့ စစ်အာဏာရှင်တွေ၊ တိုင်းပြည်ကို မကောင်းအောင်သာလုပ်တတ်ပြီး ကောင်းအောင်မလုပ်တတ်၊ မလုပ်ချင်ကြတဲ့ စစ်အစိုးရ၊ အာဏာရှင်အစိုးရတွေကြောင့် ဒီလူတွေကို ကျုပ်မခေါ်ချင်သေးဘဲ ခေါ်ခေါ်နေရတာ။

လူဆိုတာ ဦးနှောက်မြင့်မားတယ်၊ တွေးခေါ်ကြံဆမှုရှိတယ်လို့ ဆိုကြတယ်ခင်ဗျ။ ကျုပ်အတွက်တော့ ရယ်စရာပဲကောင်းပါတယ်။ မယုံရင် သူတို့ကို သေတဲ့အကြောင်းသွားပြောကြည့်ပါလား။ အများစုက နိမိတ်မရှိ၊ နမာမရှိဆိုပြီး စိတ်ဆိုးကြတယ်။ သင်္ချိုင်းကုန်းကို ကြောက်လန့်ကြတယ်။ လူသေဆိုရင် ရွံတတ်ကြတယ်။ မသာတခေါက် ကျောင်းဆယ်ခေါက်တဲ့။ ခင်ဗျားတို့လည်း သေရဦးမှာပါ။ ကိုယ့်အလှည့်ကို မမေ့နဲ့ဦး။ အတ္တတွေ၊ မာနတွေကို ဥပေက္ခာပြုပြီး လောကအကျိုးကို ထမ်းဆောင်ကြည့်ပါ။ အသက်မဆုံးသင့်ဘဲ ဆုံးရှုံးနေကြရတဲ့ ပြဿနာတွေကို ဝိုင်းဝန်းကာကွယ်ကြပါ။ ဒါတွေလုပ်ပြီးလို့ အချိန်တန်ရင် ကျုပ်ရောက်လာခဲ့မယ်။ ခင်ဗျားတို့ ပြေးမလွတ်ဘူး။ သေမှာကို ကြောက်နေရင် သင်္ချိုင်းမြေကို နင်းရမှာကြောက်နေရင် သုဘရာဇာကြီးက ကြည့်ပြီးရယ်နေမှာ ခင်ဗျားတို့ မရှက်ဘူးလား။ အချိန်မရှိဘူး။ ခင်ဗျားဘာလုပ်ပြီးပြီလဲ၊ ခင်ဗျားတို့အနားမှာ ကျုပ်အမြဲရှိနေတယ်။ ကြုံတုန်းတခုပြောရဦးမယ်။ တချို့က သေချင်တယ်လို့ ညည်းနေကြတယ်။ အမှန်တော့ တကယ်မသေရဲကြဘူး။ တချို့ကျတော့ လုံးဝမသေချင်ဘူး။ တချို့ကဆင်းရဲတယ်၊ တချို့ကချမ်းသာတယ်။ ဒါက လောကမှာဖြစ်ပျက်နေတာပါ။ ကိုယ်ဖြစ်ချင်တာလဲမဖြစ်ရဘူး။ ကိုယ်လုပ်ချင်တိုင်းလဲမလုပ်ရဘူး။ စိတ်ညစ်စရာ၊ စိတ်ပျက်စရာ၊ ပျော်ရွှင်စရာ၊ ဝမ်းနည်းစရာတွေနဲ့ ကြုံတွေ့ခံစားနေကြတယ်။ ကိုယ်ဖြစ်ချင်တိုင်းသာဖြစ်ရမယ်ဆိုရင် ဗုဒ္ဓဘုရားက ဒုက္ခတရားကို ဘယ်ဟောကြားခဲ့မလဲ။ ကံအရပဲပြောပြော ဘုရားသခင်အလိုတော်အရပဲပြောပြော အဓိပ္ပါယ်က ကိုယ်ဖြစ်ချင်တိုင်း မဖြစ်ရဘူး။ ဘယ်လိုပဲဖြစ်ဖြစ် အချိန်တန်တော့ ခင်ဗျားတို့ အိမ်တံခါးကို ကျုပ်လာခေါက်ရလိမ့်မယ်။ အနေးနဲ့အမြန်ပဲကွာမယ်။ နိဗ္ဗာန်ယာဉ်မှာရေးထားတဲ့ စာတန်းကို ခင်ဗျားတို့ သတိထားမိရဲလား။ 'နောက်တခါ မင်းအလှည့်'တဲ့။

အမှန်တော့ သေခြင်းတရားနဲ့ အသက်ရှင်သန်ခြင်းဆိုတာ လက်ဖမိုးနဲ့လက်ဖဝါးလို ဟိုဘက်ဒီဘက်ပဲကွာတယ်။ နီးနီးလေးပါပဲ။ အသက်ရှင်သန်နေတာခြင်းအတူတူ ဘာရောဂါမှမဖြစ်ဘူး၊ အာဟာရလည်းမချို့တဲ့ဘူး၊ မိခင်တွေလည်းမသေဘူး၊ စစ်လည်းမဖြစ်ကြဘူးဆိုရင် တကယ်ပျော်စရာကောင်းတဲ့လောကကြီးပါပဲ။ အဲ .. သဘာဝဘေးအန္တရာယ်တွေကြောင့်တော့ ကျုပ်တခါတလေ အလည်လာရမှာပဲ။ အဲဒီလိုပါပဲ။ သေရတာခြင်းအတူတူ မိမိအကျိုးအတွက်ကိုပဲကြည့်ပြီး အလုပ်လုပ်ရင်း သေရတာထက် အများအကျိုးအတွက် အလုပ်လုပ်ပြီးသေရတာ ပိုမြတ်ပါတယ်။ ဒီလိုသတ္တဝါတိုင်းသေရမှာခြင်းအတူတူ အာဟာရချို့တဲ့လို့၊ ရောဂါဖြစ်လို့ သေတဲ့သူတွေအတွက်တော့ မဖြစ်သင့်တဲ့ ပြဿနာတရပ်ပါပဲ။ ဒီလိုပြဿနာတွေနဲ့ အသက်ရှင်နေတော့လည်း လူဖြစ်ရှုံးတာပေါ့။ အခြားဖွံ့ဖြိုးပြီးနိုင်ငံကြီးတွေမှာ စားကောင်းသောက်ဖွယ်တွေနဲ့ စားသောက်နေရတဲ့အချိန်မှာ ဒီဘက်ဒေသတွေမှာတော့ အစာရေစာမဝမလင်ဖြစ်ပြီး ရောဂါတွေဖြစ်ကြတယ်၊ သေကြေနေကြတယ်။ ခေတ်မီဆေးဝါး၊ ခေတ်မီစက်ကိရိယာတွေနဲ့ သေခြင်းတရားကို အံတုအနိုင်ယူနေတဲ့မှာ ဒီဘက်ဒေသက ကလေးသူငယ်တွေအတွက်၊ အမျိုးသမီးတွေအတွက် ကျုပ်အလုပ်ရှုပ်နေရတယ်။ ဒီလိုဖြစ်နေရတာ ဘယ်သူ့ကြောင့်ပဲ ဖြစ်ဖြစ် ခင်ဗျားတို့အနေနဲ့ ဆေးဆရာကလည်း ဆေးဆရာအလျောက်၊ ကျောင်းဆရာကလည်း ကျောင်းဆရာအလျောက် ဒီပြဿနာတွေနည်းနိုင်သမျှ နည်းအောင် ပြုလုပ်စေချင်တယ်။ ကျုပ်လည်း သူတို့ကို ခဏခဏ မခေါ်ချင်တော့ဘူး။ ဒါပေမယ့် ခင်ဗျားတို့အားလုံး ကျုပ်ကို ရှောင်မပြေးကြပါနဲ့။ ပြေးမလွတ်ဘူး။ အချိန်တန်ရင် ခင်ဗျားတို့ရဲ့ အိမ်တံခါးကို ကျုပ်လာခေါက်မယ်။ ဒီတော့ ကျော်ဟိန်းပြောသလို 'ခင်ဗျား ဘာလုပ်ပြီးပြီလဲ'။ လူ့ဘဝဆိုတဲ့ ဧည့်ခန်းထဲမှာ ဧည့်သည်ဖြစ်နေတဲ့ ခင်ဗျားတို့တတွေဟာ ဧည့်ခန်းထဲက အမျိုးသမီးတွေ၊ ကလေးသူငယ်တွေနဲ့ အခြားသူတွေမှာ ဘာပြဿနာတွေ ကြုံတွေ့နေရလဲဆိုတာကို သတိထားမိရဲ့လား။ သတိထားမိရင်လုပ်ကြပါ။ ခုလောလောဆယ်တော့ လူတယောက်ကို ကျုပ်သွားခေါ်ရဦးမယ်။ နောက်တခေါက်ကျရင် ခင်ဗျားတို့ကို ကျုပ်လာခေါ်မယ်။ ■

သုည

စာမျက်နှာ(၁၀)မှအဆက်...

သွားကြည့်တော့ အဖြေလွှာစာရွက်ပေါ်မှာ သူရေးထားတဲ့စာတွေဟာ အပေါ်တက်လိုက်၊ အောက်ဆင်းလိုက်၊ စာလုံးတွေ ပူးကပ်ပြီး ထပ်သွားလိုက် ဖြစ်နေတာတွေ့ရပါတယ်။ သမီးဘာဖြစ်တာလဲလို့ မေးလိုက်တော့မှ ရှိုက်ကြီးတငင်ငိုကြွေးပြီး အခုရေးနေတဲ့စာတွေကော မေးခွန်းကိုပါ သူဘာမှ မမြင်ရတော့ကြောင်း ပြောပါတယ်။ ကျမတို့လည်း သူ့ကို ချော့မော့ပြီး ဆက်မဖြေဖို့ပြောပေမယ့် သူက ရအောင်ဆက်ဖြေမယ်ဆရာမ၊ မေးခွန်းဖတ်ပြပါလို့ပြောပြီး ရသလောက် ကောက်ကောက်ကွေးကွေးတွေနဲ့ ဆက်ဖြေနေတာကို ဆရာမတွေ စိတ်မကောင်းစွာကြည့်နေခဲ့ရပါတယ်။

သူကျေနပ်အောင်ဖြေပြီးတော့မှ သူ့မိဘများလက်ကို အပ်ခဲ့ရပါတယ်။ သူ့မိဘတွေလည်း စာမေးပွဲခန်းက အပြန်မှာပဲ ဦးနှောက်နဲ့ အာရုံကြောအထူးကုဆရာဝန်ကြီးဆီကို ပြေးကြပါတော့တယ်။ ဆရာဝန်ကြီးက ဆေးရုံတန်းတက်ခိုင်းပြီး အမျိုးမျိုးစမ်းသပ်၊ ဦးနှောက်ဓာတ်မှန်ရိုက်ကြည့်ပြီး ဦးခေါင်းထဲမှာ ရေအိတ်တွေဖြစ်နေပြီး အဲဒီရေအိတ်တွေက ဦးနှောက်ကိုဖိထားတယ်။ ခွဲစိတ်ကုသရမယ်။ ဒါပေမယ့် ခွဲစိတ်ရမယ့်နေရာတွေက အရေးကြီးပြီး ခက်ခဲတဲ့နေရာတွေဖြစ်နေတဲ့အတွက် ကလေးတွေအတွက် မျှော်လင့်ချက် (၅၀/၅၀)ပဲလို့ ပြောကြောင်း မိဘများမှတဆင့် သိရချိန်မှာတော့ သူ့မိဘများနဲ့တန်းတူ ကျမတို့ အလွန် စိတ်ထိခိုက်ကြရပါတယ်။ မခွဲစိတ်ရင်လည်း ကောင်းလာနိုင်ဖွယ်မရှိတော့တဲ့အတွက် အရဲစွန့်ပြီး ခွဲစိတ်ဖို့ကို သဘောတူခဲ့ကြပါတယ်။ ခွဲစိတ်ပြီးချိန် ကြားရမယ့်သတင်းကို ရင်တမမနဲ့ အားလုံး စောင့်စားနေကြပါတယ်။ ကြားလိုက်ရတဲ့သတင်းကတော့ သမီး ဆုမွန်ကွယ်လွန်သွားပြီတဲ့။

သမီးဆုမွန်ကွယ်လွန်ခဲ့တာ (၁၁)နှစ်ရှိသွားပါပြီ။ မျက်စိအဆုံး နားအရှုံးဆိုတဲ့ ဆိုရိုးလေးကို ကြားတိုင်း မညီမညာနဲ့ ကောက်တိ ကောက်ကွေးစာကြောင်းတွေကို ရအောင်ကြိုးစားရေးပြီး စာမေးပွဲ ဖြေသွားသေးတဲ့ သမီးကို သတိရ နေမိပါတယ်။ ■

မာလေးမောင်

လွင့် မျော နေ သော တိမ် များ

ခိုင်မာကျော်ဇော

❐ ရုတ်တရက် ဆုပ်ကိုင်လိုက်တဲ့ လက်တစုံရဲ့ အထိအတွေ့ကြောင့် ကြက်သီးတွေ ဖြန်းကနဲ ထသွားတယ်၊ သူလေးရဲ့လက်ချောင်းလေးတွေဟာ ဒီလောက်အေးခဲပြီး စေးထန်းနေလိမ့် မယ်လို့ မထင်ခဲ့မိ။ ပျက်သွားတဲ့ အမူအယာကို ချက်ချင်းထိန်းလိုက်ပေမယ့် ဘယ်လိုမှ မမီလိုက်။ သူက အသံ တိုးတိုးလေးနဲ့ မေးလာတယ်။ 'လန့်သွားသလား' တဲ့။

ကောင်မလေးနဲ့ ကျမ တယောက်လက်ကိုတယောက် တင်းတင်းကြပ်ကြပ် ဆုပ်ကိုင်ထားပြီး ခဏလေး ငြိမ်သက်သွားတယ်။

တကယ်တော့ ကောင်မလေးဟာ ဘယ်သူလဲ၊ ဘယ်ကလာသလဲ၊ ဘယ်မှာနေသလဲ ကျမ မသိပါ၊ ကျမ ဘယ်သူဘယ်ဝါဆိုတာလည်း ကောင်မလေး မသိပါ။

ကောင်မလေးနဲ့ ကျမ မယ်တော်ဆေးခန်းမှာ ဆုံတွေ့ခဲ့ခြင်းပါ၊ ကောင်မလေးက မယ်တော်ဆေးခန်းက ပို့ချတဲ့ အိပ်ချ်အိုင်ဗွီအေအိုင်ဒီအက်စ်ပညာပေး အလုပ်ရုံ ဆွေးနွေးပွဲကို တက်လာတဲ့ အလုပ်သမလေးတဦးဖြစ်တယ်ဆိုတာကိုတော့ အခြေအနေအရ ကျမခန့်မှန်းနိုင်ခဲ့ပါတယ်။

ဒီအလုပ်ရုံဆွေးနွေးပွဲရှိတာကို ကျမ ကြိုပြီးမသိခဲ့ပါ။ ကိစ္စတခုနဲ့ မယ်တော်ဆေးခန်းကို ရောက်ရှိသွားတဲ့အချိန်မှာ ဆေးခန်းစာကြည့်တိုက်အခန်းထဲမှာ လူငယ်လူရွယ် ၅၀ ခန့် စုဝေးနေကြပါတယ်၊ သူတို့အရှေ့မှာ ဆေးခန်းက ကျန်းမာရေးလုပ်သားတဦးက ကွန်ဒုံးသုံးနည်း၊ လိင်ဆက်ဆံနည်းအကြောင်းတွေကို ဟောပြောပို့ချနေတာမို့ အခန်းထဲက တဝါးဝါးတဟားဟား ရယ်သံတွေကို အခန်းအပြင်ကနေ ကြားနေရပါတယ်။

စာကြည့်ခန်းရဲ့ တံခါးဝမှာ 'အလုပ်ရုံဆွေးနွေးပွဲရှိသည်' ဆိုတဲ့ စာတန်းလေးကို ကပ်ထားတာမို့ အဲဒီအခန်းထဲကို ကျမ အသာလေးဝင်ပြီး အနောက်ဘက်ကနေ အကဲခတ်တဲ့အခါ ဒီဆွေးနွေးပွဲမှာ ထူးထူးခြားခြား မိန်းကလေး (၁၂)ဦးပါတာကို ကျမ သတိထားမိပါတယ်။

သိချင်တာတွေရှိရင် ပွင့်ပွင့်လင်းလင်း မရှက်မကြောက်မေးပါလို့ အလုပ်ရုံဆွေးနွေးပွဲကို ဦးဆောင်တဲ့ ကျန်းမာရေးဝန်ထမ်းတဦးက ဖိတ်ခေါ်တော့ သူတို့အားလုံး ငြိမ်သက်နေပါတယ်။ ခဏကြာတော့မှ အိမ်ထောင်သည်ဖြစ်ဟန်တူတဲ့ လူငယ်၊ လူရွယ် ၃-၄ ဦးက သူတို့သိချင်တာတွေကို မေးပါတယ်။ ကျန်းမာရေးဝန်ထမ်းက စိတ်ရှည်လက်ရှည် ပြန်ဖြေတော့ ယောကျ်ားလေး တချို့က တဝါးဝါးနဲ့ သဘောတွေကျနေကြပြီး မိန်းကလေးတွေက မျက်နှာလေးတွေ ပြုံးရောင်သန်းပြီး ခေါင်းတွေ အလှိုလှို ငုံ့ဝင်သွားကြပါတယ်။

အဲဒီထဲမှာ ကောင်မလေးတော့မပါပါ။ နောက်တန်းရဲ့ ထောင့်ဆုံးခုံမှာထိုင်တဲ့ ကောင်မလေးဟာ ပြုံးလည်းမပြုံး ရယ်လည်းမရယ်။ ကောင်မလေးရဲ့ အာရုံဟာ အဲဒီအလုပ်ရုံဆွေးနွေးပွဲထဲမှာ မရှိပဲ ဟိုအဝေးကြီးကို ရောက်နေသလိုလို၊ အိပ်မက်တခုခုထဲကို ရောက်နေသလိုလို။

အပြာနုရောင် အပွင့်နုတ်နုတ် ရှန်သားအင်္ကျီလေးနဲ့ လိုက်ဖက်တဲ့ ကြောင်ချစ်အပြာ မရင့်တရင့် ထမီလေးကို သပ်သပ်ရပ်ရပ် ဝတ်ဆင်ထားတဲ့ ကောင်မလေး။ ခန္ဓာကိုယ်က ပါးပါးလျလျ၊ အသားတွေက ဖြူဖတ်ဖြူရော်။ ကောင်မလေးရဲ့ မျက်လုံးလေးတွေကတော့ ရီဝေလို့။ ကောင်မလေးကို ကြည့်ရင်းကြည့်ရင်းက ဟင်းလင်းပြင်ထဲမှာ တိမ်ပြာလေးတစ လွင့်မျောနေသလိုပဲ ကျမ ခံစားခဲ့ရတယ်။

အလုပ်ရုံဆွေးနွေးပွဲ ခေတ္တနားတော့ လူစုတွေကွဲသွားချိန်မှာမှ ကောင်မလေးရဲ့ အာရုံက ကောင်မလေးခန္ဓာကိုယ်ထဲကို ပြန်လည်ရောက်ရှိလာတယ်။ သူ့ကို သတိထားပြီးကြည့်နေတဲ့ ကျမ မျက်လုံးတွေနဲ့ ကောင်မလေး မျက်လုံးတွေ ခေတ္တမျှ ဆုံသွားကြပါတယ်။

ဒီအချိန်မှာ အလုပ်ရုံဆွေးနွေးပွဲမှာ ဟောပြောပို့ချတဲ့ ကျန်းမာရေးဝန်ထမ်းတဦးက ကျမကို ရင်းရင်းနှီးနှီး နှုတ်ဆက်စကားပြောတော့ ကောင်မလေးရဲ့ စိတ်ထဲမှာ ကျမကိုလည်း ကျန်းမာရေးဝန်ထမ်းတဦးလို့ပဲ ထင်သွားဟန်တူပါရဲ့။ ကောင်မလေး ကျမ အနားကို ရောက်လာတယ်။

လူသားနှစ်ဦးရဲ့ ရင်းနှီးမှုဟာ အချိန်ကာလသတ်မှတ်ချက်တွေ၊ ဝေးခြင်းနီးခြင်းတွေ မလိုပဲ အချိန်တိုတိုလေးအတွင်းမှာ လျှင်လျှင်မြန်မြန် ဖြစ်ပေါ်တတ်တယ် ဆိုတာကို ကောင်မလေးနဲ့ ကျမ ယုံမှားသံသယ မရှိပါ။

ကောင်မလေးက ကျမ ဆီကို တန်းတန်းမတ်မတ်လျှောက်လာပြီး စကားတခွန်းဆိုပါတယ်။ 'ဆရာမ သမီး ဆရာမနဲ့ စကားအေးအေးဆေးဆေး ပြောချင်တယ်' တဲ့။

ကျမ သူ့ကို ပြုံးပြီး ခေါင်းညိတ်ပြခဲ့ပါတယ်။

မယ်တော်ဆေးခန်း သင်တန်းခန်းမရှေ့က စားပွဲဝိုင်းလေးမှာ ကောင်မလေးက ကျမကို အချိန်တွေအကြာကြီးကွဲသွားတဲ့ သူငယ်ချင်းတယောက်နဲ့ ပြန်တွေ့သလိုမျိုး သူ့ရင်ထဲက စကားတွေကို ရင်းနှီးပွင့်လင်းစွာ သွန်ချခဲ့ပါတယ်။

အသက်က ၁၇ နှစ်ကျော်ရုံသာ ရှိသေးတဲ့ ကောင်မလေးဟာ မဲဆောက်မြို့တွင်းနဲ့ မြို့ပြင်က စက်ချုပ်ရုံ ၅ ရုံရဲ့ အတွေ့အကြုံအတော်များများကိုတော့ ပိုင်ဆိုင်ထားပြီးဖြစ်ပါတယ်။

အခုလည်း အထည်ချုပ်စက်ရုံတခုမှာ အမနှစ်ယောက်နဲ့ ကောင်မလေး စက်ချုပ်ပါတယ်။ ကောင်မလေး အသက် ၁၃ နှစ်အရွယ်မှာ ပဲခူးမြို့ကနေ အမဖြစ်သူတွေနဲ့ မဲဆောက်မြို့ကို ကောင်မလေး ရောက်တယ်၊ ကောင်မလေးရဲ့ အမတွေက မဲဆောက်မြို့ပြင်က အထည်ချုပ်စက်ရုံတခုမှာ ၃ နှစ်ကြာအလုပ်လုပ်ခဲ့ပြီး ကောင်မလေးကို ပြန်ခေါ်ခဲ့တာပါ။ စက်ရုံမှာ အလုပ်လုပ်ရတာ ကောင်မလေးမပျော်ပါဘူး။ နေ့စဉ်လိုလိုပဲ ပဲခူးမြို့က အမေနဲ့ အကိုကို ကောင်မလေး သတိရနေခဲ့ပါတယ်။

'သမီးက ဒီကို မလာချင်ဘူး၊ အမေကလည်း သမီးကို မထည့်ချင်ဘူး၊ ဒါပေမယ့် အမတွေရဲ့ လုပ်စာကိုပဲ အားကိုးနေရတာဆိုတော့ သမီးတို့ ဘယ်လိုမှ မပြောရဲကြဘူး'

ကောင်မလေး ၁၂ နှစ်အရွယ်မှာ ကောင်မလေးရဲ့ အဖေဆုံးသွားခဲ့ပါတယ်။ အဲ့ဒီအချိန်က ကောင်မလေးက (၅)တန်းကျောင်းသူ၊ ကောင်မလေးရဲ့ အကိုကတော့ မွေးရာပါဆွံ့အ နေတဲ့သူပါ။ 'အဖေဆုံးတော့ အိမ်မှာ သမီးရယ်၊ အကိုရယ်၊ အမေရယ် ပဲရှိတယ်။ အဖေ့စိတ်နဲ့ပဲ အမေလည်း ကျန်းမာရေး ထိခိုက်လာတယ်။ အမနှစ်ယောက်ကတော့ အဖေ့ရက်လည်အတွက် ပြန်လာတယ်၊ ပြီးတော့ သမီးကို သူတို့နဲ့ အတူတူ အလုပ်လုပ်ဖို့ခေါ်ခဲ့တာပေါ့'။

မဲဆောက်မြို့မှာ စက်ချုပ်ရတာကို ကောင်မလေးမပျော်ပါဘူး။ အမနှစ်ယောက်က ကောင်မလေးကို အလုပ်ကြိုးစားလုပ်ဖို့ ပြောပေမယ့် ကောင်မလေးက ချူချာလို့ အလုပ်ပျက်ရက်တွေလည်း များပါတယ်။ ဒါကို အမတွေက မကြိုက်ပါဘူး၊ ကောင်မလေးကို အသုံးမကျဘူး၊ ပျင်းတယ်လို့လည်း မကြာခဏဆူပါတယ်။

'သမီးက ကျောင်းပဲနေချင်တာ၊ အမေနဲ့ပဲ အတူနေချင်တာ၊ အကို့ကိုလည်း သမီးသနားတယ်'။

ဆွံ့အနားမကြားတဲ့ ကောင်မလေးရဲ့ အကိုဟာ ရပ်ကွက်ထဲက အိမ်တွေမှာလိုက်ပြီး နင်းနှိပ်တဲ့အလုပ်ကိုလုပ်ပါတယ်။

'အကို့ဝင်ငွေကဘယ်လောက်ရမှာလဲ ဆရာမရယ်။ သူများပေးသလောက် ကမ်းသလောက်ပဲ ရတာပေါ့၊ တချို့ကျတော့ ထမင်းပဲကျွေးတာ၊ တချို့ကျတော့လည်း မုန့်ပဲသရေစာလေးတွေ ထုပ်ပိုးပေးလိုက်တာပေါ့နော်၊ ဘာပဲရရ အကိုက အမေ့ကို အကုန်အပ်ပါတယ်'။

ကောင်မလေးရဲ့ အသံတွေက တုန်တုန်ရင်ရင်။ ကောင်မလေးရဲ့ မျက်လုံးအိမ်မှာတော့ မျက်ရည်ဥလေးတွေ တွဲခိုလို့။

ကောင်မလေးရဲ့ အမနှစ်ယောက်ကြောင့်လည်း ကောင်မလေး စိတ်ညစ်ရပါတယ်။ အမတွေရဲ့အကြောင်းကို ကောင်မလေးသိတယ်။ သူတို့ ဘယ်လိုနေတယ်၊ ဘယ်လိုစားတယ်၊ ဘယ်ကိုသွားတယ်၊ သူတို့ ရည်မှန်းချက်တွေ ဘယ်လိုရှိတယ်ဆိုတာ ကောင်မလေးသိပါတယ်။ အဖေရှိတုန်းကလို၊ အဖေဆုံးပြီး၂-၃လလောက်ကလို အိမ်ကို အရင်လို ငွေမှန်မှန် မပို့တော့ဘူးဆိုတာလည်း ကောင်မလေး သိတယ်။

ကောင်မလေးရဲ့ အမကြီးတယောက်က မကြာခင်လက်ထပ်တော့မှာတဲ့။ အမ အငယ်တယောက်ကလည်း လက်ထပ်မယ်လို့သာ မပြောတာပါ။ ရည်းစားနဲ့ အတူတူနေတာကို ကောင်မလေး သိပါတယ်။

ကောင်မလေးကိုတော့ အမတွေက 'အမေတို့အတွက် နင် အလုပ်ကြိုးစားလုပ်' တဲ့။

အမတွေက သူတို့ရည်မှန်းချက်တွေအတွက် အစစအရာရာ စုဆောင်းကြသလို စားတဲ့သောက်တဲ့နေရာမှာလည်း ခြိုးခြံချွေတာကြတယ်။ ကောင်မလေးရဲ့ ကံကြမ္မာဟာ အမတွေရဲ့ အစီအမံအောက်မှာပဲရှိပါတယ်။ အမတွေ ဆင်တာကိုပဲ ဝတ်ရ၊ အမတွေ ကျွေးတာကိုပဲ ကောင်မလေးစားရပါတယ်။

ညစဉ်လိုလို စောင်ခြုံအောက်မှာ အမတွေမသိအောင် ကောင်မလေး ခိုးခိုးပြီးလည်း ငိုရပါတယ်။ ကောင်မလေး နေလို့လည်းမပျော်ဘူး။ ခေါင်းလည်း ခဏခဏမူးတယ်။ အလုပ်မဆင်းရင်လည်း အမတွေက ဆူတယ်။ 'နင်ဒီလိုပျင်းနေရင် အလုပ်ရှင်က နင့်ကို အလုပ်ထုတ်ပစ်လိုက်မယ်' တဲ့။

'သမီးမပျင်းပါဘူး။ သမီးတကယ်နေမကောင်းတာပါ။ သမီးက ငယ်ငယ်လေးထဲက ချူချာတယ်။ ခဏခဏလည်း ဖျားတတ်တယ်'။

ကောင်မလေး ငယ်ငယ်က ချူချာတာကို အမတွေက သိပေမယ့် အခုချိန်မှာ ကောင်မလေး မူးတာ၊ မောတာ၊ ဖျားတာကို အမတွေက ကောင်မလေးပျင်းလို့၊ ကောင်မလေး အလုပ်မလုပ်ချင်လို့တဲ့။ မယ်တော်ဆေးခန်းကို ကောင်မလေး ၂-၃ ခေါက် လာဖူးတယ်။ ဆေးခန်းက ဆရာ၊

> ❝ လူသားနှစ်ဦးရဲ့ရင်းနှီးမှုဟာ
> အချိန်ကာလ သတ်မှတ်ချက်တွေ၊
> ဝေးခြင်းနီးခြင်းတွေ မလိုဘဲ
> အချိန် တိုတိုလေးအတွင်းမှာ
> လျင်လျင်မြန်မြန် ဖြစ်ပေါ်တတ်တယ်
> ဆိုတာကို... ❞

ဆရာမတွေက ကောင်မလေးကို အိပ်ရေးဝဝအိပ်၊ အစားအသောက် မှန်မှန်စား၊ နားနားနေနေ နေ၊ အားဆေး မှန်မှန်သောက်တဲ့။ ဆရာမတွေ ပြောတာကို ကောင်မလေးပြန်ပြောပြတော့ အမတွေက 'နင်က ရောဂါကို လိုက်ရှာနေတာ' တဲ့။

'ဒီအကြောင်းတွေကို သမီး ဘယ်သူ့ကို ဖွင့်ပြောရမလဲဟင်' 'သမီးအမေ့ဆီကိုပဲ ပြန်ချင်တယ်' 'သမီးဝေဒနာကို အမေပဲသိတယ်၊သမီးမှာ ထွက်ပေါက် မရှိဘူး ဆရာမရယ်'။

ကျမလက်ကို ရုတ်တရက် ဆုပ်ကိုင်လိုက်တဲ့ ကောင်မလေးရဲ့ လက်ချောင်းလေးတွေကြောင့် ကျမ ကြက်သီးတွေ ဖြန်းကနဲထသွားတယ်။

ကောင်မလေးရဲ့ လက်ချောင်းလေးတွေဟာ ဒီလောက်အေးခဲပြီး စေးထန်နေလိမ့်မယ်လို့ ကျမ မထင်ထားခဲ့ဘူး။

ကျမနဲ့ ကောင်မလေး တယောက်လက် တယောက် တင်းတင်းကြပ်ကြပ် ဆုပ်ကိုင်ထားပြီး အကြာကြီး ငြိမ်သက်သွားတယ်။ ခိုတွဲလာမျက်ရည်တွေကို ပုတ်ခတ်ပုတ်ခတ်လုပ်ပြီး ကောင်းကင်ကြီးကို မော့ပြီးကြည့်လိုက်တော့ မှုန်ပျပျ ကောင်းကင်ကျယ်ကြီးထဲမှာ တိမ်တွေတစစီ လွင့်မျောလို့။ ■

ခိုင်မာကျော်ဇော

သောင်ရင်းနှလုံးသားပေါ်က မျက်ရည်စက်များ

S.H.T(MTC)

❒ ရေလယ်ခေါင်က ကျွန်းလေးတကျွန်းပါ။ ဒါပေမယ့် လူမရှိတဲ့ ကျွန်းတော့မဟုတ်။ ကမ်းနဲ့ဝေးတယ်လို့လဲ မဆိုသာ။ သို့သော် ကျွန်းတကျွန်းရဲ့ သမိုင်းက အမှန်တကယ်ကို ရှိနေတာ။ ကျွန်းပေါ်က ကျွန်းသူကျွန်းသားတွေဟာ ဘယ်သူတွေလို့ ထင်ကြမလဲ။ သိပ်အဝေးကြီးတော့မဟုတ်။ ကျနော်တို့နဲ့ ဆက်နွယ်နေတဲ့ သွေးချင်းတွေပါပဲ။ အဆိုးဝါးဆုံးတခုက နှစ်ဘက်သော ကမ်းကလူတွေဟာ ကျွန်းသားတွေကို မဆက်ဆံချင်ကြတာ။ တခါတလေများတော့ ဖောက်သည်တွေက အပျော်တခုကို လိုချင်လို့သာ လာကြတယ်။ အဲဒီ ဖောက်သည်တွေဟာ ကျွန်းသားတွေရဲ့ စားဝတ်နေရေးကို ပြေလည်စေသူတွေလို့ဆိုပါတော့ ... ။

တနေ့ ကျွန်းပေါ်ကအသက်ဆယ့်ငါးနှစ်ကလေးတယောက်နဲ့ ဆုံတယ်။ သူ့ရဲ့ကိုယ်ပိုင်စီးပွားရေးက စွန့်ပစ်ပစ္စည်းကောက်ပြီးတော့ ပိသာချိန်နဲ့ပြန်ရောင်း၊ တခါတလေကျတော့လည်း ရရာအလုပ်လုပ်တယ်။ အဖေအမေမရှိတော့ လေလွင့်ငှက်တို့ရဲ့ သဘာဝအတိုင်းပေါ့။ သူ့မှာအမတယောက်ရှိတယ်။ အတူမနေဘူး။ တခါတလေတော့ အရောင်းအဝယ်ကိစ္စနဲ့တွေ့ဖြစ်တယ်တဲ့။ စိန်ရွှေကျောက်မျက်ရတနာတွေတော့ မဟုတ်ပါ။ ဆယ်ကျော်သက်တွေကြားမှာ ခေတ်စားဝင်ရောက်နေတဲ့ မြင်းဆေး ခေါ် ယာဘာလေ။ တလုံးကို ထိုင်းဘတ်ငွေနဲ့ (၈၀) အရင်းရှိတယ်။ ပြန်ရောင်းရင် (၁၅၀)ရတယ်။ ဘတ်(၇၀)မြတ်တယ်ပေါ့။

'အမက မြင်းဆေးရှုတယ်။ ကျနော့်ကိုလည်းသင်ပေးတယ်။ ရှုပြီးရင် အရမ်းအလုပ်လုပ်ချင်လာတယ်။ ရန်ဖြစ်သံကြားရင် ထိုးရိုက်ချင်တဲ့စိတ်တွေပေါ်လာတယ်။ တခါတလေ အဖွဲ့လိုက် မြင်းဆေးရှုပြီး ရန်ဖြစ်ဖူးတယ်။ နောက်ပိုင်း မြင်းဆေးကို ကျနော် မကြိုက်တော့ဘူး'လို့ ကျွန်းသားလေးက အရွယ်နဲ့မမျှတတဲ့ စိတ်ပိုင်းဆိုင်ရာတွေနဲ့အတူ ရိုးသားပွင့်လင်းစွာ ရင်ဖွင့်ခဲ့တယ်။

အဲဒီကျွန်းပေါ်မှာ ကျွန်းသူကျွန်းသားဦးရေ လေးဆယ်ကျော်ငါးဆယ်ခန့်သာ ရှိလိမ့်မယ်။ လူမမယ်ကလေးများ၊ ဆယ်ကျော်သက်များနဲ့ လူလတ်ပိုင်းအချို့ နေထိုင်ကြတယ်။ မြန်မာပြည်အရပ်ရပ်က အိုးမဲ့၊ အိမ်မဲ့၊ မိဘမဲ့ဘဝတွေဟာ အဲဒီကျွန်းပေါ်မှာ ကိုယ်ပိုင်တိုင်းပြည်တခုအသွင်နဲ့ အသက်ရှင်ရပ်တည်လျက်ရှိတယ်။ ကျနော်ပြောတဲ့ 'ကျွန်း'ဆိုတာ သောင်ရင်းမြစ်ထဲမှာ ပေါ်နေတဲ့ ကုန်းမြေလေးတခုသာဖြစ်တယ်။

'ကျနော်တို့အဖွဲ့က ဆယ်ယောက်ရှိတယ်' 'ကျား'က လေးယောက်၊ 'မ'ကလေးယောက်၊ ကလေးငယ်နှစ်ယောက်တော့ပါတယ်။ ယောကျ်ားလေးတွေက ကျနော့်လိုပဲ စွန့်ပစ်ပစ္စည်းကောက်ရောင်းတယ်။ ကြုံရာအလုပ်ကို အစုံလုပ်တယ်။ အဲဒီထဲက မိန်းကလေးတယောက်က ကျနော်နဲ့မတည့်ဘူး။ သူက ယောကျ်ားနဲ့ကွဲပြီး ကလေးတယောက်ရှိတယ်။ သူတို့ရဲ့အလုပ်က ဟိုးအရင်ကတော့ ပိုက်ဆံလေးဘာလေး တောင်းတယ်ပေါ့။

ကျနော်တို့ထဲမှာ စာဖတ်တတ်တာဆိုလို့ မိန်းကလေးတယောက်ပဲရှိတယ်။ ကျန်တဲ့လူတွေကတော့ ကျောင်းမနေဖူးတဲ့သူများပါတယ်။ တချို့စီးပွားရေးကတော့ မြင်းဆေးခေါ်ယာဘာရောင်းတယ်လေ။ အဲဒီဆေးတွေက မြန်မာနိုင်ငံထဲက ဖောက်သည်ယူရောင်းတဲ့ဆေးတွေ။ တလောက ထိုင်းရဲအရာရှိတွေ ကျွန်းပေါ်က မြင်းဆေးရောင်းတဲ့လူတွေကို ဖမ်းတယ်။ အားလုံးလည်း နေလို့မရတော့ဘူး။ ဒါပေမယ့် သိပ်မကြာပါဘူး။ ပြန်ပြီးတက်နေကြတာပါပဲလေ။

'ဒီမှာမှ မနေရရင် တခြားမှာ နေစရာမှမရှိတာ'

ပညာသင်ကြားခွင့်မရတဲ့အပြင် ပင်ပန်းဆင်းရဲပြီး အန္တရာယ်များလှတဲ့ ကလေးသူငယ်တွေရဲ့ ဘဝတွေဟာ ခါးသီးကြမ်းတမ်းလှတယ်ဆိုတာကို သူကြေကွဲစွာ သိရှိခဲ့ရတယ်။ အဲဒါတွေအပြင်နောက် လူငယ်တယောက်ကတော့ ...

'တနေ့ ကျနော် အမှိုက်ပုံးတွေထဲ ရေသန့်ဗူးခွံ၊ ဘီယာဗူးခွံတွေ လိုက်ရှာနေချိန်မှာ ထိုင်းအခြောက်တယောက်က ဆိုင်ကယ်ပေါ်က နေပြီး သူနဲ့လိုက်ခဲ့ဖို့ပြောတယ်။ ကျနော်လည်း မလိုက်ချင်ဘူး။ ဒါပေမယ့် ဘတ်(၁၀၀)ပေးမယ်ဆိုတော့ လိုက်သွားမိတယ်။ ကျနော်တို့အဖွဲ့က နေ့တိုင်းမှ ပစ္စည်းလောက်လောက်ငှမရကြတော့ အားလုံးထမင်းစားဖို့အတွက် ဖန်တီးလိုက်တာပါ။ ပိုက်ဆံရတော့ အားလုံး ထမင်းစားဖို့ သုံးလိုက်တယ်။

နောက်ဆယ်ရက်လောက်ကြာတော့ ဆီးသွားရင်နာလာတယ်။ ပြည်တွေထွက်လာတယ်။ အဲဒါနဲ့ အကိုက်အခဲဆေးသောက်တယ်။ ပြည်ထွက်တာတော့မပျောက်ဘူး။ နာတာတော့ သက်သာသွားတယ်။ လိင်တံကို ညှစ်ကြည့်တော့ ပြည်ရော သွေးပါပါလာတယ်။ ကြောက်ပြီး ကမ်းနားက စီးကရက်ရောင်းတဲ့ လူတယောက်ကို မေးကြည့်လိုက်တော့ ကျောင်းသားဆေးခန်း(မယ်တော်ဆေးခန်း) ဆိုတာကိုသွား၊ အဲဒီမှာ ကုပေးလိမ့်မယ်လို့ ပြောပြတယ်။ သွေးလည်း စစ်လို့ ရတယ်ဆိုလို့ လာခဲ့တာပါ'။

ကာလသားရောဂါ၊ အေအိုင်ဒီအက်စ်ရောဂါ၊ အသည်းရောင်အသားဝါ(ဘီ)၊ စတဲ့ရောဂါတွေဟာ လိင်ဆက်ဆံရာမှာ ကွန်ဒုံးအဖော်မပါဘဲ ပြုလုပ်ဆက်ဆံမိရာကနေ ရောဂါတွေရတတ်တယ်ဆိုတာကို ကျနော်တို့လို ကျွန်းသားလေးတွေ သိနိုင်ခွင့် ဗဟုသုတ ရနိုင်ခွင့် မရှိခဲ့တာဟာ စိတ်မကောင်းစရာပင်။ ဒါ့အပြင် ဆယ်ကျော်သက်တွေ၊ လူလတ်ပိုင်းတွေ၊ လူကြီးပိုင်းတွေထဲမှာ ကျန်းမာရေးနဲ့ပတ်သက်တဲ့ ဗဟုသုတတွေ ကွယ်ပျောက်နေတာ ဘယ်လောက် အရေးအတွက်တောင် ရှိနေပြီလဲ။

တကယ်တော့ 'ကျွန်း'ဆို တဲ့ ကုန်းမြေလေးတခုဟာ သူတို့ကိုယ်တိုင်သတ်မှတ်ထားတဲ့ နေရာလေးတခုသာ ဖြစ်တယ်။ အဲဒီကျွန်းကို မြန်မာပြည်ကပိုင်တယ်လို့ ဆိုပေမယ့် ကျွန်းပေါ်က ကျွန်းသားတွေရဲ့ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးတို့ကို တာဝန်ယူဖို့ အတွက်တော့ သက်ဆိုင်ရာတွေ ဘယ်မှာ ပုန်းနေကြသလဲ။ ဥပဒေမဲ့ မူးယစ်ဆေးဝါး ရောင်းဝယ်နေတာတွေကို မြန်မာစစ်ခေါင်းဆောင်တွေ မသိလိုက် မသိဘာသာနေခြင်းလား။ အဲဒီလိုဆိုရင် သူတို့ရဲ့ နား၊ မျက်စိတွေကို ပါရဂူတွေနဲ့ပြပြီး ဒီကျွန်းပေါ်ကို လာရောက်လေ့လာခိုင်းရင် သင့်တော်မယ်လို့ ထင်ပါတယ်။

လူမမယ်ကလေးငယ်များနဲ့ ဆယ်ကျော်သက်လူငယ်များရဲ့ အနာဂတ်ခရီးလမ်းများက အမှောင်လမ်းများနဲ့ စိုးရိမ်ဖွယ်ရာငရဲလမ်းများသာဖြစ်ကြောင်းတွေ့ရှိနေရပြီဖြစ်တယ်။ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး၊ အတွေးအခေါ်မြော်မြင်နိုင်မှု မဲ့ခြင်းများက အနာဂတ်ပန်းကလေးများကို ဖျက်ဆီးကြတော့မည်။ ကျွန်းသူ အမျိုးသမီးများ အနေနဲ့လည်း လိင်အဓမ္မစော်ကားခံရခြင်း၊ မူးယစ်ဆေးဝါးသုံးစွဲခြင်းတွေနဲ့သာ ဘဝကို အဆုံးသတ်ရတော့မှာလား ...။

ဒီကျွန်းကလေးဟာသောင်ရင်းမြစ်ရဲ့ နှလုံးသားဖြစ်ပြီး ကျွန်းကလေးပေါ်က မျက်ရည်များနဲ့ ပြည့်လျှံနေတဲ့ ရင်နင့်ဖွယ်ဇာတ်ထုတ်တွေဟာ အိပ်မက် မဟုတ်တာတော့ သေချာလှပါတယ်။ ■

S.H.T(MTC)

မျက်စိအဆုံး နားအရှုံး

မာလေးမောင်

❒ မျက်စိအဆုံးနားအရှုံးဆိုတဲ့ ဆိုရိုးစကားက အလွန်ကို မှန်ကန်ထိရောက်တဲ့ ရှေးဆိုရိုးစကားပါ။ ဒီဆိုရိုးစကားလေးကိုကြားမိတိုင်း ကျမအသိ၊ ကျမမျက်ဝန်းထဲမှာ သတိတရပေါ်လာသူ သုံးဦးရှိပါတယ်။

(၁)

ပထမဦးဆုံးသတိရမိသူက ကျမရဲ့အဖေပါ။ ဖေဖေဟာ သတင်းစာအယ်ဒီတာတယောက်ဖြစ်တာနဲ့အညီ စာလည်းအင်မတန်ဖတ်ပါတယ်။ ဖေဖေ့အတွက် အလိုအပ်ဆုံးအရာက စာအုပ်၊ ဆေးပေါ့လိပ်နဲ့ ရေနွေးကြမ်းတအိုးပါပဲ။ ဒီသုံးမျိုးရှိရင် ဘယ်သူနဲ့မှ စကားမပြောဘဲ ဆေးပေါ့လိပ်ခဲရင်း စာအုပ်ဖတ်နေတော့တာပါပဲ။ မြန်မာပြည်ရဲ့သတင်းစာက သကြ်န်တွင်းမှာ အလုည့်နဲ့ထုတ်ဝေပါတယ်။ လွန်ခဲ့တဲ့ ၁၉၈၀ပြည့်လွန်နှစ်များက မြန်မာသကြ်န်ဟာ ရေခဲထုပ်၊ ရေပူပေါင်းသကြ်န်ဖြစ်ခဲ့ပါတယ်။ ဖေဖေ သကြ်န်တွင်း သတင်းစာတိုက်အသွားမှာ ရေပူပေါင်းဟာ မျက်လုံးကို တိုက်ရိုက်ထိမှန်ခဲ့ပါတယ်။ ရေပူပေါင်းဒဏ်ခံဖူးသူတိုင်း ဘယ်လောက်နာကျင်မယ်ဆိုတာ ခန့်မှန်းတတ်မှာပါ။ ဒီဒဏ်ကြောင့် မျက်စိဟာ ဖူးယောင်ပြီး တလကျော်ခန့် ဆေးကုယူခဲ့ရပါတယ်။

နောက်ပိုင်း သက်သာသွားပေမယ့် နှစ်အနည်းငယ်ကြာတဲ့အခါမှာ အဲဒီရေပူပေါင်းဒဏ်ခံခဲ့ရတဲ့ ဘယ်ဘက်မျက်စိဟာ အတွင်းတိမ်ဖြစ်ကာ တဖြည်းဖြည်းမှုန်မှုန်လာပြီးနောက်ပိုင်း စာဖတ်မရအောင်ဖြစ်ခဲ့ရပါတယ်။ ဒါကြောင့် မျက်စိကိုခွဲစိတ်ကုသပြီး မျက်ကပ်မှန်ထည့်ခဲ့ရပါတယ်။ စာဖတ်မရတာက ဖေဖေ့အတွက် ထမင်းမစားရသလိုပါပဲ။ ဖေဖေက 'စာ ငတ်တာဟာ ထမင်းငတ်တာထက်ဆိုးတယ်'လို့ ပြောပါတယ်။ မျက်စိခွဲပြီး စာပြန်ဖတ်လို့ရတဲ့အခါမှာတော့ ဖေဖေ့ရဲ့ကျေနပ်ပီတိအပြုံးကို ကျမဘယ်တော့မှ မမေ့နိုင်ခဲ့ပါဘူး။

(၂)

ဒုတိယ သတိရသူကတော့ မြင့်သူကျော်ဆိုတဲ့ တပည့်လေးပါ။ သူ(၅)နှစ်သား သူငယ်တန်းစတက်တဲ့နေ့မှာ သူ့အမေက သူ့သားလေးမျက်စိမကောင်းဘူးလို့ ပြောပါတယ်။ ဒါပေမယ့် ကျောင်းစဖွင့်တဲ့ရက်မို့ မိဘတွေ၊ ကျောင်းသားသစ်တွေနဲ့ အလုပ်များနေတာကြောင့် အေးအေးဆေးဆေး စကားမပြောလိုက်ရပါဘူး။ မိဘတွေလည်းရှင်း၊ အလုပ်တွေလည်း ပါးသွားတော့မှ ကိုယ့်တပည့်သစ်လေးတွေနဲ့ မိတ်ဆက်စကားပြောပြီး သူငယ်တန်းထုံးစံအတိုင်း 'ဝ' လုံးလေးတွေကို လှအောင်၊ ဝိုင်းအောင် သင်ရပါတယ်။ ရန်ကုန်သူငယ်တန်းကလေးတွေဆိုတော့ စာအတော်ရေးတတ်နေကြပါတယ်။ ဒါပေမယ့် အရေးအသား၊ အဆွဲအင်မှန်အောင် သင်ပေးရပါတယ်။ ကလေးတွေကို လေးကြောင်းမျဉ်းထဲက မျဉ်းနီနီလေးထဲမှာ 'ဝ'လုံးကို ဝိုင်းဝိုင်းလေးဖြစ်အောင် ပြင်ပေး၊ သင်ပေးတော့ ခဏလေးနဲ့ ရေးနိုင်ကြပါတယ်။

ဒါပေမယ့် မြင့်သူကျော်က ဘယ်လိုမှ လိုက်မရေးနိုင်ဘူး။ 'ဝ' လုံးကိုလဲ အတင်းငုံ့ပြီးစိုက်ကြည့်နေရပြီး ရေးတဲ့စာအုပ်နဲ့မျက်နှာကို (၃)လက်မအထိ ကပ်ရေးနေရပါတယ်။ အဲဒီလိုမရေးရဘူးဆိုပြီး (၁)ပေခန့် ခွာရေးခိုင်းတော့ 'ဝ'လုံးတွေမညီမညာနဲ့ ရွဲ့စောင်းနေတာကိုတွေ့ရပါတယ်။ စာအုပ်နဲ့မျက်နှာ ထိလုမတတ် ကပ်ရေးနေရင်တော့ နည်းနည်းညီညာတာတွေ့ရပါတယ်။ သာမန်မျက်စိမှုန်တာမျိုးစုံတွေ့ခဲ့ရပေမယ့် ဒီလောက်ကပ်ရေးမှ ရတာမျိုးကို မတွေ့ဖူးခဲ့ပါ။ ဒါနဲ့ ညနေကျောင်းဆင်းတော့ သူ့အမေနဲ့ဆွေးနွေးကြည့်တော့ သူ့သားမျက်စိဟာ သူငယ်အိမ်ကျဉ်းတာလို့ ဆရာဝန်ကြီးများက ပြောကြောင်း၊ အသက်(၁၀)နှစ်ကျော်မှ ခွဲစိတ်ကုသလို့ရမှာဖြစ်ကြောင်းပြောပါတယ်။ စာနည်းသေးတဲ့အချိန်မှာတော့ နည်းနည်းတော်သေးပေမယ့် စာများလာတဲ့အခါမှာတော့ သူဟာ အများနည်းတူ ဘယ်လိုမှ စာတွေကို လိုက်မရေးနိုင်၊ မဖတ်နိုင်တော့ပါဘူး။ ဒါပေမယ့် သူက ဉာဏ်ကောင်းတော့ အရေးထက် အမှတ်ကို ဦးစားပေးပြီး သင်ရပါတယ်။ မျက်မှန်တပ်ပြန်တော့ အသက်(၅)နှစ်(၆)နှစ်နဲ့ ဒီဂရီ(၇၀၀)ကို တပ်ရတော့ ကလေးက မျက်မှန်ဒဏ်ကို မခံနိုင်ပြန်ပါဘူး။ ခုဆိုရင် အသက်(၁၁)နှစ်လောက်ရှိပြီဆိုတော့ မျက်စိပဲခွဲဖြစ်မလား၊ ခွဲမယ်ဆို အခုအချိန် မြန်မာနိုင်ငံရဲ့ ပေါက်ဈေးအရ သိန်းပေါင်းများစွာ ကုန်မှာပါ။ သူ့မိဘများက တတ်နိုင်ပါ့မလား။ မခွဲဖြစ်ဘဲ စာမသင်နိုင်တော့လို့ ကျောင်းပဲထွက်လိုက်ရပြီလား။ မျက်စိမခွဲဖြစ်ရင် သူ့ဘဝလေးလည်း မမြင်မစမ်းနဲ့ ဒုက္ခရောက်နေရမှာကို သနားစိတ်နဲ့ သတိရနေမိပါတယ်။

(၃)

နောက်ဆုံးသတိရမိသူက တပည့်မလေး ဆုမွန်ဖြစ်ပါတယ်။ သူက စာတော်ပြီး ရိုးအေးသူလေးပါ။ အခြားကလေးတွေလို ဆော့ကစားခြင်းမရှိလှဘဲ စာကို အမြဲလိုလို ဖတ်နေတတ်ပါတယ်။ နှစ်စဉ်လည်း ပထမ၊ ဒုတိယဆုတွေ ရနေကျပါ။ သူ (၁၂)နှစ်သမီး (၇)တန်းရောက်ချိန်မှာတော့ ခေါင်းကိုက်တယ်၊ ဇက်ကြောတက်တယ်၊ မျက်စိလည်းမှုန်လာတာကြောင့် မျက်စိစမ်းသပ်ခန်းတွေမှာ သွားစမ်းပြီး မျက်မှန်တပ်ခဲ့ရပါတယ်။ မျက်မှန်တပ်ပြီး (၂)လ (၃)လခန့်ကြာရင် အရင်လိုပဲ ပြန်ဖြစ်လာလို့ ပါဝါမကိုက်ဘူးထင်ပြီး ပြန်ပြရင် ဒီဂရီတမျိုးနဲ့ မျက်မှန်တပ်ရပြန်ပါတယ်။

ဒီလိုနဲ့ (၇)တန်းစာမေးပွဲကြီးဖြေခါနီးအချိန် ဖေဖော်ဝါရီလထဲကိုရောက်လာပါတယ်။ တရက် ညနေကျောင်းဆင်းလို့ အိမ်ပြန်ချိန်မှာ ရေဆာတယ်၊ ရေသောက်ချင်တယ်ဆိုပြီး မူးလဲမတတ်ဖြစ်သွားပါတယ်။ ဒါနဲ့ ကမန်းကတန်း သူ့ကို ရေတိုက်လိုက်တော့ သက်သာသွားပါတယ်။ အားလုံးက ရေဆာလွန်းလို့ ဗိုက်ဆာလို့ပဲ ထင်ခဲ့ကြပါတယ်။ ဒါနဲ့ စာမေးပွဲရက်ကို ရောက်ခဲ့ပါတယ်။ စာမေးပွဲဖြေနေစဉ်တရက်မှာ သူ့အခန်းစောင့်ဆရာမလာခေါ်တာနဲ့ လိုက်

စာမျက်နှာ(၈)သို့...

ကမ္ဘောဒီးယား အယူသည်းမှုနှင့် ကြက်ငှက်တုပ်ကွေး

စိုးနေလင်း

❐ အစာငတ်တော့မလို ဖြစ်နေတဲ့ ကြက်တွေ စသေလာပြီး ရွာထဲက ခြေဗလာနဲ့ ကလေးတွေ တစစ နာဖျားမကျန်း ဖြစ်လာတဲ့ ဒီနွေရာသီမှာ မြရောင်လွှမ်းတဲ့ လယ်ကွင်းပြင်တွေနဲ့ ခနိုတဲလေးတွေ သာရှိတဲ့ ရွာကလေးက ရွာသားတွေဟာ ကြောက်ရွံ့ခြောက်ခြားလာခဲ့ကြပါတယ်။ သူတို့အပေါ် ကံကြမ္မာဆိုး ဘာဖြစ်လို့များ ကျရောက်လာရသလဲ ဆိုတဲ့အပေါ်မှာလည်း သဘောထား ကွဲခဲ့ကြပါတယ်။

တချို့က ကြက်ငှက်တုပ်ကွေးရောဂါကြောင့်လို့ပဲဆိုပြီး သူတို့ရဲ့ အင်အား ချိနဲ့လာတဲ့ကလေးတွေကို အနီးအနားက မြို့မှာရှိတဲ့ ဆေးခန်းတခုခုဆီကို ခေါ်ယူပြသကြပါတယ်။ အဲဒီကဆရာဝန်တွေကတော့ လူတွေမှာဖြစ်လေ့ရှိတဲ့ တုပ်ကွေးရောဂါလို့ပဲ ရောဂါသတ်မှတ်ကုသပေးခဲ့ကြပါတယ်။ ဒါပေမယ့် တခြားရွာသားတွေကတော့ ရွာခံမဟုတ်ဘဲ လွန်ခဲ့တဲ့ (၈)နှစ်လောက်ကမှ ရွာကိုရွှေ့ပြောင်းလာပြီး ရွာခံလယ်သမားကြီးတယောက်နဲ့ လက်ထပ်နေထိုင်ခဲ့တဲ့ အသက်(၅၃)နှစ်အရွယ် အမျိုးသမီးကြီး ဆမ်ဆွမ် (som sorn) က စုန်းအတတ်နဲ့ပြုစားလို့ ဖြစ်တာလို့ပဲ ယုံကြည်ခဲ့ကြပါတယ်။

တနေ့ ဆမ်ဆွမ်ရဲ့ယောကျ်ားတောထဲကို ထင်းခုတ်ဖို့ထွက်သွားချိန် ဆမ်ဆွမ်ကတော့ သူတို့ရဲ့ မီးဖိုလေးထဲမှာ ထမင်းချက်ပြီး ကျန်ခဲ့ရှာပါတယ်။ အဲဒီအချိန်မှာ လက်ထဲ ရဲတင်းတလက်ကိုင်ထားတဲ့ ရွာသားတယောက် ရောက်လာပြီး ဆမ်ဆွမ်ကိုခုတ်သတ်ခဲ့ပါတယ်။ အဲဒီအတွက် ကျေးဇူးတင်နေကြတဲ့ အိမ်နီးနားချင်းတွေက အဲဒီလူသတ်သမားကို တလစာလုပ်ခလောက်ရှိတဲ့ ဒေါ်လာ (၃၀) လောက် ပေးကမ်းချီးမြှင့်ခဲ့ပါတယ်။

အောက်လမ်းပညာစွပ်စွဲမှုတွေနဲ့ ကြောက်မက်ဖွယ်ရာ သတ်ဖြတ်မှုတွေဟာ ကုလသမဂ္ဂနဲ့ အမေရိကန်အရာရှိတွေ ဆိုခဲ့သလို ကမ္ဘာ့လူသားတွေရဲ့ ကပ်ရောဂါတခု ဖြစ်တဲ့ ကြက်ငှက်တုပ်ကွေး ရောဂါကို ကာကွယ်ရေးမှာ တကယ့်အခက်အခဲပဲ ဖြစ်ပါတယ်။ ဒီရောဂါဟာ အရှေ့တောင်အာရှရဲ့ စာမတတ်သူ များပြားတဲ့၊ အယူသည်းလွန်းတဲ့၊ ကျန်းမာရေးစောင့်ရှောက်မှု နည်းလွန်းတဲ့၊ ဆင်းရဲနွမ်းပါးတဲ့ ကျေးလက်ဒေသက ကြက်ငှက်တွေ သဘာဝငှက်ရိုင်းတွေကြားမှာ အဖြစ်အများဆုံးပါပဲ။

တကယ်လို့သာဒီရောဂါဟာ ကြက်ငှက်တွေကနေ ကူးစက်ရာက လူလူချင်း ကူးစက်လာပြီဆိုရင် အရေးကြီးတဲ့ မေးခွန်းက ပထမဦးဆုံးဖြစ်လာတဲ့ ရောဂါဖြစ်ပွားမှုတွေကို အလျင်အမြန်သိခြားခွဲထားလို့ ရနိုင်မလား ဆိုတာပါပဲ။ ဒီလိုမလုပ်နိုင်ဘူးဆိုရင်တော့ အနီးအနားက ကြောက်ရွံ့နေတဲ့လူတွေကစပြီး ထွက်ပြေးကြရင် ရောဂါဟာ မြို့ကြီးပြကြီးတွေဆီ ကူးစက်၊ အဲဒီကနေ ဂျက်လေယာဉ်ပျံနဲ့ တကမ္ဘာလုံးကို ကူးစက်ပျံ့နှံ့သွားပါလိမ့်မယ်။ 'ကျန်းမာရေးနဲ့ လူသားဝန်ဆောင်မှု' အတွင်းရေးမှူး Michael O Leavitt နဲ့ သူ့ရဲ့ မကြာသေးခင်က တပတ်ကြာ အရှေ့တောင်အာရှ ခရီးစဉ်အပြီးမှာလုပ်ခဲ့တဲ့ တယ်လီဖုန်းအင်တာဗျူးတခုမှာ ကြက်ငှက်တုပ်ကွေးရောဂါရဲ့ အစောပိုင်းအဆင့်တွေကို တောမီးတခုနဲ့ နှိုင်းယှဉ်ပြခဲ့ပါတယ်။

'မီးပွားလေးတခုကနေလောင်လာတဲ့ မီးကိုလူတယောက်အနေနဲ့ ခြေထောက်နဲ့နင်းပြီး ငြိမ်းသတ်လိုက်ရုံပါပဲ။ ပြဿနာက အဲဒီနေရာမှာ ကျနော်တို့ရှိနေနိုင်မလားဆိုတာပါပဲ'လို့ သူပြောခဲ့ပါတယ်။ အခုအချိန်ထိတော့ ကြက်ငှက် တုပ်ကွေးရောဂါ ဖြစ်ပွားမှုကို ခတ်ခွဲခန်း စမ်းသပ်အတည်ပြုမှုအရ အရှေ့တောင်အာရှလေးနိုင်ငံမှာပဲ တွေ့ရပါသေးတယ်။ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ ထိုင်း၊ ဗီယက်နမ်နိုင်ငံတွေပဲဖြစ်ပါတယ်။ ကမ္ဘောဒီးယားကတော့ အဆင်းရဲဆုံးနဲ့ မြို့ပြဇရိယာပြင်ပ ကျန်းမာရေး စောင့်ရှောက်မှု အနည်းဆုံးနိုင်ငံပါပဲ။

ကမ္ဘောဒီးယားရဲ့ ကြက်ငှက်တုပ်ကွေးရောဂါ တိုက်ဖျက်ရေး အခက်အခဲတွေနဲ့ အသေးအမွှားအောင်မြင်မှုတွေဟာ ရှိနှင့်ပြီးသား လှုပ်ရှားရန်းကန်မှုတွေရဲ့အချက်ပြပါပဲ။ သိပ္ပံပညာရှင်တွေ ကတော့ ဒီအားထုတ်လှုပ်ရှားမှုဟာ နှစ်ပေါင်းများစွာ ကြာနိုင်သလို အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်နဲ့ အရှေ့အာဖရိကတို့လို တခြား ဆင်းရဲတဲ့ဒေသတွေမှာလည်း အဲဒီလိုမျိုး တိုက်ဖျက်ကောင်းတိုက်ဖျက်ရနိုင်တယ်လို့ ကြိုတင်ခန့်မှန်းကြပါတယ်။ ဒါပေမယ့် ကုလသမဂ္ဂတာဝန်ရှိ ပုဂ္ဂိုလ်တွေက ကြက်ငှက်တွေဟာ အိမ်တွေ၊ တိုက်ခန်းတွေမှာ အထဲဝင်အပြင်ထွက်နဲ့ အမြဲလိုလို ထိစပ်ရာနေကြတဲ့ အရှေ့တောင်အာရှနိုင်ငံတွေမှာ ဒီရောဂါဟာ အန္တရာယ်ကြီးကြီးနဲ့ ဆက်ပြီး ဖြစ်ပွားနေနိုင်သေးတယ်လို့ ဆိုပါတယ်။

ကမ္ဘောဒီးယားမှာ လောလောဆယ်ရှိနေတဲ့ ကျန်းမာရေးစောင့်ရှောက်တဲ့ ဝန်ထမ်းတွေ အနေနဲ့လည်း ဗီယက်နမ်နိုင်ငံက ပေးအပ်တဲ့ အခြေခံကျန်းမာရေး စောင့်ရှောက်မှု သင်တန်းတွေကို တက်ရောက်ဖို့၊ လေ့လာဖတ်ရှု ရေးသားဖို့ အခွင့်အလမ်း တော်တော်နည်းပါးခဲ့ပါတယ်။ ဗီယက်နမ်ဘာသာစကားဆိုတာကိုလည်း ၁၉၈၀ ခုနှစ် ဗီယက်နမ် သိမ်းပိုက်ထားစဉ်ကာလအတွင်းမှာ ကမ္ဘောဒီးယားနိုင်ငံသားတွေက မပြောကြသလောက်ပါပဲ။

၂၀၀၄ ခုနှစ်၊ ဇန်နဝါရီလမှာ ကမ္ဘောဒီးယားနိုင်ငံမှာ ကြက်ငှက်တုပ်ကွေးရောဂါနဲ့ ကြက်တွေ ပထမဦးဆုံး သေကြကတည်းက နိုင်ငံခြားအကူအညီ အနည်းအကျဉ်းလောက်နဲ့ ကြက်ဘဲတွေမှာ ရောဂါ ကျရောက်မှုကို ထိန်းချုပ်ခြင်း၊ ပြည်သူ့ကျန်းမာရေးတိုးတက်မှုလုပ်ငန်း ဆောင်ရွက်ခြင်းတွေကို အတော်အတန်လောက်ပဲ လုပ်ဆောင်နိုင်ခဲ့ပါတယ်။ တတိုင်းပြည်လုံးကာကွယ်ရေးမှာတော့ ကြောက်စရာကောင်းတဲ့ ကွာဟချက်တွေ ရှိနေတုန်းပါပဲ။

အဲဒီကွာဟမှုတွေက ဖွံ့ဖြိုးဆဲနိုင်ငံတွေနဲ့ စက်မှုဖွံ့ဖြိုးပြီးနိုင်ငံတွေကြား လိုက်ဖက်ညီမှု မရှိတာကို မီးမောင်းထိုးပြနေပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဖွံ့ဖြိုးဆဲနိုင်ငံတွေမှာက ကြက်ငှက်တွေမှာ ကြက်ငှက်တုပ်ကွေးရောဂါပြန့်ပွားမှု နှေးကွေးသွားအောင် လုပ်ဆောင်ဖို့ အားထုတ်မှုမှာ အကန့်အသတ်တွေရှိနေပြီး စက်မှုဖွံ့ဖြိုးတဲ့ နိုင်ငံကြီးတွေမှာတော့ ဖြစ်နိုင်ခြေရှိတဲ့ လူသားဆီကူးစက် ပြန့်ပွားမှုကို တားဆီးဖို့အတွက်တောင် ကြီးမားတဲ့ အားထုတ်မှုတွေရှိနေလို့ပါပဲ။ အမေရိကန်ပြည်ထောင်စုအနေနဲ့ တခြား စက်မှုနိုင်ငံကြီးတွေဟာ ဗိုင်းရပ်စ်ကာကွယ်ရေး ဆေးဝါးတွေနဲ့ ကူးစက်ခံရသူတွေကို ပြုစုကုသပေးတဲ့ ကိရိယာပစ္စည်းတွေအတွက် ဒေါ်လာသန်းထောင်ပေါင်းများစွာ အသုံးချနေကြပါတယ်။ ဒါပေမယ့် FAO က ရောဂါ ကူးစက်ပြန့်ပွားမှုကို ဟန့်တားကာကွယ်ဖို့ ဖေဖော်ဝါရီလက စခဲ့တဲ့ စီမံချက်အရ စက်မှုဖွံ့ဖြိုးတဲ့ နိုင်ငံကြီးတွေက ကောက်ခံရရှိငွေဟာ ဒေါ်လာသန်း (၃၀)ပဲရှိပါသေးတယ်။ FAO လိုအပ်ပါတယ်လို့ဆိုတဲ့ ဒေါ်လာ (၁၇၅)သန်းရဲ့ ဖြပုံ ၁ပုံသာသာပဲ ရှိပါသေးတယ်။

ကမ္ဘောဒီးယားနိုင်ငံမြို့တော် ဖနွမ်းပင်မှာ အမေရိကန်နဲ့ ဂျာမန်နိုင်ငံရပ်ခြား ထောက်ပံ့ရေးကနေ ကမ္ဘောဒီးယား အစိုးရ တိရစ္ဆာန်ကျန်းမာရေးဌာနရဲ့ ဗိုင်းရပ်ပိုးခတ်ခွဲခန်းအတွက် နောက်ဆုံးပေါ် အနောက်တိုင်း ကိရိယာပစ္စည်းတွေလောက်ပဲ ထောက်ပံ့နိုင်ခဲ့ပြီး ဗိုင်းရပ်နမူနာတွေ ယူဖို့အတွက်တော့ သုတေသနသမားတွေက လေအေးပေးစက် မရှိဘဲ ပြူတင်းပေါက်ကနေ လမ်းကျဉ်းထဲကို လေမှုတ်ထုတ်ပေးနေတဲ့ ပန်ကာတလုံးတည်းတပ်ထားတဲ့ အခန်းထဲမှာပဲ ကြက်သေတွေကို ခွဲစိတ်ရယူနေရပါတယ်။ အဲဒီအဆောက်အဦးနဲ့ (၁၀) ကိုက်လောက်ပဲကွာတဲ့ နေရာမှာတော့ ကလေးတွေနဲ့ပြည့်ကြပ်နေတဲ့ မူလတန်း ကျောင်းလေးတကျောင်း ရှိနေပါတယ်။ ဗိုင်းရပ်ခတ်ခွဲခန်း ဖြစ်မြောက်ရေးအတွက် ဖနွမ်းပင်မှာ ယာယီလာရောက် ကူညီနေတဲ့ ပင်ဆီလ်ဗီးနီးယားတက္ကသိုလ် ကြက်ငှက်တုပ်ကွေး ပညာရှင် Dr.Lu Huaguang ကတော့ ဒီဇရိယာ တခုလုံးကို သူတို့အနေနဲ့ လုံးဝ အလုံ ပိတ်ထားဖို့ လိုအပ်တယ်လို့ ပြောကြားခဲ့ ပါတယ်။

FAO ရဲ့ ကိုယ်စားလှယ်ချုပ် Tsuka sa Kimoto က ကမ္ဘောဒီးယားနိုင်ငံက ကြက်ငှက်တွေဟာ လွတ်လွတ်လပ်လပ် လှည့်ပတ်သွားနေကြတဲ့အတွက် တကောင်ရောဂါကျပြီဆိုတာနဲ့ ရောဂါမပြန့်ပွားရအောင် ဖမ်းပြီး အနားပတ် ဝန်းကျင်ကကောင်တွေကိုလည်း သတ်ဖြတ်ပစ်ဖို့ဆိုတာ လက်တွေ့မှာ မဖြစ်နိုင်တဲ့အကြောင်း၊ 'အဲဒီကြက်တွေကို တကောင်ပြီးတကောင် လိုက်ဖမ်းနေရတာ သိပ်ပြီး ငြီးငွေ့စရာကောင်းပါတယ်။ ကျနော်တို့မှာ လူအင်အားလည်း မရှိပါဘူး'လို့ သူကပြောခဲ့ပါတယ်။

FAO ရုံးနဲ့မနီးမဝေးက ကမ္ဘောဒီးယား ကျန်းမာရေးဝန်ကြီးဌာနက ကမ္ဘောဒီးယားနိုင်ငံ ကြက်ငှက်တုပ်ကွေးရောဂါ တိုက်ဖျက်ရေးကို ဦးဆောင်နေတဲ့ လက်ထောက်ဝန်ကြီး Dr.Chea Chhay ကတော့ သူ့ရဲ့သုတေသန ဝန်ထမ်းတွေဟာ ကြက်တွေသေတယ်လို့ သတင်းပို့တဲ့ ဒေသကို တနာရီကြိုတင် သတင်းပေးရုံနဲ့ ရောက်အောင်မောင်းနှင်သွားဖို့ အဆင်သင့် ရှိနေကြကြောင်း ဂုဏ်ယူပြောပြခဲ့ပါတယ်။ ဒါပေမယ့် ရွာအတော်များများမှာတော့ တယ်လီဖုန်းမရှိလို့ ဆရာဝန်တွေကို အကြောင်းမကြားနိုင် ကြသလို၊ အစိုးရက ထောက်ပံ့ထားတဲ့ အနီးအနားက ရွာကြီးတွေက အုတ်နံရံကာ ဆေးခန်းတွေကလည်း လျှပ်စစ်ဓာတ်အားလိုင်းမရှိ မီးစက်မရှိနဲ့ အလုပ်မဖြစ်လှပါဘူး။ ဆေးခန်းညွှန်ကြားရေးမှူးဖြစ်သူတွေကလည်း အလယ်တန်းအောင်အောင်တောင် မသင်ခဲ့ရဘဲ ရောဂါရှာဖွေသတ်မှတ်ပြီး ဆေးစာရေး၊ ဆေးဝါးဖြန့်ဝေပေးတဲ့နေရာတွေမှာ ဝန်ထမ်း (၁၀) ယောက်လောက်ကို ဦးစီးဦးဆောင် လုပ်နေကြရရှာပါတယ်။ အစိုးရက ကြက်ငှက်တုပ်ကွေး ဖြစ်ပွားမှုတွေကို ရှာဖွေဖော်ထုတ်ဖို့ ညွှန်ကြားရေးမှူးတွေကို ပြောကြားခဲ့ပေမယ့် ရောဂါလက္ခဏာတွေကိုတော့ တခါမှရှင်းရှင်းလင်းလင်း ဖော်ပြသင်ကြားပေးတာ မရှိခဲ့ပါဘူး။

မွေးမြူရေးသမားတွေ အနေနဲ့လည်း ကြက်ငှက်တွေသေကြလို့ သွားသတင်းပို့ခဲ့ရင် အစိုးရက ကျန်တဲ့ကြက်တွေကိုပါ သတ်ပစ်ဖို့ စီစဉ်မှာစိုးရိမ်တဲ့အတွက် ဘယ်သူ့ကိုမှ မပြောရဲကြပါဘူး။ အသက် (၇၀)ကျော်အရွယ် ခြံသမားကြီးတဦးက 'ကြက်တွေဘဲတွေ သိပ်နာပြီး သေကြရင်တော့ ကျုပ်လွှင့်ပစ်ရမှာပေါ့။ ဒါပေမယ့် နည်းနည်းပါးပါးလေး နာတာလောက်ကတော့ ကျုပ်စားချင်စားပစ်ရမှာပဲ'လို့ ပြောခဲ့ပါတယ်။

မစ္စဆမ်ဆွမ် အသတ်ခံရတဲ့ သတင်းကို ကမ္ဘောဒီးယားနေ့စဉ် သတင်းစာလေး တစောင်ကပဲ အောက်လမ်းပညာဆောင်းပါးတပုဒ်မှာ ရေးသားဖော်ပြခဲ့ပြီး လူသတ်သမားအနေနဲ့လည်း သူ့ကိုတယောက်ယောက်က ရဲကိုတိုင်ကြားလိုက်မှာ၊ အဖမ်းခံရပြီး ထောင်(၁၀)နှစ် အနှစ်(၂၀)ကျမှာ မပူပင်လှပါဘူး။ အဲဒီ လူသတ်မှုဖြစ်ခဲ့တဲ့ ရွာကလေးရဲ့ သူကြီးက လူသတ်သမားက ရဲကိုငွေကြေးပေးထားတဲ့အတွက် အရေးယူမခံရဘူးလို့ ပြောပြခဲ့ပါတယ်။

လူသတ်သမားကို ဆုချခဲ့ရာမှာ မပါဝင်ခဲ့တဲ့ မစ္စဆမ်ဆွမ်ရဲ့ အိမ်နီးနားချင်း တယောက်ကတော့ အဲဒီနွေကဖြစ်ခဲ့တဲ့ အဖျားရောဂါဟာ ဘာဖြစ်လို့လဲဆိုတာ မသိခဲ့ရတဲ့အကြောင်း ဒါပေမယ့် မစ္စဆမ်ဆွမ် သေသွားပြီးကတည်းက သူတို့ဘဝတွေ တိုးတက်လာတဲ့အကြောင်း ပြောပြခဲ့ပါတယ်။ သူမကပဲ 'အဲဒီကတည်းက ရွာကလူတွေ သိပ်စိတ်ချမ်းသာသွားတာပဲ၊ အနာအဖျားလည်း မဖြစ်တော့ဘူး'လို့ ထပ်လောင်းပြောပြခဲ့ပါတယ်။ ■ **စိုးနေလင်း**

Ref; Proverty and superstition Hinder Drive to Block, Birds flu at Source By Keith Bradsher.

အချစ်ကြောင့်

နေခြည်နု (PEDU)



❒ ဘယ်သူ့မှာအပြစ်ရှိလဲ။ ကျမကိုယ်တိုင်ပဲလား။ ဘာတတ်နိုင်မှာလဲ၊ သာယာတဲ့မိသားစုတခုမှာ သားသမီးတယောက်လောက်ရှိမှ ဆိုတဲ့ယုံကြည်ချက်နဲ့ သားသမီး သိပ်လိုချင်ခဲ့တာ။ ကျမအိမ်ထောင်ကျတာ (၄)နှစ်အထိ ကျမယောကျ်ားက အကာအကွယ်သုံးတယ်။ မပြေလည်ခင် ကလေးမလိုချင်သေးဘူးတဲ့။ ဒါက သူ့ရဲ့ဆင်ခြေလေ။ စားဝတ်နေရေးမှာ နည်းနည်းလေးအဆင်ပြေလာတဲ့အခါ ကျမလည်း သားလေးတယောက် လိုချင်ပါတယ်လို့ အကြိမ်ကြိမ်တောင်းတော့ သားလေးလည်း လူ့လောကကြီးထဲ ရောက်လာခဲ့ရတာပေါ့။

ကျမ သားလေးကို မွေးခါနီးလောက်မှ ဆေးခန်းကို သွားဖြစ်တယ်။ မယ်တော်ဆေးခန်းမှာလေ။ ကျမ ဗိုက်သွားအပ်တော့ ဆရာမက သွေးစစ်ခိုင်းတယ်။ သွေးစစ်တဲ့အဖြေထွက်လာတဲ့အခါ ဆရာမက ကျမကိုခေါ်ပြီး 'သွေးသွင်းခဲ့ဖူးသလား။ ကိုယ့်ခင်ပွန်းအပြင် တခြားယောကျ်ားနဲ့ အကာအကွယ်မဲ့ လိင်ဆက်ဆံခဲ့ဖူးသလား။ အိမ်ထောင်ဘယ်နှစ်ဆက်ကျခဲ့ဖူးသလဲ'တဲ့။ အစမရှိအဆုံးမရှိမို့ ကျမ ကြောင်တောင်တောင်ဖြစ်သွားတယ်။ ကျမကျိန်ရဲပါတယ်။ ကျမခင်ပွန်းတယောက်ကလွဲပြီး တခြားဘယ်ယောကျ်ားနဲ့မှ လိင်မဆက်ဆံခဲ့ဖူးဘူး။ သွေးလည်းမသွင်းခဲ့ဖူးဘူး။ ဆရာမမေးတာကို အမှန်အတိုင်း ဖြေကြားပေးလိုက်တဲ့အခါ ဆရာမက ထပ်ပြီး 'အမှန်အတိုင်းပဲ အစ်မကိုပြောမယ်နော်၊ အစ်မစိတ်ထိန်းထား ကြားလား၊ အစ်မမှာလည်း မွေးလာမယ့်ကလေးကရှိနေတော့ အဲဒီကလေးအတွက်ကို ကြည့်ပြီး အမှန်အတိုင်းပဲပြောမယ်နော်'။ ဆရာမရဲ့နောက်ဆက်တွဲစကားကို ကြားတော့ ကျမထပ်ပြီးတော့ အံ့သြနေမိပြန်တယ်။ ဆရာမက ကျမကို ဆက်ပြောတဲ့တာက ကျမမှာ အိပ်ချ်အိုင်ဗွီပိုးရှိတယ်။ ကျမယောကျ်ားကိုလည်း သွေးစစ်ခိုင်းတယ်။ ကလေးကို အိပ်ချ်အိုင်ဗွီပိုး မကူးအောင် ဗိုက်ခွဲမွေးရမယ်။ ပြီးတော့ အိပ်ချ်အိုင်ဗွီပိုးဟာ ရောဂါပိုးရှိတဲ့လူနဲ့ အကာအကွယ်မပါဘဲ လိင်ဆက်ဆံရာကနေ ကူးတယ်။ အိပ်ချ်အိုင်ဗွီပိုးရှိတဲ့ သွေးကို သွင်းမိရာကနေလည်း ကူးတယ်။ ဆေးထိုးအပ်ကနေလည်း ကူးတယ်။ မိခင်နို့ကနေလည်း ကူးတယ်။

ဆရာမရှင်းပြတဲ့စကားမဆုံးခင် ကျမမျက်လုံးတွေ ဝေဝါးလာပြီး ခေါင်းလည်းမူးလာတယ်။ အဆောက်အအုံတွေ၊ လူတွေ၊ သစ်ပင်တွေလည်း ဇောက်ထိုးမိုးမျှော်ဖြစ်ပြီး ကျမကိုယ်ကျမလည်း ထိန်းမရတော့ဘဲ ဆရာမတွေက ကုတင်ပေါ်မှာ ကမန်းကတန်း တင်ပေးပြီး ရှူဆေးကို အတော်ကြာကြာ ရှူရှိုက်အနားယူလိုက်တော့မှ နည်းနည်းသက်သာသွားတယ်။ ကျမမှာ အိပ်ချ်အိုင်ဗွီပိုး ရှိတယ်ဆိုတဲ့ ဆရာမရဲ့ရှင်းပြချက်ကို ကြားကတည်းက ကျမရဲ့ အတွေးထဲမှာ ဘယ်လိုဖြစ်သွားမှန်းတောင် မသိတော့ဘူး။ ဒီပိုးဟာ ကျမခင်ပွန်း ဆီကလွဲပြီး ဘယ်သူ့ဆီကမှ၊ ဘယ်နေရာကမှ ကျမ မရနိုင်ဘူး။ ကျမလိပ်ပြာ ကျမယုံတယ်။

နောက်တပတ်လောက်ကြာတော့ ကျမကလေးကို ဗိုက်ခွဲမွေးလိုက်တယ်။ ကလေးကို သိပ်လိုချင်ခဲ့တဲ့ကျမ အခုတော့ သားဦးကို ရပြီလေ။ ကျမဘာကြောင့် မပျော်နိုင်ရတာလဲ။ အိပ်ချ်အိုင်ဗွီပိုး ဆိုတဲ့ စကားလုံးက ကျမရဲ့ အတွေးထဲမှာ တချိန်လုံးပဲ နှိပ်စက်နေခဲ့တယ်။ ကျမယောကျ်ားလေးနှစ်လုံးလုံး ကျမနဲ့အတူ ပေါင်းဖက် လာခဲ့ကြပေမယ့် သူ့မှာ အိပ်ချ်အိုင်ဗွီပိုးရှိတဲ့လက္ခဏာ ရှိမှန်း ကျမတခါမှ သတိမထားမိဘူး။ သူဖျားတဲ့အခါ ရှိပေမယ့် သွေးရိုးသားရိုးဖျားတာပဲထင်ပြီး ဆေးဝယ်တိုက်လိုက်တာပဲ။

ဒါနဲ့ ညဘက်လူခြေတိတ်ချိန်မှာ ကျမယောကျ်ားကို တိုးတိုးလေးမေးကြည့်တယ်။ သူမလိမ်ပါဘူး။ ကျမနဲ့မညားခင် သူရှုပ်ခဲ့ပွေခဲ့တာတွေ အကုန်ကျမကို ဖွင့်ပြောတယ်။ အခုမှ ဖွင့်ပြောတော့ ဘာမှမထူးတော့ပေမယ့် အမှန်တရားကို သိရပြီး သံသယတွေ ကင်းသွားတာပေါ့။ အိမ်ထောင်ကျတော့လည်း သူ့မှာ အိပ်ချ်အိုင်ဗွီပိုးရှိတယ်ဆိုတာ ကျမကို မပြောတာကလွဲလို့ သူအကာအကွယ် အမြဲသုံးတယ်။ ဘာကြောင့်မပြောတာလဲလို့မေးတော့ သိပ်ချစ်လို့ပါ၊ ကျမသူ့ကို ခွဲသွားမှာ သိပ်ကြောက်လို့ပါတဲ့။ ကျမလည်း သူ့ကို သိပ်ချစ်ပါတယ်။ ဒီအဖြစ်အပျက်မှာ ကျမဘယ်သူ့ကိုအပြစ်ပြောရမှာလဲ။ နှစ်ယောက်စလုံးမှာ အပြစ်ရှိတယ်လို့ ကျမထင်တယ်။

ချစ်တာတခုတည်းနဲ့ ဘဝကို ပြီးစလွယ်လုပ်ခဲ့လို့ အခုတော့ မိသားစုတခုလုံး အနာဂတ်ပျောက်ဆုံးသွားပြီ။ ကျမလင်ရွေးမှားတယ်လို့ မဆိုလိုချင်ပေမယ့် ကျမတို့နှစ်ဦးစလုံး မပွင့်လင်းခဲ့လို့ ဒီလိုဖြစ်သွားရတာ။ ရှေ့ဆက် ကျမတို့ ဘယ်လိုလုပ်ရတော့မှာလဲ။ အိပ်ချ်အိုင်ဗွီပိုးကို မပွားများအောင် တားဆီးနိုင်တဲ့ အေအာဗွီ (ARV) ဆိုတဲ့ ဆေးရှိပေမယ့် ဈေးကြီးတော့ အဲဒီဆေးကို မဝယ်သောက်နိုင်ဘူးလေ။ ပြီးတော့ အဲဒီဆေးဟာ အိပ်ချ်အိုင်ဗွီပိုးကို သေအောင်မှ မသတ်နိုင်ဘဲ။ ဒါကြောင့် ဒီရောဂါနဲ့ ကျမတို့လင်မယားနှစ်ယောက်စလုံး ဘယ်လောက်ကြာကြာထိ အသက်ဆက်ရှင်နိုင်မလဲ။ ကျမရော သူရော မစဉ်းစားမဆင်ခြင်တတ်ခဲ့လို့ ဒီအဖြစ်ဆိုးဟာ အပြစ်မဲ့တဲ့ သားလေးပါ ခံစားရမှာ။ ကျမတို့ နှစ်ဦးစလုံး မရှိတော့တဲ့အခါ ... ဘယ်မှာလဲ သားလေးအတွက် ခိုနားရာ။ ဘယ်မှာလဲ သူ့အတွက် အေးမြတဲ့မိဘအရိပ်။ ဘာမှမသိ နားမလည်သေးတဲ့ ကျမသားလေး ကျမရဲ့ ရင်ခွင်မှာ အပြစ်မဲ့စွာ အိပ်စက်နေတာကိုကြည့်ပြီး ကျမအရမ်းဝမ်းနည်းနေမိတယ်။ နို့ဆာလွန်းလို့ ငိုတဲ့အခါ ပြည့်တင်းနေတဲ့ ကျမရဲ့ နို့အုံဟာ သူ့အတွက်မဖြစ်ခဲ့ဘူး။ ကျမသားလေးကို နို့ရည်သိပ်တိုက်ချင်ခဲ့တာ။ ကျမရဲ့ရင်ခွင်မှာ နို့ချိုကို သောက်စို့ပြီး ကျမချော့သိပ်ချင်တယ်။ ဒါပေမယ့် ကျမမျှော်မှန်းခဲ့တဲ့ တမ်းတမှု မပြည့်စုံနိုင်တော့ပါဘူးရှင်။

ကျမတို့မရှိတော့တဲ့အခါ ကျမရဲ့သားလေး ဘယ်သူနဲ့များသွားနေမှာလဲ။ ဟိုး ... တံတားအောက် တချို့ကလေးတွေနဲ့ သွားအိပ်နေမလား။ အနံ့တထောင်ထောင်းထွက်နေတဲ့ အမှိုက်ပုံဘေးနားမှာဘဲလား။ ခြင်တွေ တဝီဝီနဲ့ ခြံုကြားမှာဘဲလား။ ထမင်းရော စားရပါ့မလား။ ကျမရဲ့အတွေးထဲမှာ ကျမသားလေးရဲ့အနာဂတ်အတွက် အမြဲစိုးရိမ်ပူပန်ခဲ့တယ်။ ဒီလို ဘဝနဲ့ ကိုယ့်အိမ်ကိုယ်ပြန်ကြရတော့မှာလား။ ကျမစဉ်းစားပါတယ်။ ကိုယ့်တိုင်းပြည်မှာ ပြန်နေမယ့်အတူတူ ဒီမှာသေလိုက်တာပဲ ကောင်းပါတယ်။ ကိုယ့်တိုင်းပြည် ပြန်ရင်လည်း ဘာထူးမှာလဲ။ ရေနစ်သူကို ဆယ်ယူဖို့မကြိုးစားဘဲ နစ်သထက်နစ်အောင် ဝါးကူထိုးတတ်ပြီး သူတို့နဲ့ဘာမှမဆိုင်သလို မမြင်ချင်ယောင်ဆောင်နေတတ်တဲ့ မင်းဆိုးတွေ တိုင်းပြည်အုပ်ချုပ်နေတဲ့ခေတ်မှာ ကျမသားလေးရဲ့အနာဂတ် လှပမှာမဟုတ်ဘူး။ ချစ်ခြင်းမေတ္တာတွေ မရှိတဲ့ အရပ်မှာ တသက်လုံးရောဂါသည်ဘဝနဲ့ ပြန်နေရမယ့်အတူတူ စာနာမှု၊ ယိုင်းပင်းကူညီမှု၊ ချစ်မေတ္တာတွေ ပြည့်လျှမ်းနေတဲ့ ဒီမယ်တော်ဆေးခန်းမှာပဲ တဒင်္ဂလောက် နားခိုခွင့်ရခဲ့တာကပဲ သိပ်ကံကောင်းပါတယ်။ အခုတော့ ကျမတို့ အိမ်မပြန်တော့ဘူး။ သားလေးရဲ့ အနာဂတ်အတွက် ကျမတို့ အိမ်မပြန်တော့ဘူး။ လူသားချင်း စာနာထောက်ထားတဲ့ အဖွဲ့အစည်းတွေရဲ့ ကူညီမှုတွေရလာတော့ ကျမသားလေးရဲ့အနာဂတ် စိတ်ချသွားပြီ။ ရောဂါသည်ဆိုပေမယ့် ခွဲခြားဆက်ဆံမှု မရှိဘဲ ပြည့်ပြည့်စုံစုံ ကူညီစောင့်ရှောက်မှုပေးတဲ့ မယ်တော်ဆေးခန်း၊ SAW နဲ့ အခြားအဖွဲ့အစည်းတွေ ရှိသေးတော့ ကျမသားလေးအတွက် ဒီမှာပဲ ဆက်နေသင့်တယ်လေ။ ကျမတို့ နှစ်ဦးတိုင်ပင်ပြီး အိမ်မပြန်တော့ဘူးလို့ ဆုံးဖြတ်လိုက်တယ်။ ကျမတို့ရဲ့ ဘဝကို အသစ်ကပြန်စချင် ပေမယ့် ဘယ်လိုမှ အသစ်ပြန်စခွင့်မပြုတော့တဲ့ အိပ်ချ်အိုင်ဗွီပိုးဟာ ကျမတို့ကို အနိုင်ယူသွားပြီလေ။

ကျမတို့မရှိတော့တဲ့ တချိန်ချိန်မှာ ကျမသားလေးမိဘမေတ္တာကို ငတ်မွတ်တမ်းတလာခဲ့ရင် သူ့အတွက် ကျမဘယ်လိုဖြေသိမ့်ရမလဲ။ အမိမဲ့သား ရေနည်းငါးလို ကျမသားလေး မျက်နှာငယ်နေရမှာကို တွေးပြီး မိုးလင်းခဲ့တဲ့ ညတွေလည်း မနည်းတော့ဘူးရှင်။ အချစ်တခုတည်းနဲ့ ဆင်ခြင်မှုတရားတွေကင်းမဲ့သွားပြီး မွေးဖွားလာမယ့် ရင်သွေးငယ်ရဲ့အနာဂတ်ကို မမြင်တတ်ခဲ့တာကြောင့် သားလေးရဲ့ဘဝ မရေမရာဖြစ်ခဲ့ရတယ်။ အချစ်တခုအတွက် မိသားစုဘဝ ဖရိုဖရဲဖြစ်ခဲ့ရတယ်။ အိမ်ထောင်မပြုခင် နှစ်ယောက်စလုံး သွေးမစစ်ခဲ့လို့ ကျမတို့မိသားစု ရောဂါသည်တွေဖြစ်ခဲ့ရတယ်။ အပေါ်ယံမြင်ရုံနဲ့ သန့်တယ်လို့ ထင်မှားမိတဲ့ ကျမရဲ့အသုံးမကျတဲ့ဦးနှောက်။ သိပ်ချစ်လို့ပါ၊ ခွဲသွားမှာကြောင့်လို့ပါဆိုတဲ့ ကျမခင်ပွန်းရဲ့ တကိုယ်ကောင်းအတ္တစိတ်တွေကြောင့် ကျမတို့ရဲ့ဘဝကို မလှပစွာနဲ့ပဲ ဖြတ်သန်းကြရတော့မယ်။ ■

နေခြည်နု (PEDU)

ထုတ်ဝေပြီး နိုက်တင်ဂေးလ်ကျန်းမာရေးဂျာနယ်များကို
အင်တာနက်စာမျက်နှာတွင် တက်ရောက်ဖတ်ရှုလိုလျှင် ...
www.maetaoclinic.org မှတဆင့်
တက်ရောက်ဖတ်ရှုနိုင်ပါသည်။

ညဉ့်ငှက်မလေးများရဲ့ ဆည်းဆာလွန်ချိန်

သီတာထွေး (မြူး)

❒ ညနေခင်းရဲ့ ဆည်းဆာနေဝင်ချိန်လေးကို ကျဉ်းမြောင်းလှတဲ့ ပဲခူးထောင်ရဲ့ထပ်ခိုးပေါ်မှငေးမောနေစဉ်မှာပဲ ‘ရွှေအိမ်စံအဖွဲ့၊ ရွှေသုန္ဒရီ အဖွဲ့တွေ ဝင်လာတယ်ဟေ့’ ဆိုတဲ့ အကျဉ်းသူတယောက်ရဲ့ ထအော်လိုက်တဲ့အသံကို ကြားလိုက်တယ်။ အဲဒီအချိန်မှာပဲ ပြည့်တန်ဆာမှုနဲ့ ထောင်ကျလာတဲ့ အမျိုးသမီးတွေကို တန်းစီးမှ ရိုက်သံကြားလို့ ကျမလည်း သွားကြည့်မိတယ်။ ‘လာတယောက် ဟိုဖက်လှည့်’ ဖြန်းဖြန်း … ဖြန်း ‘နောက်တယောက်လာ’ ဆိုပြီးတန်းစီရိုက်နေတာကို ကြည့်နေရင်း ကျမ ရင်ထဲ စိတ်မကောင်းတာရော၊ မခံချင်စိတ်ကော၊ ရောနေမိတယ်။ အမျိုးမျိုးသော အခြေအနေတွေကြောင့် ဘဝနဲ့ရင်းပြီး စီးပွားရှာစားရတယ်။ ဖမ်းမိတော့လည်း ထောင်ဒဏ်အပြင် ကြိမ်ဒဏ်ပါ အဆစ်ခံရရှာတယ်လို့ ကျမတွေးနေမိရင်း သူတို့လေးတွေရဲ့ မျက်နှာတွေကို အကဲခတ်ကြည့်မိတော့ ဒီအဖြစ်မျိုးက မဆန်းတော့သလိုနဲ့မို့ အရေထူနေတဲ့ ပုံစံမျိုးလေးတွေဖြစ်နေကြတယ်လေ။

ကျမလည်း သိချင်စိတ်ပြင်းပြလာတာနဲ့ ဘာရာတယောက်ကို သွားမေးကြည့်မိတယ်။ ‘ရွှေအိမ်စံအဖွဲ့ဆိုတာ ဘာကိုပြောတာလဲ’ ပေါ့ ‘ဆရာမ အဲဒါ တည်းခိုခန်းမှာ လုပ်စားကြတဲ့အဖွဲ့က ကောင်မလေးတွေ’တဲ့။ သူတို့လေးတွေကို ကြည့်လိုက်တော့လည်း ဆယ်ကျော်သက်တွေချည်းပဲ။ နှစ်ဆယ်ကျော်ကျော်က နှစ်ယောက်ပါတယ်။ သူတို့က အဖွဲ့ခေါင်းဆောင်တွေ ထင်ပါရဲ့။ အဝတ်အစားလေးတွေကတော့ အသစ်အဆန်းလေးတွေနဲ့ နောက်ဆုံးပေါ် ဒီဇိုင်းလေးတွေနဲ့ပေါ့။ ဒါပေမယ့်နောက်မကြာပါဘူး။ တပတ်လောက်လဲကြာရော သူတို့ရဲ့ ကိုယ်ပေါ်မှာ ဟောင်းနွမ်းနေတဲ့ အင်္ကျီ၊ လုံချည်တွေ ဖြစ်ကုန်တာပါပဲ။ သူတို့မှာ ထောင်ဝင်စာမှ မရှိတာ။ အဝတ်အစားတွေကို ဟင်းနဲ့ လဲစားရတာပေါ့။ အထဲမှာတန်းစီးက ဈေးသည်ပဲလေ။ ဒီလိုပါပဲ ဝန်ထမ်းအစ၊ တန်းစီးအလယ်၊ ဘာရာအဆုံး စီးပွားရှာစားနေကြတာ။ တယောက်အပေါ် တယောက် ခေါင်းပုံဖြတ်နေကြတာ။ ဒါတင်မကသေးဘူး ထောင်ထဲမှာလည်း လာဘ်စားတာတွေအမျိုးမျိုး၊ လိုင်းကြေးဆိုတာ ပေးရတယ်။ အဲဒါမပေးနိုင်ရင်တော့ မိလ္လာနံဘေးနား အိပ်ပေတော့။ အဆင့်ဆင့် လိုင်းဝင်မှ နေရာရတာ။ ငွေမထိုးနိုင်ရင်တော့ အနှိမ်ခံ၊ အနှိပ်စက်ခံဘဝကို လုံးလုံးရောက်သွားရတာပါပဲ။

အဲဒီအချိန်မှာ ကျမကလည်း အချုပ်ဘဝနဲ့ ပဲခူးထောင်မှာ ရောက်နေတော့ သူတို့လေးတွေရဲ့ ဘဝအကြောင်းကို ရင်နာစရာသိခဲ့ရတယ်။ ဒီလိုနဲ့ သူတို့လေးတွေနဲ့ ကျမခင်သွားမိတယ်။ အမှုသည်အများကြီးနဲ့လည်းခင်သွားတယ်။ ဩော်…ဒါနဲ့ ကျမကို စစ်ကြောရေးစခန်းကနေ ပဲခူးထောင်ပို့တဲ့အကြောင်းသတိရမိတယ်။ (၅-ည) အမှုနဲ့ဝင်လာတဲ့ ဆရာမလေးဆိုပြီး အော်ပြောသံကြားရတယ်။ အဲဒီအထဲကအဒေါ်ကြီးတယောက် ထပြောလိုက်တာက ‘(၅-ည)ထဲနဲ့များ ထောင်ထဲပို့နေရသေးတယ် ပြန်လွှတ်လိုက်ပြီးရော’တဲ့၊ သူတို့မှာ နိုင်ငံရေးကို စိတ်ဝင်စားချင်ပေမယ့် ဝမ်းစာအတွက် အနိုင်နိုင်လုပ်နေရတော့ အပြင်လောကအကြောင်းဘာလဲ သိပုံမရပါဘူး။ သူတို့တွေကို အပြစ်မဆိုသာပါဘူး။

တချို့ဆိုရင် အသက်အတော်ကြီးတဲ့အဖွားအရွယ်တွေ လမ်းပိတ်ဆို့မှုဆိုပြီး ဖမ်းလာတာ။ အလုပ်မလုပ်နိုင်လို့ တောင်းစားနေတဲ့ သူတောင်းစားတောင် ထောင်ထဲသွင်းနေတဲ့ စစ်အစိုးရရဲ့ ယုတ်မာမှုပေါ့။ နှစ်ကုန်ရင်ပိုဆိုးတယ်။ တွေ့သမျှ မသင်္ကာသူအကုန်ဖမ်းတော့တာပဲ။ အဆောင်ရော၊ ဝန်းပါကျဉ်းမြောင်းလှတဲ့ ပဲခူးထောင်မှာ အဲဒီအချိန်ကဆိုရင် လူတွေဟာ မြင်ရက်စရာမရှိဘူး။ တချို့ဆိုမြေကြီးပေါ်မှာ ဖျာခင်းပြီး အိပ်ကြရတယ်။လမ်းလျှောက်စရာဆိုတာဝေးရော၊ တယောက်နဲ့တယောက် တိုက်လဲမတတ်ပဲ။ အဆောင် အကျယ်အဝန်းက လက်တလှမ်း သာသာပဲဆိုတော့ အဝတ် လှန်းရင်လဲ ဒီနေရာ၊ ထိုင်လည်း ဒီနေရာပဲ။ ထောင်ထဲက နှစ်ကြီးသမားတွေပြောသံကြားတာကတော့ ‘၈၈’ရဲ့နောက်ပိုင်းကာလမှာအမှုတွေလည်းပိုတိုးလာတယ်။ လူတွေလည်း ကြိတ်ကြိတ်တိုးစည်ကားနေကြတာ ပွဲတော်နဲ့တောင် မှားလောက်တယ်တဲ့။

လူကြီးတွေပြောသံကြားဖူးပါတယ်။ ထောင်ဆိုတာ မသွားအပ်တဲ့နေရာတဲ့၊ အဲဒီမသွားအပ်တဲ့အရပ်ဟာ အခုထိ လူတွေ နေစရာမရှိအောင် ကြပ်ညပ်လို့ စည်ကားနေလိုက်တာ။ ဩော် … အမှုအကြောင်းဆိုလို့ ကျမကြားဖူးတဲ့ အမှုနောက်တခုကတော့ ဆေးခပ်၊ လုယက်၊ လူသတ်မှုတဲ့။ အဲဒီအမှုဆိုရင်လည်း မိန်းကလေးငယ်ငယ်ချောချောလေးတွေနဲ့ အစုလိုက်လုပ်စားကြတာလို့ ပြောတယ်။ ဒီလိုဆိုတော့လည်း ကိုယ့်ရဲ့ ဝေဒနာဘေးချိတ်လို့ သူတို့လေးတွေအတွက် မေးစမ်းကြည့်တော့ ‘ကျမတို့က ဘဝနဲ့ရင်းပြီးမိဘ၊ ညီအကိုမောင်နှမတွေအတွက် ရုန်းကန်လုပ်ကျွေးရတာ’ ‘ထောင်ကျတော့ ဘယ်မှာထောင်ဝင်စာမှန်မှာလဲ၊ ထောင်ဝင်စာလာတွေ့နိုင်တဲ့လူကို လက်ချိုးရေလို့တောင်ရတယ်’။

သူတို့လေးတွေအကြောင်းတွေးနေစဉ်မှာပဲ ‘ရွှေမင်းသမီးအဖွဲ့’ ဝင်လာပြန်ပြီတဲ့။ ကောင်မလေးတွေ (၉)ယောက်တောင် ကျမလှမ်းကြည့်လိုက်စဉ်မှာပဲ သူတို့ထဲက အငယ်ဆုံးလေးတယောက် မျက်စိထဲမှာ စွဲထင်မိအောင်ကိုလှတဲ့ ကောင်မလေးကိုကျမမြင်မြင်ခြင်း ခင်သွားမိတယ်။

သူမပါးပေါ်မှာလည်း စံပယ်တင်မှဲ့လေးနဲ့၊ အသားဖွေးဖွေးနဲ့ ချစ်စရာကောင်းတဲ့ကောင်မလေးပေါ့။ သူတို့လေးတွေကတော့ ဝင်ကစွပ်ကောင်အလား ဝင်လိုက်ထွက်လိုက်နဲ့ပေါ့။ အဆင်ပြေတော့လုပ်စား အဖမ်းခံရတော့လဲ အရင်းဆိုတဲ့ပုံစံပါပဲ။ ညနေစောင်းလို့ ထောင်ကခိုင်းတာလုပ်ပြီးတာနဲ့ ခုန်ပေါက်ကစားနေကြတာပါပဲ။ အဲဒီကလေးမလေးဟာ ကျမရဲ့တပည့်အရွယ်လောက်သာ ရှိသေးတာဆိုတော့ သွားပြီးနှစ်သိမ့်ပေးခဲ့မိတယ်။ ဒါကလွဲလို့ကျမလဲ ဘာမှမကူညီနိုင်ခဲ့ပါဘူး။ ကျမကိုယ်တိုင်တောင် ထောင်ပုံစံနှင့်ပဲ စားနေရတဲ့အချိန် ထောင်ဝင်စာကလည်းမရှိ အဆောင်အယောင်ဆိုတာ ဝေလာဝေးပဲ။ ဒီလိုနဲ့ အမှုသည်မနှစ်ယောက်နဲ့ ခင်သွားတယ်။ သူတို့အကြောင်းတွေ ရင်ဖွင့်ကြရင်းပေါ့။

‘ကျမရဲ့အမှုက အဆန်းပဲ ဆရာမရေ’တဲ့။ ကျမရဲ့တူမကို ရည်းစားစကားလာပြောတဲ့ ကောင်လေးနဲ့ဖြစ်တာ၊ သဘောမတူတဲ့ကြားထဲက ညာခေါ်သွားပြီးချိန်းတွေ့ အတင်းပဲ ဆွဲလားရမ်းလား စကားပြောနေချိန် ကျမတို့မိသားစုသိတော့ လိုက်သွားပြီး ဝိုင်းရိုက်ကြတာ ကောင်လေးက မျက်စိတဖက်အတော်ထိသွားတယ်။ ဒီအဖြစ်ကို သူတို့ဘက်ကမကျေနပ်လို့ ကျောင်းသားဆိုတော့ နအဖအကြီးပိုင်းဗိုလ်ချုပ်တွေအထိ တက်တိုင်တာ ကျမတို့အမှုရှုံးပြီး အဖေရယ် အကိုရယ်ကထောင် (၁)နှစ်စီ၊ အမေက(၃)လနဲ့ ကျမနဲ့အမက (၆)လစီ ထောင်ကျတာပါတဲ့။ ကျမနဲ့သူတို့ခင်သွားတဲ့ အချိန်မှာ သူတို့ကလွတ်ခါနီးနေပြီလေ။ ငွေကြေးကလည်းပြည့်စုံ၊ ထမင်းဆိုင်လည်းဖွင့်ထားတဲ့သူတွေဆိုတော့ သူတို့ညီအမကလည်း ဟိုကလေးမလေးကို မွေးစားချင်ကြတယ်။ ကလေးမလေးကကျမအနားကပ်နေတော့ သူတို့က ကျမကိုအကူအညီတောင်းတော့တာပါပဲ။ ဆရာမရယ် နားချပေးပါဦးပေါ့။ ကျမလည်းအတတ်နိုင်ဆုံး ဝိုင်းကူပြောပေးခဲ့ပါတယ်။ သမီးထောင်မကျရင် ဒါမှမဟုတ် ထောင်ကလွတ်ရင် ဒီအန်တီတွေနဲ့ ကောင်းကောင်းနေသွားပါလားဆိုတော့ ‘သမီးကို အဖေနဲ့အမေက ဒီလိုလုပ်စားဖို့အပ်ထားတာ၊ အပြင်ရောက်လည်း သူတို့ကလာခေါ်မှာပဲ သမီးပြန်မသွားရင် အဖေနဲ့အမေကို ရန်ရှာမှာပေါ့’တဲ့ အဖေက ကျန်းမာရေးမကောင်း အမေကလည်း ကလေးတွေ စောင့်ရှောက်ရဆိုတော့ အိမ်မှာက သမီးဒီလိုမလုပ်ကျွေးရင် ဒုက္ခရောက်မှာပေါ့တဲ့။ ဆယ့်လေးနှစ်အရွယ်မိန်းကလေးတယောက်ရဲ့ကြေကွဲဖွယ် အဖြစ်လေးပါပဲ။ ကျောင်းနေအရွယ် သမီးပျိုလေးကို ခိုင်းစားနေလိုက်တာဆိုပြီး စိတ်မကောင်းရုံကလွဲလို့ ကျမလည်း ဘာမှမတတ်နိုင်ခဲ့ မကူညီနိုင်ခဲ့ပဲလေ။

ဒီလိုနဲ့ ရွှေမော်ဓောဘုရားလမ်းမှာ ညနေဆည်းဆာအချိန်လေးဟာ ကာလာမျိုးစုံ၊ ပုံစံအမျိုးမျိုးနဲ့ စက်ဘီးကလေးတွေစီးလို့ လောကကြီးဟာ သာယာနေလိုက်တာလို့ ထင်ခဲ့မိတဲ့အချိန်ကပေါ့။ ကျမမိတ်ဆွေဆရာဝန်မရဲ့ခင်ပွန်းဟာ သူ့ဇနီးကို လာကြိုရင်း ကားထဲမှာ စကားပြောနေစဉ် မိန်းကလေးတယောက်က စက်ဘီးကို စတန့်ထွင်ပြီး စီးသလိုလုပ်နေတယ်။ သူတို့မှာလည်း သမီးမရှိ မိန်းကလေးချစ်တဲ့ လင်မယားဆိုတော့ …

‘မိန်းမရေကြည့်ပါဦး၊ ကိုယ်တို့သမီးအရွယ်လေးတွေ၊ မိန်းကလေးတွေအများကြီး ကျူရှင်ကပြန်လာတာနဲ့တူတယ်’ အဲဒီတော့မှ သူ့ဇနီးက ‘ရှင်ကလည်း အဲဒါကျူရှင်ကပြန်လာတာမဟုတ်ဘူး၊ ခလေးတွေလည်းမဟုတ်ဘူး၊ (၃-ခ)တွေ’လို့ ပြောလိုက်တယ်။ ‘မိန်းမကလည်း သူများသားသမီးတွေကို စွပ်စွပ်စွဲစွဲနဲ့’ ‘ရှင်ဘာသိလို့လဲ သူတို့လေးတွေပဲ ကျမဆေးခန်းမှာ လာပြနေကြတာ’ ဒီလိုနဲ့ လင်မယားနှစ်ယောက် ငြင်းခုံရင်း ကားမောင်းလာကာ အိမ်ရောက်မှန်းတောင် မသိလိုက်ကြဘူး။

အိမ်ရောက်တဲ့အထိ လင်မယားစကား မပြတ်နိုင်ဘဲ ထမင်းစားချိန်အထိ ဆက်ဆွေးနွေးဖြစ်ခဲ့ကြတယ်။ နောက်တနေ့ ဆေးခန်းလာကြိုချိန်မှာတော့ ထင်တဲ့အတိုင်းပဲ မနေ့ကကောင်မလေးတွေနဲ့ ဆုံဖြစ်တယ်။ သူက သဘော်သားဆိုတော့ နိုင်ငံတကာလှည့်လည်နေသူလေ။ မြန်မာပြည်ရဲ့ အခြေအနေ ဒီလောက်ဆိုးဝါးနေမှန်းမသိဘူးပေါ့။ သူလည်းမနေနိုင်တာနဲ့ ‘သမီးတို့ ဒီလိုလုပ်စားတာ ရောဂါဖြစ်မှာမကြောက်ဘူးလား’ပေါ့။ သူတို့တွေကတော့ ပေါ့ပေါ့ပါးပါးနဲ့ ‘ဘာတတ်နိုင်မလဲဦးရယ် သမီးတို့ကပညာလည်းမတတ်၊ အလုပ်အကိုင်ကရှားတော့ ဘဝနဲ့ရင်းပြီး မလုပ်ချင်ပေမယ့် လုပ်နေရတာပါပဲ’။

ဒီလိုနဲ့ အတွေးထဲ လွင့်မျောရင်း အိပ်ပျော်သွားချိန်မှာ ‘သီတာထွေး၊ ဒေါ်ရွှေပုံ၊ ခင်ခင်လှဲ၊ ဒေါ်အေးသန်း အဆင်သင့်ပြင် ကိုယ့်ပစ္စည်းကိုယ်သိမ်း’ဆိုပြီး သန်ခေါင်ကျော်လာနှိုးခဲ့တယ်။ ရုတ်တရက် ဘယ်သူမှနှုတ်ဆက်ချိန်မရဘဲ တိတ်တဆိတ် ရန်ကုန်ထောင်ပြောင်းခဲ့ရတယ်။ အားလုံးကိုခွဲခွာခဲ့ရပေမယ့် ကျမရဲ့အာရုံမှာတော့ တပည့်မအရွယ်ကောင်မလေးကိုတော့ မမေ့နိုင်ခဲ့ပါဘူး။ ရေးဘဝက ရေစက်လို့ပြောရမလား။ ကောင်မလေးကို တနှစ်ကျော်ကျော်လောက်ကြာတော့ ရန်ကုန်ထောင်ပြန်ဆုံတွေ့ခဲ့ရတယ်။ ထောင်ပိတ်ချိန်မှာ အချုပ်သစ် ဘဝနဲ့ ရောက်လာတာနဲ့တူပါတယ်။ ကျမမျက်လုံးတောင် မယုံမကြည်ဖြစ်မိတယ်။ လူမှားတာပဲ ဖြစ်မှာပါပဲလေ-မဟုတ်ပါစေနဲ့လို့ ဆုတောင်းရင်း မနက်ရောက်တာနဲ့ သွားချောင်းကြည့်မိတော့ သူနဲ့ အကြည့်ခြင်းဆုံမိတာ ကောင်မလေးကလည်း အံ့ဩဝမ်းသာဟန်နဲ့ပေါ့။ ဒါပေမယ့် အရင်ကနဲ့တော့ တခြားစီဖြစ်လို့ ဝဝတုတ်တုတ် ဖြူဖြူဖွေးဖွေး ကလေးမလေးဟာ ပိန်ညှောင်ပြီး မှတ်မိစရာဆိုလို့ ပါးပေါ်ကမှဲ့လေးပဲ။ ကျမတို့ နိုင်ငံရေးသမားတွေထားတဲ့ တိုက်နဲ့ ‘မ’အချုပ်ဆောင်ဟာ ဝန်းတံခါ တချပ်ပဲခြားတယ်ဆိုပေမယ့် အလွယ်တကူတော့ ဆက်သွယ်လို့မရဘူး။ ဒါပေမယ့် ဝန်ထမ်းအလစ်မှာ ကလေးမလေးကိုခေါ်ပြီး အဝတ်အစားနဲ့ စားစရာနည်းနည်းပါးပါး ကူညီပေးခဲ့တယ်။ ကောင်မလေးက ယူသာသွားတယ် အားနာပြီး မလုံမလဲဖြစ်နေပုံပဲ။ နောင်တရတဲ့မျက်နှာလေးနဲ့ပေါ့။

ညနေ ထောင်ပိတ်လို့ အခန်းပြန်ရောက်တော့ ကျမအမှုတွဲနဲ့ ကလေးမလေးအကြောင်း ပြောဆိုပြီးတဲ့အခါ ကျမရဲ့အာရုံမှာ ရန်ကုန်မြို့လယ်ခေါင်နဲ့ တည်းခိုခန်းတွေမှာ နိုက်ကလပ်တွေရဲ့ မီးရောင်မှိန်မှိန်အောက်မှာ ဆယ်နှစ်ကျော်အသက်အရွယ် ညဉ့်ငှက်က

စာမျက်နှာ (၁၄)သို့ …

“ အဲဒီအချိန်မှာ ကျမကလည်း အချုပ်ဘဝနဲ့ ပဲခူးထောင်မှာ ရောက်နေတော့ သူတို့လေးတွေရဲ့ ဘဝအကြောင်းကို ရင်နာ စရာသိခဲ့ ရတယ်။ ဒီလိုနဲ့ သူတို့လေးတွေနဲ့ ကျမခင်သွားမိတယ်။ အမှုသည် အများကြီးနဲ့လည်းခင်သွားတယ်။ ဩော်…ဒါနဲ့ ကျမကို စစ်ကြောရေးစခန်းကနေ ပဲခူးထောင်ပို့တဲ့ အကြောင်းသတိရမိတယ်။ (၅-ည) အမှုနဲ့ဝင်လာတဲ့ ဆရာမလေးဆိုပြီး အော်ပြောသံ ကြားရတယ်။ အဲဒီအထဲက အဒေါ်ကြီးတယောက် ထပြောလိုက်တာက “(၅-ည)ထဲနဲ့များ ထောင်ထဲပို့နေရသေးတယ် ပြန်လွှတ်လိုက်ပြီးရော”တဲ့ ”

အေအိုင်ဒီအက်စ်ဝေဒနာရှင်များအတွက် ဘီလ်ဂိတ်၏အလှူဒါန

ဘီလ်နှင့်မီလင်ဒါဂိတ်ဖောင်ဒေးရှင်းသည် အေအိုင်ဒီအက်စ်ရောဂါနှင့်စပ်လျဉ်း၍ အဆင့်သစ်အခုအထိ သုတေသနပြုမှုနှင့်ပြုစုစောင့်ရှောက်မှု ပြုလုပ်နိုင်ရန်အတွက် ဆင်းရဲသည့်တိုင်းပြည်များတွင် အေအိုင်ဒီအက်စ် ရောဂါသည်များအတွက် အကူအညီအထောက်အပံ့ များပေးနေသည့် ဂလိုဘယ်လ်ဖန်းအဖွဲ့ကြီးသို့ ဒေါ်လာ သန်း(၅၀၀)ထည့်ဝင် လှူဒါန်းခဲ့ကြောင်းသတင်းရရှိသည်။ အေအိုင်ဒီအက်စ်၊ တီဘီနှင့် ငှက်ဖျားရောဂါများကို တိုက်ဖျက်နေသည့် ဂျီနီဗာအခြေစိုက် ဂလိုဘယ်လ်ဖန်းအဖွဲ့ကြီးသည် (၅) နှစ်စာအတွက် ထောက်ပံ့မှုကို ရရှိခဲ့သည်။

မိုက်ကရိုဆော့ဖ် တည်ထောင်သူများဖောင်ဒေးရှင်းသည် လွန်ခဲ့သည့် (၄)နှစ်တွင် ရန်ပုံငွေတရပ်ထူထောင်ခဲ့စဉ်က ဒေါ်လာ သန်း(၁၅၀)လှူဒါန်းခဲ့ပြီး လွန်ခဲ့သည့်လက အေအိုင်ဒီအက်စ်ရောဂါကာကွယ်ဆေး ပေါ်ပေါက်ရေးအတွက် အရှိန်အဟုန်မြှင့် ဆောင်ရွက်ရန် ဒေါ်လာ(၂၈၇)သန်း ထပ်မံ လှူဒါန်းခဲ့သေးသည်။

‘ဂလိုဘယ်လ်ဖန်းအဖွဲ့ကြီးဟာ ယနေ့ကမ္ဘာပေါ်မှာ အရေးကြီးဆုံး ကျန်းမာရေးဆိုင်ရာ လုပ်ငန်းများကို ဦးဆောင်ဦးရွက်ပြုနေတဲ့ အဖွဲ့အစည်းတွေထဲက တခုဖြစ်တယ်’ ဟု အလှူငွေပေးအပ်ကြောင်း ကြေညာသည့် ထုတ်ပြန်ချက် တစောင်တွင် ဘီလ်ဂိတ်က ပြောကြားခဲ့သည်။ သိပ္ပံပညာရှင် (၂၅၀၀၀) နီးပါးနှင့် မူဝါရေးရာချမှတ်သူများက နိုင်ငံတကာ အေအိုင်ဒီအက်စ်ညီလာခံအတွက် တိုရွန်တိုတွင် ယခုအပတ်အတွင်း တွေ့ဆုံရန်ပြင်ဆင်နေကြစဉ် ယခုကြေညာချက် ထွက်ပေါ်လာခြင်းဖြစ်သည်။ ■

11.8.06 / AP

လူတွင်ဖြစ်ပွားသည့်ကြက်ငှက်တုပ်ကွေးရောဂါကာကွယ်တားဆီးရေးကို ဗီယက်နမ်နှင့်လာအိုနိုင်ငံတို့ပူးပေါင်းဆောင်ရွက်မည်

ဗီယက်နမ်နိုင်ငံနှင့် လာအိုနိုင်ငံတို့သည် လူတွင်ဖြစ်ပွားသည့် ကြက်ငှက်တုပ်ကွေးရောဂါနှင့် လတ်တလောဖြစ်ပွားနေသည့် ကူးစက်ရောဂါများ ကာကွယ်တားဆီးရေးလုပ်ငန်းများကို အတူတကွ လက်တွဲဆောင်ရွက်သွားမည်ဟု ဗီယက်နမ်သတင်းဌာနက ကြာသပတေးနေ့တွင် ထုတ်ပြန်ကြေညာခဲ့သည်။ နှစ်နိုင်ငံ ကျန်းမာရေးဝန်ကြီးများက ကာကွယ်တားဆီးရေးနှင့်ပတ်သက်၍ နားလည် မှုသဘောတူစာချုပ်တခုကို လက်မှတ်ရေးထိုးခဲ့သည်။ စာချုပ်အရ နှစ်နိုင်ငံအကြား သုတေသနလုပ်ငန်းအတွက် ဓာတ်ခွဲစစ်ဆေးမည့်နမူနာများ အပြန်အလှန်ဖလှယ်ရေး၊ ဆေးသိပ္ပံပညာရှင်ကိုယ်စားလှယ်အဖွဲ့များ အပြန်အလှန်စေလွှတ်ရေး၊ သက်ဆိုင်ရာနှီးနှောဖလှယ်ပွဲများ, သင်တန်းများ စုစည်းကျင်းပခြင်း၊ ကြက်ငှက်တုပ်ကွေးကာကွယ်ရေး အစီအစဉ်များရေးဆွဲခြင်း၊ လူလူချင်းကူးစက်ပြန့်ပွားသည့် ကြက်ငှက်တုပ်ကွေး ရောဂါနှိမ်နင်းရေးအတွက် အကြိုလေ့ကျင့်မှုများ ဆောင်ရွက်ရေးတို့ကို အတူတကွ ပူးပေါင်းလုပ်ဆောင်ကြမည်ဟု သတင်းဌာနက ဆက်လက်ပြောကြားခဲ့သည်။

ရောဂါကူးစက်ဖြစ်ပွားလာပါကလည်း ဗီယက်နမ်နိုင်ငံက လာအိုနိုင်ငံကိုကူညီသွားမည်ဟု ဖြည့်စွက်ပြောကြားခဲ့သည်။ ဗီယက်နမ်နိုင်ငံတွင် ကြက်ငှက်တုပ်ကွေးရောဂါစတင်ဖြစ်ပွားသည့် ၂၀၀၃ခုနှစ် ဒီဇင်ဘာလကတည်းက (၃၂)နေရာတွင် (၄၂)ဦးအသေအပျောက်ရှိမှုအပါအဝင် ကြက်ငှက်တုပ်ကွေးဖြစ်ပွားသည့် လူနာ(၉၃)ဦးကို စုံစမ်းသိရှိခဲ့သည်။ ၂၀၀၅ခုနှစ် နိုဝင်ဘာလကတည်းက ရောဂါအသစ်ဖြစ်ပွားသည့် လူနာများကို ထပ်မံမတွေ့ရှိခဲ့ဟု ဆိုသည်။ လာအိုနိုင်ငံတွင် ကြက်ငှက်တွေကြား ကြက်ငှက်တုပ်ကွေး ရောဂါဖြစ်ပွားမှုကို ဇူလိုင်လတွင် မြို့တော်ဗီယန်ကျင်း၌ တွေ့ရှိခဲ့သည်။ ယခုလစောစောပိုင်းက ရောဂါကိုထိန်းချုပ်ရေးအတွက် အခြေခံကျသည့်လုပ်ငန်းများကို ဆောင်ရွက်ရန် တိုင်းပြည်သို့ကြေညာခဲ့သည်။ ■

26.8.06 / Xinhua

စာမျက်နှာ (၁၃)မှအဆက်...

လေးတွေ ဘယ်လိုများ ပျော်ဝဲနေကြမလဲ။ အဲဒီလူကုံတန် အသိုင်းအဝိုင်းက လူအများဆုံး ကျက်စားသူတွေက န.အ.ဖ ရဲ့ စစ်ထောက်လှမ်းရေး ဗိုလ်ချုပ်ကြီးများပဲပေါ့။ အိမ်မှာ မိန်းမရှိပါလျက် ဖောက်ပြန်ချင်တိုင်း ဖောက်ပြန်နေကြတာ။ ပြည်သူတွေဆီက ဂုတ်သွေးစုပ်ရသမျှ အိပ်ကပ်ထဲထည့်ပြီး အပျော်ကျူးနေကြတဲ့ စစ်ဘီလူးတွေနဲ့ သူတို့ရဲ့ မျိုးဆက်တွေဖြစ်မယ်ဆိုတာ ဗေဒင်မေးစရာမလိုပါဘူး။

မြန်မာပြည်မှာကလည်း ‘လုပ်စားတော့ မိုးခေါင်၊ ခိုးစားတော့ ခွေးဟောင်’ဆိုတာဖြစ်နေပြီး မိဘတွေဟာ သားသမီးတွေကို ပညာဆုံးခန်းတိုင်အောင် မသင်ပေးနိုင်တဲ့အပြင် အရွယ်ရောက်လာတော့လည်း သူများနဲ့ တန်းတူမထားနိုင်တော့ သမီးမိန်းကလေးတွေ မပျက်စီးသင့်ဘဲ ပျက်စီးနေကြရတယ်။ တချို့ဆို သူတပါးတိုင်းပြည်ထဲ ရောင်းစားခံရတဲ့ အဆင့်အထိပါပဲ။ ဒီကြားထဲ မိဘက အလုပ်အကိုင် အဆင်မပြေတော့ သားသမီးလုပ်စာ ထိုင်စားရင်း သားသမီးတွေကို ဒီလမ်းကို တွန်းပို့နေသလို ဖြစ်နေတာ။ ခါးစာခံဖြစ်ရတဲ့ သမီးမိန်းကလေးတွေအဖို့တော့ ရင်လေးစရာပဲ။

နောက်တနေ့ရောက်တော့လည်း အခြေအနေဟာ ပုံမှန်အတိုင်းလိုပါပဲ။ စားကြ၊ သောက်ကြ ငြင်းခုံနေကြတယ်။ လက်ပံပင်ပေါ် နားနေကြတဲ့ ဆက်ရက်တွေလိုပါပဲ။ ကျမလည်း အပေါက်ဝကနေ လစ်ရင်လစ်သလို သွားချောင်းကြည့်နေမိစဉ်မှာ အကျဉ်းသူတယောက်ရဲ့ ပြောသံကိုကြားမိတယ်။ ‘ဟိုအဖွဲ့က ကောင်မလေးတော့ ညက ရှော(သေ)သွားပြီ’ တဲ့။ နောက်တယောက်က ‘အကျဆောင်ဘက်မှာ သုံးလောင်း လေးလောင်းပဲ။ အေအိုင်ဒီအက်စ် ရောဂါနဲ့ ဆုံးလို့ ညက ကတ်နဲ့ ထုတ်သွားတယ်’တဲ့။ ဒီလိုနဲ့ ညစဉ်ညတိုင်း အမည်မသိတဲ့ မိန်းကလေးတွေ၊ မိသားစုနဲ့ ကင်းကွာခဲ့တဲ့ မိန်းကလေးတွေ ဘယ်လောက်များ သေနေကြပြီလဲဆိုတာ စဉ်းစားကြည့်မိတယ်။ အပြင်လောကကို ကြည့်ရင်တော့ ဆည်းဆာအချိန်လေးဟာ သာယာနေသလိုနဲ့ ဆည်းဆာအလွန် မှောင်ရီပျိုးချိန်မှာတော့ ညဥ့်ငှက်မလေးတွေဟာ အိပ်တန်းပြန်ချိန် ဘယ်လောက်များ ခါးသီးရင်နာစရာကောင်းလိုက်မလဲ။

ကျမငေးမောမိတဲ့ ဆည်းဆာအချိန်လေးဟာ သာယာမလိုနဲ့ အရုပ်ဆိုး အကျည်းတန်နေသလိုခံစားမိတယ်။ စစ်ဗိုလ်ချုပ်ကြီးများရဲ့ တည်ဆောက်ပြုပြင် မြန်ပြည်တခွင်ကာလမှာ မြန်မာနိုင်ငံဟာ တက္ကသိုလ်ဘယ်နှစ်ခု၊ ဆေးရုံဘယ်နှစ်ခု၊ ရေကာတာဘယ်နှစ်ခုနဲ့ ပိပိရိရိလိမ်ညာနေတဲ့အချိန်မှာ အိပ်ချ်အိုင်ဗွီ/ အေအိုင်ဒီအက်စ်ရောဂါဆိုးကြီးထဲ ဆွဲချခံရတဲ့မြန်မာသမီးပျိုမိန်းကလေးတွေ ဘယ်လောက်များတောင်ရှိနေပြီလဲ။အကျဉ်းစံဘဝမှာကော အပြင်မှာပါ ညဥ့်ငှက်မလေးတွေရဲ့ ခမ်းနားကြီးကျယ်တဲ့နေရာရော၊ မီးရောင်မှိန်မှိန်အောက်မှာပါ သူတို့ရဲ့အိပ်တန်းပြန်ချိန်ဟာ မီးစာကုန်လို့ ဆီခန်းချိန်မှာ တဖြုတ်ဖြုတ်နဲ့ ဘယ်လောက်များ ကြွေနေကြမလဲ။ အဆောင်ပိတ်ချိန်၊ ထောင်ပိတ်ချိန်တွေမှာ ရောက်ရောက်လာတတ်တဲ့ ညဥ့်ငှက်မလေးတွေရဲ့ မပြီးဆုံးနိုင်တဲ့ အပြန်လမ်း ဓာတ်လမ်းတွဲကို ကျမ အဆုံးသတ်ချင်လှပါပြီ။ ဒီဇာတ်လမ်းတွဲကို အဆုံးသတ် မနိုင်မချင်း ကျမတို့အမျိုးကောင်းသားသမီးတွေရဲ့ ဘဝဟာ ရေတိမ်နစ်ပြီးရင်း နစ်ပြန်ဦးတော့မှာပါ။ ‘အိပ်ချ်အိုင်ဗွီ/ အေအိုင်ဒီအက်စ်ကြောင့် သမီးဆုံးသွားတယ်’လို့ အားလုံးက ပြောနေကြတယ်။ တကယ်က သမီးတို့ကို သတ်တာ အိပ်ချ်အိုင်ဗွီ/ အေအိုင်ဒီအက်စ်ရောဂါ မဟုတ်ပါဘူးသမီးရယ်။ ■

သီတာထွေး(ဖြူး)

အေအိုင်ဒီအက်စ်တိုက်ဖျက်ရေးအတွက် မြန်မာနိုင်ငံကိုရန်ပုံငွေပေးမည်ဟုဩစတေးလျကတိပြု

AusAID
The Australian Government's
Overseas Aid Program

ဩစတြေးလျနိုင်ငံသည် မြန်မာနိုင်ငံ၏ အိပ်ချ်အိုင်ဗွီ/ အေအိုင်ဒီအက်စ်ရောဂါ၊ တီဘီအဆုတ်နာရောဂါနှင့် ငှက်ဖျားရောဂါ တိုက်ဖျက်ရေး (၅)နှစ်တာစီမံကိန်းအတွက် အမေရိကန်ဒေါ်လာ ၁၁.၄သန်း ကူညီမည်ဟု သတင်းရရှိသည်။ ဩစတြေးလျအစိုးရသည် ၎င်း၏ နိုင်ငံတကာအကူအညီပေးရေး အေဂျင်စီ (AusAID) မှတဆင့် ရောဂါ(၃)မျိုးတိုက်ဖျက်ရေး ရန်ပုံငွေကို ထည့်ဝင်ပေးအပ်မည်ဟုသိရသည်။ နိုင်ငံခြားရေးဝန်ကြီး အလက်ဇန္ဒားဒေါင်နာ က မြန်မာနိုင်ငံသည် အာရှတွင် အိပ်ချ်အိုင်ဗွီ/ အေအိုင်ဒီအက်စ်ဖြစ်ပွားမှု ဒုတိယအများဆုံးဖြစ်ပြီး တီဘီရောဂါနှင့် ငှက်ဖျားရောဂါသည် ပြည်တွင်းနာမကျန်းဖြစ်မှုများ၏ အဓိကအကြောင်းတရားများဖြစ်သည်ဟု ပြောကြားသည်။ အရေးကြီးသည့် ကာကွယ်ရေး၊ ကုသမှု၊ ပြုစုစောင့်ရှောက်မှု လိုအပ်သည့် နေရာများသို့ ကုလသမဂ္ဂ၊ နိုင်ငံတကာ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာ မြို့ပြလူမှုရေးအသင်းအဖွဲ့များ၊ မြို့နယ်အသင်းအဖွဲ့များမှတဆင့် ရန်ပုံငွေ အသစ်ကို ထောက်ပံ့ပေးသွားမည်ဟု သူက ပြောကြားသည်။

ဩစတြေးလျ၊ ဗြိတိန်၊ ဥရောပ ကော်မရှင်၊ နယ်သာလန်၊ နော်ဝေ နှင့် ဆွီဒင်နိုင်ငံတို့ပါဝင်သည့် အလှူရှင် ခြောက်နိုင်ငံအဖွဲ့က ရောဂါသုံးမျိုးတိုက်ဖျက်ရေးရန်ပုံငွေအဖွဲ့ကို ထူထောင်ခဲ့သည်။ ရန်ပုံငွေလည်ပတ်မှု အဆင်ပြေချောမွေ့စေရေးအတွက် နိုင်ငံတကာ အသိအမှတ်ပြု လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်ရန် မြန်မာအာဏာပိုင်များက သဘောတူညီခဲ့သည်ဟု မစ္စတာ ဒေါင်နာက ပြောကြားသည်။ ကုလသမဂ္ဂကမ္ဘာ့ကျန်းမာရေးအဖွဲ့အစည်း၏ လက်ရှိအဆင့်သတ်မှတ်ချက်တွင် မြန်မာနိုင်ငံသည် အစိုးရကျန်းမာရေး စောင့်ရှောက်မှုပေးသည့် အနေအထားတွင် ဖွံ့ဖြိုးဆဲ တိုင်းပြည်များအနက် ဒုတိယအဆိုးဆုံး တိုင်းပြည်ဖြစ်သည်ဟု သူကဆက်လက် ပြောကြားသည်။ ■

18.8.06 / ABC Radio Australia

အိပ်ချ်အိုင်ဗွီပိုးရှိနေသော မြန်မာရွှေ့ပြောင်းအလုပ်သမားများ၏ ကိုယ်တွေ့ဖြစ်ရပ်များ
လေကိုဆန်၍
ဒေါက်တာသီဟမောင်မောင်
ခိုင်မာကျော်ဇော
ထွက်ပြီ
မှာယူဖတ်ရှုလိုပါက ...
Mae Tao Clinic
P.O Box 67
Mae Sot, Tak 63110, Thailand

လူတွင်ဖြစ်ပွားသည့်ကြက်ငှက်တုပ်ကွေးရောဂါဖြစ်စဉ်ကို နောက်ထပ်တွေ့ရှိကြောင်းအင်ဒိုနီးရှားအတည်ပြုပြောကြား

အင်ဒိုနီးရှားနိုင်ငံ အနောက်ဂျာဗားကျွန်းမှ (၆)နှစ်အရွယ် မိန်းကလေးတဦးသည် နိုင်ငံတွင် နောက်ဆုံးဖြစ်ပွားသည့် ကြက်ငှက်တုပ်ကွေးရောဂါသည်ဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ကြာသပတေးနေ့တွင် အတည်ပြုပြောကြားခဲ့သည်။ ဂျာကာတာနှင့် ကပ်လျက်ရှိသည့် ဘီကာစီမှ မိန်းကလေးသည် အယောက်(၆၀)မြောက် ကြက်ငှက်တုပ်ကွေးရောဂါသည်ဖြစ်သည်။ ရောဂါသည်(၆၀)အနက် (၄၆)ယောက်သေဆုံးခဲ့ပြီး ကမ္ဘာပေါ်တွင် သေဆုံးမှုအများဆုံး အရေအတွက်ဖြစ်ကြောင်း သိရသည်။ မိန်းကလေးသည် ရောဂါလက္ခဏာများ ဖြစ်ပေါ်လာပြီး လွန်ခဲ့သည့်(၅) ရက်က ဆေးရုံသို့တင်ပို့ခဲ့ကြောင်း ဩဂုတ်လ (၆)ရက်နေ့က ထုတ်ပြန်သည့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြေညာချက်တွင် ဖော်ပြခဲ့သည်။

'သူမရဲ့အခြေအနေဟာ တိုးတက်မှုရှိနေပါတယ်'ဟု ဆူလီတာနီဆာရိုဆိုဆေးရုံမှ ပြောရေးဆိုခွင့်ရှိသူ အီလ်ဟမ်ပါတူးက အေအက်ဖ်ပီသို့ ပြောကြားခဲ့သည်။ ရောဂါကူးစက်သည့်ဇာစ်မြစ်ကို စုံစမ်းစစ်ဆေးဆဲဖြစ်သည်ဟု ဒဗလျူအိပ်ချ်အိုကပြောကြားခဲ့သည်။ ကမ္ဘာ့စတုတ္ထလူဦးရေအများဆုံးနိုင်ငံဖြစ်သည့် အင်ဒိုနီးရှားနိုင်ငံသည် H5N1ဗိုင်းရပ်စ်ပိုးပျံ့နှံ့မှုနှင့် နပန်းလုံးနေရဆဲဖြစ်သည်။ ဗိုင်းရပ်စ်ပိုးသည် လူတွေကြားထဲတွင် အလွယ်တကူပျံ့နှံ့ခြင်းမရှိသော်ငြား ရောဂါကူးစက်သည့် ငှက်များကို ဖမ်းဆီးကိုင်တွယ်သူများတွင် ရောဂါပိုးကူးစက်မှုကို မြင့်တက်စေသည့် ဗိုင်းရပ်စ်ပိုး၏ သန္ဓေပြောင်းလဲမှု အခွင့်အရေး ပိုမိုဖြစ်ပွားစေမည်ဟု သိရသည်။ သိပ္ပံပညာရှင်များက လူအမြောက်အမြားကို သေကြေပျက်စီးစေနိုင်သည့် ကမ္ဘာလုံးဆိုင်ရာ ကြက်ငှက်တုပ်ကွေးကပ်ဆိုးကြီးတခု ဖြစ်ပွားလာမည်ကို ကြောက်ရွံ့စိုးရိမ်နေကြသည်။ ■

24.8.06 / AFP

ရဲအရာရှိတွေမှာအိပ်ချ်အိုင်ဗွီပိုးတွေ့ရှိ

အင်ဒိုနီးရှားနိုင်ငံ မြောက်ဆုမတ်တြားရဲဌာန၏ ဆေးအဖွဲ့တဖွဲ့က ရဲအရာရှိ(၅)ဦးတွင် အိပ်ချ်အိုင်ဗွီပိုး စမ်းသပ်တွေ့ရှိခဲ့ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။ ဆေးအဖွဲ့ခေါင်းဆောင် ဒေါက်တာအက်ဒီရာဟာဂျာက ရဲအရာရှိအားလုံးကို ပုံမှန်သွေးစစ်ဆေးစမ်းသပ်မှုပြုလုပ်ပြီးနောက် ရဲအရာရှိ(၅)ဦးတွင် အိပ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ်ပိုးကိုတွေ့ရှိခဲ့ကြောင်း ပြောကြားခဲ့သည်။

သူက ရဲအရာရှိ (၅)ဦးစလုံး ဘာရန်ကာရာ ရဲဆေးရုံတွင် ကုသမှု ခံယူခဲ့ကြောင်းနှင့် ဆက်လက်ကုသမှုခံယူသွားမှာဖြစ်ကြောင်း ပြောကြားခဲ့သည်။ မေဒန်မြို့ကျန်းမာရေးဌာန ဦးစီးအရာရှိ အူမာဇိန်းက ကျောင်းသားများနှင့် မြို့ပြအလုပ်သမားတွေ အပါအဝင် အခြားလူတော်တော်များများတွင်လည်း အိပ်ချ်အိုင်ဗွီပိုး တွေ့ရှိရကြောင်း ပြောကြားခဲ့သည်။

မေဒန်မြို့ကြီးတွင် ယခုနှစ် ဇန်နဝါရီလမှ ဇွန်လအထိ လူ(၂၀၀)ခန့်သည် အိပ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက် စ်ရောဂါခံစားနေရပြီး ၎င်းတို့အနက်မှ (၂၆)ဦးသေဆုံးခဲ့ကြောင်း မှတ်တမ်းများအရသိရသည်။ အူမာက ၆၀ရာခိုင်နှုန်းသည် ဆေးထိုးဆေးသွင်းခြင်းမှ ကူးစက်ခြင်းဖြစ်ပြီး ၄၀ရာခိုင်နှုန်းသည် လိင်ဆက်ဆံခြင်းမှ ကူးစက်ခြင်းဖြစ်သည်ဟု ပြောကြားခဲ့သည်။ 'အိပ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ်ရောဂါဖြစ်ပွားနေတဲ့ လူအများစုဟာ အသက်(၂၀)နဲ့(၃၀)ကြား အရွယ်တွေဖြစ်တယ်'ဟု သူကဆက်လက်ပြောကြားခဲ့သည်။ ■

25.8.06 / The Jakarta Post.com

တရုတ်ပြည်တွင်ကလေးများအတွက် အေအိုင်ဒီအက်စ်ဆေးဝါးများ ဆိုးဆိုးဝါးဝါးလိုအပ်နေ

တရုတ်ပြည်တွင် ကလေးများအတွက် အေအိုင်ဒီအက်စ်ဆေးဝါးများ ဆိုးဆိုးဝါးဝါးလိုအပ်နေပြီး အိပ်ချ်အိုင်ဗွီပိုးရှိသူ ကလေးငယ် အများစုသည် လူကြီးသောက်သုံးသည့် ဆေးဝါးများ သောက်သုံးနေရခြင်း သို့မဟုတ် ကုသမှုလုံးဝမရရှိသည့် အနေအထားနှင့် ကြုံတွေ့နေရသည်ဟု ပါရဂူများက ထုတ်ဖော်ပြောကြားခဲ့သည်။

'အိပ်ချ်အိုင်ဗွီ/ အေအိုင်ဒီအက်စ်ရောဂါ ခံစားနေရတဲ့ တရုတ်ကလေးငယ် အတော်များများဟာ သင့်တော်တဲ့ဆေးဝါးတွေ သောက်သုံးခွင့်မရကြဘူး'ဟု အေအိုင်ဒီအက်စ် ဝေဒနာသည်ကလေးငယ်များအတွက် ဆောက်လုပ်ဆဲ ပီကင်းနွေရာသီစခန်းတခုတွင် ကလေးငယ်များ စောင့်ရှောက်ရေး တရုတ်အမျိုးသားကော်မတီ ဒုတိယပြန်ကြားရေးမှူး လီကွီမင်းက ပြောကြားခဲ့သည်။ 'ကလေးငယ်အတော်များများဟာ လူကြီးအတွက် ဖော်စပ်ထားတဲ့ ဆေးတွေကို သောက်နေရတဲ့အတွက် အော့အန်ခြင်း၊ အဖျားတက်လာခြင်း ဝေဒနာတွေကို အပြင်းအထန် ခံစားနေရတယ်'ဟု လီက ပြောကြားခဲ့သည်။

တရုတ်ပြည်တွင် တရားဝင်ထုတ်ပြန်မှုအရ အိပ်ချ်အိုင်ဗွီ ဝေဒနာသည် ကလေးငယ်ပေါင်း (၁၅၃၅)ဦးရှိသည်။ သို့ရာတွင် ကျန်းမာရေးဆိုင်ရာ ကျွမ်းကျင်သူများ၏အဆိုအရ အမှန်တကယ် ရောဂါပိုးကူးစက်သည့် ကလေးအရေအတွက်သည် (၉၀၀၀) ကျော် ရှိသည်ဟု တရုတ်ယူနီဆက်မှ ကျန်းမာရေးအရာရှိတဦးဖြစ်သူ လူဝမ်ကျင်းက ပြောကြားခဲ့သည်။ 'ကလေးတွေရဲ့ ရှင်သန်မှုအတွက် အာမခံချက်ရှိဖို့ ဆေးတွေဟာ အလွန်အရေးကြီးပါတယ်၊ အတိမ်းအစောင်းမခံပါဘူး'ဟု လူကပြောကြားခဲ့သည်။ နိုင်ငံရပ်ခြားကတင်သွင်းလာသည့် ကလေးသောက်သုံးသည့် အေအိုင်ဒီအက်စ်ဆေးဝါးများသည် တရုတ်ပြည်တွင် ကာလတိုအတွက်သာ အထောက်အပံ့ဖြစ်စေသည်ဟု ဖြည့်စွက်ပြောကြားခဲ့သည်။ လွန်ခဲ့သည့်နှစ်က အမေရိကန် ကလင်တန်ဖောင်ဒေးရှင်းသည် အိပ်ချ်အိုင်ဗွီ/ အေအိုင်ဒီအက်စ်ရောဂါ တိုက်ဖျက်ရေးအတွက် ကလေးသောက်ဆေး ပထမအသုတ်ကို တရုတ်ပြည်သို့ထောက်ပံ့ခဲ့သည်။ အဆိုပါထောက်ပံ့မှုက ဟိုင်နန်၊ ယူနန်ခရိုင်များရှိ အေအိုင်ဒီအက်စ်ဝေဒနာ ပြင်းပြင်းထန်ထန်ခံစားနေရသည့် ကလေးငယ်(၂၅၀)ဦးအတွက် အကျိုးဖြစ်စေခဲ့သည်။

တရုတ်ပြည်တွင် အိပ်ချ်အိုင်ဗွီ / အေအိုင်ဒီအက်စ်ရောဂါ ဖြစ်ပွားနေသည့် လူဦးရေသည် ၈၄၀၀၀၀ မှ ၆၅၀၀၀၀ သို့ ပြန်လည် လျော့ကျသွားခဲ့သည်ဟု ခန့်မှန်းသိရှိရသည်။ ဖြစ်ပွားသူအများစုသည် မသန့်ရှင်းသည့် သွေးသွင်းခြင်း (သို့) မူးယစ်ဆေးကို အကြောထဲသို့ ထိုးသွင်းခြင်းမှ ကူးစက်ခြင်းဖြစ်သည်ဟုသိရသည်။ ■

11.8.06 / Xinhua

ဗီယက်နမ်နိုင်ငံတွင် အိပ်ချ်အိုင်ဗွီ/အေအိုင်ဒီအက်စ်ရောဂါကို ကာကွယ်တားဆီးရန်အသေးစားဟိုတယ်များတွင်ကွန်ဒုံးရောင်းချခွင့်ပြု

ဗီယက်နမ်နိုင်ငံတွင် အိပ်ချ်အိုင်ဗွီ/ အေအိုင်ဒီအက်စ်ရောဂါကို ကာကွယ်တားဆီးရန် အသေးစားဟိုတယ်များတွင်ကွန်ဒုံးများရောင်းချခြင်း (သို့) အခမဲ့ဝေငှခြင်းကို လာမည့် ဇန်နဝါရီလမှစ၍ ပထမဆုံးအကြိမ်အဖြစ် ခွင့်ပြုတော့မည်ဟု ဒေသဆိုင်ရာသတင်းစာ ဗီယက်နမ်နယူးစ်က ကြာသပတေးနေ့တွင် သတင်းရေးသားဖော်ပြခဲ့ သည်။ ၂၀၀၇ခုနှစ် ဇန်နဝါရီလ(၁)ရက်နေ့မှ စတင်အကျိုးသက်ရောက်မှုရှိမည့် အိပ်ချ်အိုင်ဗွီ/ အေအိုင်ဒီအက်စ် ဥပဒေတခုအရ ဗီယက်နမ်နိုင်ငံတွင် အန္တရာယ်လျော့ကျစေမည့်နည်းလမ်းတခုအဖြစ် ကွန်ဒုံးများရောင်းချခြင်း၊ ဖြန့်ဖြူးခြင်းကို ခွင့်ပြုတော့မည်ဖြစ်သည်။ ယခုအခါတွင်မူ အသေးစား ဟိုတယ်အများစုသည် ပြည့်တန်ဆာလုပ်ငန်းလုပ်ကိုင်ခြင်းကို အကာအကွယ်ပေးထားသည့်အတွက် အသေးစားဟိုတယ်များတွင် ကွန်ဒုံးများရောင်းချခြင်း၊ ဖြန့်ဖြူးခြင်းကို ခွင့်မပြုပေ။

ပြည့်တန်ဆာများ၊ ငွေပေးပြီး လိင်ဆက်ဆံသူများအပြင် စုံတွဲတော်တော်များများပါ အသေးစားဟိုတယ်များရှိအခန်းများကို ငှားရမ်းတည်းခိုသည့်အတွက် မလိုလားအပ်သည့် ကိုယ်ဝန်ရရှိမှုများနှင့် လိင်မှတဆင့်ကူးစက်သည့် ရောဂါများ မရရှိစေရန်အတွက် ကွန်ဒုံးများကို တရားဝင် ရောင်းချခြင်း၊ ဖြန့်ဖြူးခြင်းပြုလုပ်ရန် လိုအပ်သည်ဟု ဒေသဆိုင်ရာကျွမ်းကျင်ပညာရှင်များက ပြောကြားခဲ့သည်။ အိပ်ချ်အိုင်ဗွီ/ အေအိုင်ဒီအက်စ်ရောဂါဆိုင်ရာ ကုလသမဂ္ဂ ပူးပေါင်းဆောင်ရွက်ရေးအစီအစဉ် (UNAIDS) ၏အစီရင်ခံစာအရ ဗီယက်နမ်နိုင်ငံတွင် မကြာသေးမီနှစ်များအတွင်းက အိပ်ချ်အိုင်ဗွီပိုး ကူးစက်ခံရသူဝေဒနာသည်အသစ်ပေါင်း ခန့်မှန်းခြေ (၃၉၀၀၀) တွေ့ရသည်ဟုဆိုသည်။ ယခုအခါတွင် ဗီယက်နမ်လူမျိုး (၃)သိန်းခန့်သည် အိပ်ချ်အိုင်ဗွီ/ အေအိုင်ဒီအက်စ်ရောဂါခံစားရလျက်ရှိပြီး အများစုသည် ဆေးစွဲသူများ၊ ပြည့်တန်ဆာများနှင့် လိင်တူဆက်ဆံသူများအပါအဝင် ရောဂါပိုး ကူးစက်ရန် အခွင့်အလမ်းများသည့် အုပ်စုများဖြစ်ကြသည်ဟု ဆိုသည်။

ဗီယက်နမ်နိုင်ငံသည် ၂၀၁၀ ခုနှစ်တွင် လူဦးရေ(၈၃)သန်း အနက် အိပ်ချ်အိုင်ဗွီ/ အေအိုင်ဒီအက်စ်ရောဂါ ကူးစက်မှုနှုန်းကို ၀.၃ ရာခိုင်နှုန်းသို့လျော့ကျအောင် ဆောင်ရွက်မည်ဖြစ်ပြီး ၂၀၂၀ ခုနှစ် ပြည့်ပြီးသည်အထိ အဆိုပါနှုန်းထားကို အပြောင်းအလဲမရှိအောင် ထိန်းထားရန် စီစဉ်နေသည်ဟု သိရသည်။ ■

12.8.06 / Xinhua

ဆေးသတင်းအတို့အထွာ
ကိုလတ် တင်ဆက်သည်။

၂၀၁၀ခုနှစ်တွင် အေအိုင်ဒီအက်စ်ရောဂါကြောင့် ကလေး ၂၅သန်းခန့် မိဘမဲ့ဖြစ်ဖွယ်ရှိ

အိပ်ချ်အိုင်ဗွီ၊အေအိုင်ဒီအက်စ် ရောဂါကြောင့် ၂၀၁၀ခုနှစ်တွင် ကလေး (၂၅)သန်းခန့် မိဘမဲ့ ဖြစ်နိုင်ချေရှိသည်ဟု အာဖရိက ဆေးဘက်ဆိုင်ရာကျွမ်းကျင်သူ တဦးက အင်္ဂါနေ့တွင်ပြောကြား ခဲ့သည်။ ယီနာဂိုအာတွင်ကျင်းပ ပြုလုပ်သည့် နိုင်ဂျီးရီးယားဆေး ပညာရှင်များအသင်း နှစ်ပတ် လည် ညီလာခံတွင် အော်စတင် ကိန်းဂဏန်းများကို ထုတ်ပြန် ကြေညာခဲ့ခြင်းဖြစ်သည်။ ကမ္ဘာ့ ကျန်းမာရေးအဖွဲ့၏ ထုတ်ပြန် ကြေညာချက်အရ လက်ရှိအချိန် တွင် မိဘမဲ့ဖြစ်နေသည့်ကလေး (၁၃)သန်းရှိကြောင်း သိရသည်။

'ကမ္ဘာ့တဝန်းသေဆုံးတဲ့လူဦး ရေရဲ့ ၇.၇ရာခိုင်နှုန်းနဲ့ နို့စို့ကလေး အရွယ်သေဆုံးမှုရဲ့ ၁၉ ရာခိုင်နှုန်း ဟာ အေအိုင်ဒီအက်စ် ရောဂါ ကြောင့်ဖြစ်တယ်'ဟု အိုမ္မိုက်ဘီ ရေးလ်က ပြောကြားခဲ့သည်။ 'ဖွံ့ ဖြိုးဆဲနိုင်ငံတွေမှာ ကလေး အ မြောက်အမြားဟာ သူတို့ရဲ့အမေ တွေဆီကနေ နေ့စဉ်ဗိုင်းရပ်စ်ပိုး တွေ ကူးစက်နေတယ်။ အမိက အားဖြင့် ကိုယ်ဝန်ဆောင်ချိန်၊ မီးနေချိန်၊ ကလေးမွေးဖွားချိန်နဲ့ နို့တိုက်ချိန်တွေမှာ အမေကနေ ကလေးဆီကို ကူးစက်ခြင်းဖြစ် တယ်'ဟု အော်စတင်အိုမ္မိုက်ဘီ ရေးလ်က ဆက်လက်ပြောကြား ခဲ့သည်။

25.8.06 / The Advocate.com

ယောကျ်ားများတွင် လိင်တံထိပ်အရေပြားဖြတ်ခြင်းသည် အိပ်ချ်အိုင်ဗွီပိုး ကူးစက်မှု တားဆီးရေးကို အထောက်အကူဖြစ်စေနိုင်

နိုင်ငံတကာ အေအိုင်ဒီအက်စ် ညီလာခံကို တက်ရောက်လာကြ သည့် ကျွမ်းကျင်ပညာရှင်များ က အရွယ်ရောက်သည့် အမျိုး သားများတွင် လိင်တံထိပ်အရေ ပြား ဖြတ်ခြင်းသည် အိပ်ချ်အိုင် ဗွီပိုး ကူးစက်မှုကို တားဆီးရာ တွင် အရေးကြီးသည့် လက်နက် သဖွယ်ဖြစ်စေနိုင်သည်ဟု ပြော ကြားသည်။ လေ့လာဆန်းစစ်မှု များအရ လိင်တံအရေပြား ထိပ် ဖြတ်သည့်နှုန်း မြင့်မားသည့် အာဖရိကနိုင်ငံအချို့တွင် အိပ်ချ် အိုင်ဗွီအေအိုင်ဒီအက်စ်ကူးစက်မှု နှုန်း ပိုမိုလျော့နည်းမှု ရှိတာကို တွေ့ရသည်ဟု ဆိုသည်။ အဆို ပါ အနေအထားနှစ်ခု ဆက်စပ် မှု ရှိ/မရှိ ဆုံးဖြတ်ချက်ချနိုင်ရန် အာဖရိကတွင် စမ်းသပ်စစ်ဆေး မှု အမြောက်အမြားကို ပြုလုပ် နေဆဲ ဖြစ်သည်။

သို့ရာတွင် ကျွမ်းကျင်ပညာရှင် များက ထိုသို့လုပ်ဆောင်မှုသည် ရောဂါကာကွယ်တားဆီးရေးကို အထောက်အကူပြုလျှင်တောင်မှ လိင်တံထိပ်အရေပြားဖြတ်ခြင်း ကို ကျယ်ကျယ်ပြန့်ပြန့် ဆောင် ရွက်ရန် အရေးပါသည့်ယဉ်ကျေး မှုနှင့် ဆေးဘက်ဆိုင်ရာ အတား အဆီးများ ရှိနေဆဲဖြစ်သည်ဟု ပြောကြားသည်။ UNAIDS မှနည်း ပညာအကြံပေးအရာရှိချုပ်ကက် သရင်းဟန်ကင်စ်က လိင်တံထိပ် အရေပြားဖြတ်ခြင်းသည် နိုင်ငံ အတော်များများတွင် ယောကျ်ား ပီသမှုဆိုသည့် အချက်အချာ နေ ရာကိုဖြတ်ထုတ်ပစ်သည့် နက်နဲ သည့်ပုဂ္ဂိုလ်ရေးဆိုင်ရာ လုပ်ထုံး လုပ်နည်းတခုအဖြစ်ယူဆလျက် ရှိသည်ဟု ပြောကြားခဲ့သည်။ သူမက လိင်တံထိပ်အရေပြား ဖြတ်ခြင်းသည် ယောကျ်ားများ အတွက် လုံခြုံမှုရှိစေသည် ဟူ သည့်မှားယွင်းသည့်အသိအမြင် တခုကိုပေးနိုင်ပြီး အမျိုးသမီး များကိုလည်း ရောဂါကူးစက် ခြင်းမှ ကာကွယ်မှုမပေးနိုင်ဟု ဆက်လက်ပြောကြားခဲ့သည်။

18.8.06 / Cnews Canada

နိုက်တင်ဂေးလ်ကာတွန်း

ငွေကြေးနှင့်မူးယစ်ဆေးဝါးအတွက် ဆယ်ကျော်သက်များ လိင်ကိုပေးဆပ်နေကြရ

မကြာသေးမီက လေ့လာမှုတ ခုတွင် သုတေသနပညာရှင်များ က ဆယ်ကျော်သက် (၁၃၀၀၀) ကျော်ကို အင်တာဗျူးလုပ်ခဲ့ရာ သူတို့အထဲမှ(၃)ရာခိုင်နှုန်းကျော် သည် သူတို့သုံးစွဲချင်သည့် ငွေ ကြေး (သို့) မူးယစ်ဆေးဝါးအ တွက် လိင်ကိုအနည်းဆုံး တကြိမ် ခန့် ပေးဆပ်ခဲ့ကြပြီး ဖြစ်သည် ဟုသိရသည်။ထို(၃)ရာခိုင်နှုန်း၏ သုံးပုံနှစ်ပုံနီးပါးသည်ယောကျ်ား လေးများဖြစ်သည်ဟုသိရသည်။ သူတို့သုံးစွဲချင်သည့်အရာသည် မည်သည့် အမျိုးအစားပင်ဖြစ် စေ လိင်အပါအဝင်ကြီးမားသည့် အခွင့်အရေးတခုကို လဲလှယ်ပေး ဆပ်ရမှုနှင့် ဆက်နွယ် နေခဲ့သည် ဟု ဆိုသည်။ ထိုအထဲမှ (၁၀)ရာ ခိုင်နှုန်းသည် လွန်ခဲ့သည့် ရက် (၃၀)အတွင်းက ကိုကင်းသုံးစွဲခဲ့ ကြသည်ဟုပြောကြားခဲ့သည်။

လိင်ကိုအလဲအလှယ် လုပ်ခဲ့ ကြသည့် ဆယ်ကျော်သက်တော် တော်များများသည် လိင်မှတဆင့် ရောဂါပိုးကူးစက်ခြင်း (သို့) ကူး စက်သည့်ရောဂါရှိခဲ့သည်ဟုဆို သည်။အကြမ်းဖျင်းအားဖြင့်အမျိုး သမီး(၂၀)ရာခိုင်နှုန်းခန့်သည် မူးယစ်ဆေးဝါးရရှိရန်အတွက် လိင်ကိုပေးဆပ်ခဲ့ကြရ သည်ဟု လိင်မှတဆင့်ရောဂါပိုး ကူးစက် ခံရသူ(သို့) အိပ်ချ်အိုင်ဗွီပိုးရှိသူ အမျိုးသမီးများက ပြောကြားခဲ့ သည်။ အာဖရိက - အမေရိကန် မျိုးနွယ်စုများ၊စိတ်ခံစားကျဆင်း သူများ၊ ဇာတိအစဉ်အလာပျောက် ဆုံးနေသူများ၊ အထက်တန်း ပ ညာမတတ်သည့် မိဘများနှင့်နေ ထိုင် ကြီးပြင်းကြရသည့် ဆယ် ကျော်သက်များတွင် လိင်လဲလှယ် ပေးဆပ်ရမှုဖြစ်နိုင်ခြေပိုကြီးမား ပြီး အတိတ်ကာလက အိုးအိမ် ကို စွန့်ခွာထွက်ပြေးခဲ့ကြရသည့် ဆယ်ကျော်သက်များတွင်လည်း ဖြစ်နိုင်သည့် အန္တရာယ် ပိုများ သည်ဟုဆိုသည်။

လိင်အလဲအလှယ်ပြုမှုကို ပြ ဌာန်းသည့် အရာ၊ ဖြစ်ရပ်၏ နောက်ကွယ်မှ အကြောင်းတ ရားများ၊ ဖြစ်ပွားသည့် ပတ်ဝန်း ကျင် အခြေအနေနှင့် မူးယစ် ဆေးဝါး သုံးစွဲသည့် မိဘများ ကဲ့သို့ လိင်ပေးဆပ်ရမှုကိုဖြစ်စေ နိုင်သည့် အခြား အကြောင်းတ ရားများကို အနာဂတ်အတွက် တိတိကျကျစစ်ဆေးသုတေသန ပြုရန် အရေးကြီးသည်ဟု လေ့ လာသူ စာရေးဆရာများက ဆို သည်။

11.8.06
Ivanhoe.com

ကျန်းမာရေးဂျာနယ်သို့ ဝေဖန်အကြံပြုစာများ ပေးပို့လိုလျှင်...

အယ်ဒီတာအဖွဲ့
နိုက်တင်ဂေးလ်ကျန်းမာရေးဂျာနယ်
စာကြည့်တိုက်၊ မယ်တော်ဆေးခန်း
မဲဆောက်မြို့။

P.O.Box (21) , Mae Sot , 63110
Tak Province , Thailand
E-mail : ntg05journal@yahoo.com
doctorlunswe@yahoo.com
sorpdb@yahoo.com
Ph : BMA Office - 055544495
Dr Lun Swe - 012841418
Nai Aye Lwin - 095626248